# ဘဏ္ဍာစိုးဆိုင်ရာအကြံပေးချက်များ

## (အယ်လင်ဂျီပို့ကိ်)

– မြေကြီးနှင့်စပ်ဆိုင်သောဘဏ္ဍာကိုရှာဖွေခြင်း

– ကုန်လှောင်ဈေးကစားဖို့ရန်ဆွဲဆောင်ခြင်း

– ကြွေးမြီ၏ရက်စက်မှု

## မာတိကာ


၄၂။ တပ်မက်မောခြင်းဘေးအန္တရာယ် ------------------ ၃

၄၃။ ဘုရားသခင်နှင့်ငွေဘုရားသခင်ကိုအစေခံရန်
ကြိုးစားခြင်း ------------------------------ ၂၁

၄၄။ အကျိုးမဲ့ကဝိမြောက်ဆရာများ ------------------ ၃၄

၄၅။ ဥစ္စာဓနကိုစုသိမ်းခြင်း ------------------------ ၄၄

၄၆။ ကုန်လှောင်ဈေးကစားရန်စုံစမ်းခံရခြင်း ------------ ၅၄

၄၇။ မလိမ္မာသောရင်းနှီးခြင်းများ -------------------- ၆၆

၄၈။ ဝင်ငွေအတွင်းတွင်နေထိုင်ခြင်း ------------------ ၇၃

၄၉။ ဘုရားသခင်၏အမှုတော်အပေါ်၌အသရေပျက်စေခြင်း -- ၈၀

၅၀။ ဆုတောင်းဖို့ရန်ခေါ်ခြင်း (သို့မဟုတ်)
အလုပ်အကိုင်ပြောင်းလဲခြင်း -------------------- ၈၆

၅၁။ အသင်းတော်အဆောက်အအုံများ၏ကြွေးမြီများကို
ရှင်းလင်းခြင်း ---------------------------- ၉၁

၅၂။ အဖွဲ့အစည်းများ၏ကြွေးမြီများကိုရှောင်ရှားခြင်း ---- ၁၀၅

၅၃။ ကုန်ကျစရိတ်ကိုတွက်ချက်ရန်ပျက်ကွက်ခြင်း ------- ၁၁၉

၅၄။ ယုံကြည်ခြင်းဖြင့်ရှေ့သို့ချီတက်ခြင်း ------------ ၁၂၇

၅၅။ ဘုရားသခင်အထံတော်မှအကြံပေးစကားများ ------ ၁၃၅

# (၄၂) တပ်မက်မောခြင်းဘေးအန္တရာယ်

မြောက်မြားစွာသောဘုရားသခင်၏လူတို့သည် လောက၌ စိတ်ထက်သန်ခြင်းအားဖြင့် ထိုင်းမှိုင်းလျက်ရှိကြသည်။ သူတို့၏ လုပ်ရပ်များအားဖြင့် သူတို့၏ယုံကြည်ခြင်းကို ငြင်းပယ်နေကြသည်။ သူတို့သည် ငွေ၊ အိမ်နှင့်မြေယာများကို တပ်မက်မောခြင်း၌ ပြုစုနေကြရာ သူတို့၏စိတ်နှင့်ကိုယ့်ခွန်အားတန်ခိုးများသည် ၎င်းနောက်သို့လုံးဝပါသွားကြလေသည်။ နောက်ဆုံးဖန်ဆင်းရှင်ခရစ်တော်အသေခံတော်မူခဲ့သော အသက်ဝိညာဉ်များသို့လည်း မေတ္တာသက်ဝင်ခြင်းမရှိတော့ပေ။ ဤလောက၏ဘုရားသခင်သည် သူတို့၏မျက်စိကိုကန်းစေပြီ။ သူတို့၏ထာဝရစိတ်ဝင်စားမှုများကို အရေးမကြီးသောအရာများအနေဖြင့်ထား၍ကာယ၊ အစွမ်းသတ္တိများကို လောကနှင့်ဆိုင်သောပစ္စည်းများရယူဖို့ရန် အများဆုံးအသုံးချကြသည်။ ဤကဲ့သို့စိတ်သောကရောက်ခြင်းနှင့် ဝန်များကိုထမ်းခြင်းသည် ခရစ်တော်ပညတ်ထားတော်မူခြင်းနှင့်တိုက်ရိုက်ဆန့်ကျင်ဘက်ပြုခြင်းဖြစ်သည်။ ကိုယ်တော်မိန့်တော်မူသည်မှာ "သံချေး၊ ပိုးရွဖျက်ဆီး၍ သူခိုးထွင်းဖောက်ခိုးယူရာမြေကြီးပေါ်မှာ ဘဏ္ဍာကိုမဆည်းပူးကြနှင့်။"





သူတို့သည် ကိုယ်တော်မိန့်တော်မူသောစကားကိုလည်း မေ့လျော့နေကြသည်။ "သင်တို့အဖို့ ဘဏ္ဍာကို ကောင်းကင်၌ ဆည်းပူးကြလော့။" ဤအမိန့်တော်အတိုင်း သူတို့သည် လိုက်နာ၍ပြုလုပ်ခဲ့လျှင် သူတို့၏ကောင်းကျိုးအဖို့ လုပ်ကိုင်ခြင်းဖြစ်ပေသည်။ ကောင်းကင်၌ ဆည်းပူးသောဘဏ္ဍာသည် လုံခြုံခြင်းရှိ၏။ မည်သည့်သူခိုးမျှ အနားသို့မချဉ်းကပ်နိုင်။ မည်သည့်ပိုးရွမျှမဖျက်ဆီးနိုင်ပေ။ သို့သော်လည်း သူတို့၏ဘဏ္ဍာသည် မြေကြီးပေါ်၌ရှိသည်။ သူတို့၏ခင်တွယ်ခြင်းစိတ်သည် ထိုဘဏ္ဍာများအပေါ်၌ရှိသည်။

## ခရစ်တော်၏အောင်မြင်ခြင်း

လူတို့ကိုအောင်မြင်နိုင်သောစုံစမ်းနှောင့်ယှက်ခြင်းကို ခရစ်တော်သည် တောအရပ်၌ရင်ဆိုင်ခဲ့ရသည်။ ထိုနေရာ၌ ကိုယ်တော်သည် တစ်ဦးတည်းစဉ်းလဲ၍ လိမ္မာသောရန်သူစာတန်ကိုတွေ့ဆုံ၍ အောင်မြင်တော်မူသည်။ ပထမအကြီးဆုံးစုံစမ်းနှောင့်ယှက်ခြင်းသည် စားသောက်ရန်အလိုရမ္မက်ပေါ်၌ဖြစ်သည်။ ဒုတိယသည် အလွဲထင်မြင်မှတ်ယူခြင်းဖြစ်၍ တတိယသည် လောကကိုချစ်ခြင်းဖြစ်သည်။ လောကကြီး၏ရာဇပလ္လင်နှင့်

နိုင်ငံများ၊ ၎င်းတို့၏ကျက်သရေကို ခရစ်တော်အားပေးကမ်းသည်။ စာတန်သည် လောကကျက်သရေ၊ ဥစ္စာဓန၊ လောကစည်းစိမ်များဖြင့်လိမ်လည်လှည့်ဖြားခြင်း၌ တပ်မက်ဖွယ်ကောင်းလောက်အောင် မွမ်းမံ၍ပြသသည်။ "ကိုယ်တော်သည် ငါ့ကိုညွတ်ပျပ်ကိုးကွယ်လျှင် ယခုပြလေသမျှတို့ကို ငါပေးမည်" ဟု စာတန်သည် သခင်ယေရှုအားပြောဆိုသည်။ သို့သော်လည်း ခရစ်တော်သည် စဉ်းလဲသောရန်သူကိုတွန်းလှန်၍ အောင်မြင်စွာထွက်ခွာခဲ့သည်။

ခရစ်တော်ကို စုံစမ်းနှောင့်ယှက်ခဲ့သောအရာထက် ပို၍ပြင်းထန်သောစုံစမ်းနှောင့်ယှက်ခြင်းများဖြင့် လူကို မည်သည့်အခါမျှ စုံစမ်းမည်မဟုတ်။ သို့သော်လည်း လူနားသို့ချဉ်းကပ်သောအခါ စာတန်တွင် သာ၍ကောင်းသောအောင်မြင်ခြင်းနှင့်တွေ့ဆုံရသည်။ "ဤငွေအားလုံး၊ ဤအောင်မြင်ခြင်း၊ ဤမြေ၊ ဤတန်ခိုး၊ ဤကျက်သရေထူးများနှင့် ကြွယ်ဝချမ်းသာခြင်းများကို သင့်အားငါပေးမည်။" အဘယ်အရာပြုလုပ်ဖို့နည်း။ စည်းကမ်းချက်၌ သခင်ယေရှုကိုပေးသောစည်းကမ်းချက်ကဲ့သို့ တိတိလင်းလင်းရှိခဲလှ၏။ "ငါ့ကိုပျပ်ဝပ်ကိုးကွယ်လျှင်" သူအလိုရှိသောအရာမှာ တည်ကြည်ခြင်းကိုစွန့်လွှတ်၍ အသိစိတ်ကိုဆုံးစေနိုင်ခဲ့လျှင် ကျေနပ်ခြင်းရှိ၏။ လောကနှင့်ဆိုင်သောအရာ



များ၌ စိတ်ဝင်စားခြင်းရှိ၍ တပ်မက်စွဲလမ်းနေပါက သူအလိုရှိသောအရိုအသေပြုခြင်းကိုရရှိပြီ။ တံခါးသည် ပွင့်လျက်နေပြီဖြစ်၍ သူ၏သည်းမခံတတ်သောဆိုးညစ်သည့်သဘော၊ ကိုယ်ကိုချစ်ခြင်း၊ မာနထောင်လွှားခြင်း၊ လောဘကြီးခြင်းနှင့် သစ္စာမဲ့ခြင်းတို့ကိုယူဆောင်၍ သဘောရှိဝင်နိုင်ထွက်နိုင်ပြီ။ ဤအရာများကိုတွေ့မြင်ရသောလူအား စွဲလမ်းတပ်မက်စေ၍ ပျက်စီးခြင်းသို့ရောက်ရှိသွားခဲ့လေသည်။

ခရစ်တော်၏ပုံသက်သေသည် ကျွန်ုပ်တို့၏အရှေ့၌ရှိသည်။ ကိုယ်တော်သည် စာတန်ကိုအောင်မြင်တော်မူသည်။ ကိုယ်တော်အောင်မြင်သကဲ့သို့ ကျွန်ုပ်တို့သည်လည်း အောင်မြင်နိုင်ဖို့ရန် နည်းလမ်းပြသခဲ့သည်။ ခရစ်တော်သည် စာတန်ကို သမ္မာကျမ်းစာအားဖြင့် တားဆီးခဲ့သည်။ ကိုယ်တော်သည် မိမိ၏ကြီးမြတ်သောတန်ခိုးကို အားကိုးအားထားပြု၍ မိမိ၏နှုတ်အမိန့်ကိုသုံးစွဲနိုင်သည်။ သို့သော်လည်း ကိုယ်တော်မိန့်တော်မူသည်မှာ "ကျမ်းစာလာသည်ကား၊ လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရမည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်။" သန့်စင်သောသမ္မာကျမ်းစာကိုလေ့လာ၍ လိုက်လျှောက်ပါက ခရစ်ယာန်သည် စဉ်းလဲသောရန်သူကိုတွေ့ဆုံရန် အကာအကွယ်ရှိလိမ့်မည်။ သို့သော်လည်း ဘုရား

သခင်၏နှုတ်ကပတ်တော်ကို ဂရုမစိုက်ဘဲနေသောကြောင့် ပျက်စီးဆုံးရှုံးခြင်းနှင့်တွေ့ဆုံရသည်။

## အရာရှိသူဌေးကလေး

လူငယ်တစ်ယောက်သည် သခင်ယေရှုထံသို့လာရောက်၍ ပြောဆိုသည်မှာ၊ "ကောင်းမြတ်သောဆရာ၊ ထာဝရအသက်ကို ရအံ့သောငှာ အကျွန်ုပ်သည် အဘယ်ကောင်းမှုကိုပြုလုပ်ရပါမည်နည်း" ဟုမေးလျှောက်၏။ သခင်ယေရှုသည် သူ့အား ပညတ်တော်များကိုစောင့်ထိန်းစေခိုင်းသည်။ "ထိုပညတ်ရှိသမျှကို အကျွန်ုပ်သည် ငယ်သောအရွယ်မှစ၍ စောင့်ရှောက်ပါပြီ။ အဘယ်အကျင့်လိုသေးသနည်း" ဟုလျှောက်ပြန်၏။ သခင်ယေရှုသည် မေတ္တာစိတ်ဖြင့် ထိုလူငယ်အားကြည့်ရှု၍ ဘုရားသခင်၏ပညတ်တော်ကိုစောင့်ခြင်း၌ လိုအပ်နေသောအရာကို ညွှန်ပြလေသည်။ ထိုသူဌေးကလေးသည် သူနှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ခြင်းမရှိပေ။ သူ့အကျိုးကိုသာကြည့်ရှု၍ ဥစ္စာပစ္စည်းကို ခင်တွယ်ခြင်းသည် ဖောက်ပြန်ခြင်းပင်ဖြစ်သည်။ အကယ်၍ မပြုပြင်ပါက သူသည် ကောင်းကင်နိုင်ငံတော်သို့ရောက်နိုင်မည်မဟုတ်ပေ။ ယေရှုကလည်း၊ "သင်သည် စုံလင်ခြင်းသို့ရောက်



လိုလျှင် သွားလော့၊ ကိုယ်ဥစ္စာများကိုရောင်း၍ ဆင်းရဲသောသူတို့အားပေးလော့။ ထိုသို့ပြုလျှင် ကောင်းကင်ဘုံ၌ ဘဏ္ဍာကိုရလိမ့်မည်။ သို့ပြီးမှ ငါ့နောက်သို့လိုက်လော့" ဟုမိန့်တော်မူ၏။ ကောင်းကင်၏သခင်ဖြစ်၍ မိမိကိုယ်တိုင်ထားသည့်ပုံသက်သေကိုသာ ထိုလူငယ်လိုက်လျှောက်ဖို့ရန် သခင်ယေရှုအလိုရှိတော်မူသည်။ ဤအချက်ကို လူငယ်နားလည်စေလိုသည်။ ကိုယ်တော်သည် ဆင်းရဲခြင်းဖြင့် လူသည် ကြွယ်ဝခြင်းသို့ရောက်နိုင်စေဖို့ရန် ကိုယ်တော်သည် ကြွယ်ဝခြင်းများနှင့် တန်ခိုးတော်ကိုစွန့်၍ ဆင်းရဲခြင်းခံတော်မူသည်။ လူသည် မြေကြီးနှင့်ဆိုင်သောဥစ္စာကျက်သရေနှင့်စည်းစိမ်များကိုပေးအပ်လိုက်ဖို့ရန် ကိုယ်တော်အလိုရှိသည်။ လူသည် မြေကြီးပေါ်၌ ခင်တွယ်ခြင်းရှိနေသမျှကာလပတ်လုံး သူတို့သည် ဘုရားသခင်အထံတော်မှရုပ်သိမ်းခြင်းခံရမည်။ သို့ဖြစ်၍ ကိုယ်တော်သည် သူဌေးကလေးအား မိန့်တော်မူသည်မှာ "သင်သည် စုံလင်ခြင်းသို့ရောက်လိုလျှင် သွားလော့၊ ကိုယ့်ဥစ္စာများကိုရောင်း၍ ဆင်းရဲသောသူတို့အားပေးလော့၊ ထိုသို့ပြုလျှင် ကောင်းကင်ဘုံ၌ ဘဏ္ဍာကိုရလိမ့်မည်။ သို့ပြီးမှ ငါ့နောက်သို့လိုက်လော့" ဟု မိန့်တော်မူ၏။ ထိုလူငယ်သည် သခင်ခရစ်တော်၏စကားကို မည်ကဲ့သို့လက်ခံသနည်း။ ကောင်းကင်နှင့်ဆိုင်သောဘဏ္ဍာကိုရရှိ၍ သူ၌ပျော်ရွှင်ခြင်းရှိ

သလား။ မပျော်ရွှင်ပါ။ သူ၌ဥစ္စာပစ္စည်းများစွာရှိသောကြောင့် စိတ်မသာခြင်းဖြင့် ထွက်ခွာသွားသည်။ သူ့အဖို့ဥစ္စာပစ္စည်းနှင့် ကျက်သရေသည် တန်ခိုးဖြစ်သည်။ သူ၌ဥစ္စာပစ္စည်းမြောက်မြား စွာရှိရာ ဤပစ္စည်းများကိုရောင်းချရမည်ဆိုပါက အလွန်ခဲယဉ်း ပေသည်။

လောကကိုချစ်သောဤလူသည် ကောင်းကင်ကိုအလို ရှိသည်။ သို့သော်လည်း သူ၏ဥစ္စာပစ္စည်းကိုထိန်းသိမ်းထားလို သည်။ သို့ဖြစ်၍ ငွေနှင့်တန်ခိုးကိုချစ်သောကြောင့် မသေနိုင် သောအသက်တာကို အဆုံးခံလိုက်သည်။ အလွန်စိတ်ဆင်းရဲ စရာကောင်းလှသောလဲလှယ်ခြင်းပင်ဖြစ်သည်။ ပညတ်တော် အားလုံးတို့ကို စောင့်ရှောက်သည်ဟုပြောသောသင်တို့သည်လည်း ဤနည်းအတိုင်းပြုလုပ်နေကြသည်။

ငွေတပ်မက်သောသူအဖို့ ဤအရာသည် ချမ်းသာကြွယ်ဝ ခြင်း၏ဘေးအန္တရာယ်ဖြစ်သည်။ အမြတ်အစွန်းများစွာရသည် နှင့်အမျှ ရက်ရောခြင်း၌နည်းပါးလာခဲ့သည်။ သူ၏ဥစ္စာပစ္စည်းကို ဆုတ်ယုတ်သွားစေခြင်းသည် အသက်ကိုစွန့်ရသကဲ့သို့ပင်ဖြစ် သည်။ လောကပစ္စည်းများကိုတိုးတက်ဖို့ရန် မပျက်စီးနိုင်သော ဆုလာဘ်ကို စိတ်ဝင်စားခြင်းမရှိတော့ပေ။ သူသည် ပညတ်တော် များကိုသာစောင့်ထိန်းခဲ့လျှင် သူ၌ လောကပစ္စည်းများ ဤမျှ



လောက်များပြားစွာရှိမည်မဟုတ်ပေ။ မိမိအဖို့ ဤမျှလောက် ကြိုးစားလုပ်ကိုင်နေစဉ် သူသည် ဘုရားသခင်ကို စိတ်နှလုံး အကြွင်းမဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့် မည်ကဲ့သို့ချစ် နိုင်အံ့နည်း။ ကိုယ်နှင့်စပ်ဆိုင်သောသူကိုလည်း ကိုယ်နှင့်အမျှ မည်ကဲ့သို့ချစ်နိုင်အံ့နည်း။ ဆင်းရဲသောသူများအလိုရှိနေသော အရာများကို သူသည် ဝေငှပေးကမ်းခဲ့လျှင် သူ၌သာ၍ဝမ်းမြောက် ခြင်းရှိမည်။ သူ၌ကောင်းကင်နိုင်ငံတော်နှင့်ဆိုင်သောဘဏ္ဍာ များစွာသိုမှီး၍ မြေကြီးပေါ်၌ သူ၏စိတ်နှလုံးစွဲလမ်းစေဖို့ရန် နေရာရှိမည်မဟုတ်။

## ဘုရားသခင်နှင့်စာရင်းရှင်းရမည်

“ဟေလသလူဖြစ်စေ၊ လူရိုင်းဖြစ်စေ၊ ပညာရှိဖြစ်စေ၊ ပညာမဲ့ဖြစ်စေ လူအမျိုးမျိုးတို့၏ကြွေးသည် ငါ၌တင်လျက်ရှိ၏” ဟု ပေါလုပြောဆိုသည်။ ဘုရားသခင်သည် မိမိ၏သမ္မာတရား တော်ကို ပေါလုအားဖော်ပြသည်။ ဤကဲ့သို့ဖော်ပြခြင်းအားဖြင့် ပေါလုသည် မှောင်မိုက်ထဲ၌ရှိနေသောလူတို့ကို အလင်းပေးဖို့ရန် ကြွေးတင်လျက်ရှိသည်။ သို့သော်လည်း အများသောသူတို့သည် ဘုရားသခင်အား စာရင်းရှင်းရမည်ကိုမသိကြပေ။ သူတို့သည်

ဘုရားသခင်ပေးထားသောအစွမ်းသတ္တိများကိုအသုံးပြုလျက်နေကြသည်။ သူတို့စိတ်၌ရှိသောတန်ခိုးကို မှန်သောဘက်တွင်လုပ်ဆောင်ခဲ့ပါက ခရစ်တော်နှင့်လည်းကောင်း၊ ကောင်းကင်တမန်တို့နှင့်လည်းကောင်း အတူလုပ်ဆောင်ဖက်များဖြစ်ကြမည်။ သူတို့၏ကြိုးစားခြင်းဖြင့် အသက်ဝိညာဉ်ပေါင်းမြောက်မြားစွာကယ်တင်ခြင်းခံရကြမည်။ သူတို့သည် ဝမ်းမြောက်ဖွယ်သောသရဖူ၌ ကြယ်ကဲ့သို့ထွန်းတောက်ကြမည်။ သို့သော်လည်း သူတို့သည် ဤအရာအားလုံးကိုဂရုမစိုက်ဘဲနေကြသည်။ စာတန်သည် ဤလောက၏တပ်မက်ဖွယ်ရာကောင်းသောအရာများအားဖြင့် သူတို့၏ကျင့်ဝတ်ခွန်အားတန်ခိုးများသည် ထုံထိုင်းစေရန် ရှာကြံခဲ့ရာ၌ အထူးအောင်မြင်လေသည်။

## **အတိမ်းအစောင်းမခံနိုင်သောနောင်ဘဝအခြေအနေ**

ခရစ်တော်အသေခံတော်မူခဲ့သောအဖိုးထိုက်တန်သည့် အသက်ဝိညာဉ်များ၏တန်ဖိုးကို မည်ကဲ့သို့အိမ်များနှင့်မြေယာများ၏တန်ဖိုးနှင့်နှိုင်းယှဉ်နိုင်အံ့နည်း။ ညီအစ်ကိုမောင်နှမအပေါင်းတို့၊ သင်တို့၏စီရင်မှုအားဖြင့်သာ ဤအသက်ဝိညာဉ်များသည် သင်တို့နှင့်အတူ တန်ခိုးတော်ထွန်းတောက်သော



နိုင်ငံတော်၌ ကယ်တင်ခြင်းကိုရနိုင်ကြမည်။ သို့သော်လည်း ထိုနိုင်ငံသို့ လောကနှင့်ဆိုင်သောအသေးငယ်ဆုံးဖြစ်သည့် ဘဏ္ဍာကို သင်နှင့်အတူယူဆောင်မသွားနိုင်ပေ။ သင်အလိုရှိသောရတနာများကို စုဆောင်းထားနိုင်သည်။ ရရှိထားသောရတနာများကို သေချာစွာသိုသိပ်ထားနိုင်သည်။ သို့သော်လည်း ဘုရားသခင်အထံတော်မှအမိန့်ရောက်ရှိလာသောအခါ အချိန်အနည်းငယ်အတွင်း မည်သူမျှငြိမ်းသတ်၍မရသောမီးသည် သင်စုဆောင်းထားသမျှသောအရာအားလုံးကို လောင်ကျွမ်းသွား၍ ပျက်စီးခြင်းသာရှိနေလိမ့်မည်။ သင်သည် သင်၌ရှိသောအစွမ်းသတ္တိနှင့်ခွန်အားကိုအသုံးပြု၍ မြေကြီးနှင့်ဆိုင်သောဘဏ္ဍာများကိုဆည်းပူးလိမ့်မည်။ သို့သော်လည်း သင်၏အသက်တာကုန်ဆုံးသွားသည်ဖြစ်စေ၊ (သို့မဟုတ်) သခင်ယေရှုကြွလာတော်မူသည်ဖြစ်စေ သင့်အဖို့အဘယ်ကျေးဇူးရှိသနည်း။ ဝိညာဉ်ရေးအသက်တာကို ဂရုမစိုက်ဘဲ သင်သည် လောကဆိုင်ရာကျက်သရေများနှင့်ကြွယ်ဝခြင်းများ၌ ချီးမြှင့်ခြင်းခံနေရသလောက် ကောင်းကင်တရားမင်း၏ရှေ့မှောက်၌ သင်သည် အကျင့်၌အလွန်အောက်တန်းကျသောအဆင့်သို့ရောက်ရှိသွားလိမ့်မည်။ လူသည် စကြဝဠာကိုအကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ကိုဆုံးရှုံးစေလျှင် အဘယ်အကျိုးရှိသနည်း။

ဘုရားသခင်၏အမျက်တော်သည် ဖန်ဆင်းရှင်၏အစေကို မခံဘဲ ငွေမျက်နှာဘက်သို့လိုက်သောသူတို့အပေါ်သို့ ကျရောက်လိမ့်မည်။ သို့သော်လည်း ဘုရားသခင်နှင့်ကောင်းကင်နိုင်ငံတော်အဖို့ အသက်ရှင်၍ အခြားသူများအား အသက်လမ်းကို ပြသည့် ဖြောင့်မတ်သောသူတို့၏လမ်းသည် ထွန်းလင်းသောအလင်းဖြစ်၍ အရုဏ်တက်သည်တိုင်အောင် တိုး၍တောက်ပလိမ့်မည်ကိုတွေ့မြင်ကြလိမ့်မည်။ သူတို့သည် မကြာမီ အောက်ပါဖိတ်ခေါ်သောအသံကို ကြားရလိမ့်မည်။ "သစ္စာရှိသောငယ်သားကောင်း၊ သင်သည် အရာရာ၌သစ္စာရှိလေပြီ။ သင်၏သခင်နှင့်အတူ ကောင်းကင်စည်းစိမ်သို့ဝင်စားလော့။" သခင်ခရစ်တော်၏ဝမ်းမြောက်ခြင်းသည် ကောင်းကင်စည်းစိမ်နှင့်ပြည့်ဝသောနိုင်ငံတော်၌ အသက်ဝိညာဉ်များကယ်တင်ခြင်းခံရခြင်းပင်ဖြစ်သည်။ ဤဝမ်းမြောက်ခြင်းကြောင့် "ရှက်ကြောက်သောအရာကိုမမှတ်ဘဲ လက်ဝါးကပ်တိုင်၌ခံတော်မူသည်။" သို့သော်လည်း မကြာမီမိမိ၏အသက်ဝိညာဉ်ခံရသောဝေဒနာ၏အကျိုးကို မိမိမြင်၍ ခွန်အားရရှိလိမ့်မည်။ ထိုဖြောင့်မတ်သောငါ၏ကျွန်ကို သိကျွမ်းခြင်းအားဖြင့် သူသည် အများသောသူတို့ကို ဖြောင့်မတ်ရာ၌တည်စေလိမ့်မည်။ ဤလူများတို့၌ မည်မျှပျော်ရွှင်ခြင်းဖြစ်ကြအံ့နည်း။ သူတို့သည် ကိုယ်တော်၏အလုပ်၌ ဆက်ဆံ



ဖို့ရန် အခွင့်ရရှိကြ၍ ကိုယ်တော်၏ဝမ်းမြောက်ခြင်း၌လည်း ဆက်ဆံဖို့ရန် အခွင့်ရကြလေသည်။ R & H, June 23, 1885.

## စာတန်၏ပြုစားနိုင်သောတန်ခိုး

ကမ္ဘာကြီးကိုစွဲမက်စေနိုင်မှုသည် စာတန်၏အကြံအစည်ပင်ဖြစ်သည်။ သူ၌ပြုစားတတ်သောတန်ခိုးရှိရာ ခရစ်တော်၏နောက်လိုက်များဟုခေါ်ကြသောသူများတို့၏ခင်မင်မှုကိုရရှိအောင် ဖြားယောင်းနိုင်လေသည်။ မိမိတို့ကိုယ်ကို ခရစ်ယာန်ဟုခေါ်သောသူများသည် ဥစ္စာဓနကိုရရှိရန် မည်သည့်နစ်နာခြင်းမဆိုခံဖို့ရန် မကြောက်သောသူများစွာရှိကြသည်။ သူတို့၏စိတ်ဆန္ဒရှိသည်အတိုင်း ပို၍ချမ်းသာသည်နှင့်အမျှ ကမ္ဘာပေါ်၌အဖိုးထိုက်တန်သောသမ္မာတရားတော်တိုးတက်ဖို့ရန် ဂရုမစိုက်ဖြစ်လေသည်။ သူတို့သည် ဘုရားသခင်ကိုချစ်ခင်ခြင်းမရှိ၊ စိတ်မနှံ့သောသူကဲ့သို့ ပြုကျင့်လုပ်ကိုင်လျက်နေကြသည်။ လောကပစ္စည်းများ၌ တိုးပွားသည်နှင့်အမျှ ဘုရားသခင်၏အမှုတော်တွင် ရင်းနှီးခြင်း၌ ဆုတ်ယုတ်လျက်ရှိသည်။

ဥစ္စာဓနကို စိတ်ဖောက်ပြန်လောက်အောင် တပ်မက်နေသောသူတို့၏အလုပ်များအားဖြင့် လူသည် သခင်နှစ်ဦး၏အစေကို

မခံနိုင်ကြောင်းပြသနေသည်။ ထိုသခင်နှစ်ဦးမှာ ဘုရားသခင်နှင့် ငွေပင်ဖြစ်သည်။ သူတို့သည် ကမ္ဘာကြီးအား ငွေသည် သူတို့၏ ဘုရားသခင်ဖြစ်ကြောင်း ပြသနေကြသည်။ ၎င်း၏တန်ခိုးကို အရိုအသေပေးကြ၍ စိတ်ရောကိုယ်ပါ ကမ္ဘာကြီးကိုလုပ်ကျွေးနေကြသည်။ ငွေကိုတပ်မက်ခြင်းသည် အုပ်စိုးသောတန်ခိုးဖြစ်လာ၍ ၎င်းအတွက် ဘုရားသခင်၏ပညတ်တော်ကိုကျူးလွန်ကြသည်။ သူတို့သည် ခရစ်တော်၏ဘာသာတရားကိုယုံကြည်သည်ဟု ဝန်ခံပြောဆိုကြမည်။ သို့သော်လည်း ၎င်း၏ကျင့်ဝတ်များကို မကြိုက်၊ (သို့မဟုတ်) ဆုံးမပြောဆိုခြင်းများကိုနာခံမည်မဟုတ်။ သူတို့၏အကောင်းဆုံးခွန်အားဖြင့် ကမ္ဘာ၏အစေကိုခံကြသည်။ ငွေကိုသာလျှင် ဦးထိပ်ပန်ဆင်ကြသည်။

မြောက်မြားစွာသောသူတို့သည် စာတန်၏ကြောက်လန့်စရာကောင်းသောလှည့်စားခြင်းကိုခံရ၏။ သူတို့၏စိတ်ကူးခြင်းကို တောက်ပလျက်ရှိသောလောကစည်းစိမ်မျှော်လင့်ခြင်းဖြင့် လှုံ့ဆော်ပေး၍ လူတို့၏စိတ်သည် ထိုင်းမှိုင်းလာခဲ့လေသည်။ သူတို့ရှေ့၌ စုံလင်သောသာယာပျော်ရွှင်ခြင်းရှိသည်ဟု ထင်မြင်လာကြသည်။ ကျက်သရေ၊ ဥစ္စာဓနနှင့် ရာထူးရာခံများရရှိလိမ့်မည်ဟူသောမျှော်လင့်ခြင်းကိုပေး၍ သွေးဆောင်ခဲ့သည်။ စာတန်



ပြောဆိုသည်မှာ “ဤစည်းစိမ်အားလုံးကို သင့်အားငါပေးမည်။” ဤတန်ခိုးနှင့်ပစ္စည်းအားလုံးဖြင့် အချင်းချင်းအဖို့ ကောင်းရာကောင်းကြောင်းကိုပြုလုပ်မစပေးနိုင်သည်။ သို့သော်လည်း သူတို့အလိုရှိသောစည်းစိမ်ကိုရရှိပြီးသောအခါ မိမိကိုယ်ကိုငြင်းပယ်သော ကယ်တင်ရှင်နှင့်ဆက်သွယ်ခြင်းမရှိတော့ကြောင်းကို သူတို့သိမြင်ကြသည်။ သူတို့သည် မြင့်မြတ်တော်မူသော စိတ်သဘောကို ယူတင်ဝတ်ဆင်သောသူများမဟုတ်ကြပေ။ သူတို့သည် လောကဘဏ္ဍာများကိုကိုင်စွဲ၍ ကိုယ်ကိုငြင်းပယ်ခြင်း၊ ကိုယ်ကိုအနစ်နာခံခြင်း၊ သမ္မာတရားအတွက် ရှုတ်ချအသရေပျက်ခံရခြင်းများကို မထီမဲ့မြင်ပြုကြသည်။ သူတို့၏စိတ်နှလုံး၌ စွဲလမ်းနေသောလောကဆိုင်ရာဘဏ္ဍာများမှ စွန့်ခွာလိုစိတ်မရှိကြတော့ပေ။ သူတို့သည် ခေါင်းဆောင်ချင်းလဲလှယ်လိုက်ကြပြီ။ ခရစ်တော်၏အစေကိုခံခြင်းထက် ငွေ၏အစေကိုခံဖို့ရန် ရွေးချယ်ကြပြီ။ လောကကြီး၏ဘဏ္ဍာကိုတပ်မက်ခြင်းဖြင့် လှည့်စားခြင်းခံရသော ဤသူတို့သည် စာတန်အား ဝတ်ပြုကိုးကွယ်ဖို့ရန် သူသည် အနိုင်ရရှိသွားခဲ့လေပြီ။

ဘုရားသခင်နှင့်တန်းတူဖြစ်ခြင်းမှ လောကနှင့်တူညီခြင်းသို့ပြောင်းလဲသွားခြင်းသည် စဉ်းလဲသောစာတန်၏ပါးနပ်သော အယုံသွင်းခြင်းကြောင့်ဖြစ်သွားရသည်ကို ရံဖန်ရံခါတွေ့မြင်ရ

သည်။ လှည့်စားခြင်းခံရသောအသက်ဝိညာဉ်သည် ခရစ်တော်ထံမှကွဲကွာလျက်သွားနေကြောင်းကို သတိမပြုမိပေ။ နာမည်၌သာ ကိုယ်တော်၏အစေခံဖြစ်သည်။ R & H, Sept. 23, 1890.

## ဦးစွာလမ်းခင်းသူတို့၏ကိုယ်ကိုအနစ်နာခံခြင်းမှ တိမ်းယိမ်းသွားခြင်း

တစ်ချိန်တစ်ခါက သမ္မာတရားကိုနားထောင်၍ ခံယူသောသူများနည်းပါးကြသည်။ ခံယူသောသူတို့၌လည်း ဤမြေကြီးနှင့်ဆိုင်သောဥစ္စာပစ္စည်းများစွာမရှိကြပေ။ သူတို့၏အိမ်များနှင့် မြေယာများကို အဖိုးသက်သာစွာဖြင့် ရောင်းချရန်လိုအပ်ခဲ့သည်။ ရရှိသောကြေးငွေများကို ဘုရားသခင်အား ရက်ရောစွာပေးကမ်း၍ သမ္မာတရားနှင့်စပ်ဆိုင်သောစာပေများကို ထုတ်ဝေကြသည်။ ဘုရားသခင်၏အမှုတော်တိုးတက်ခြင်း၌လည်း အသုံးပြုကြသည့် ဤကိုယ်ကိုအနစ်နာခံသောသူတို့သည် ဆင်းရဲနွမ်းပါးခြင်းနှင့် ရင်ဆိုင်ရကြသည်။ သို့သော်လည်း သူတို့သည် အဆုံးတိုင်အောင် တည်ကြည်ပါက သူတို့၏ဆုလာဘ်သည် ကြီးလှပေ၏။

ဘုရားသခင်သည် လူအများတို့၏စိတ်နှလုံးကို လှုပ်ရှားစေ၏။ လူအနည်းငယ်လောက်သာ များစွာအနစ်နာခံခဲ့သော



သမ္မာတရားသည် အောင်မြင်ခဲ့ပြီ။ မြောက်မြားစွာသောလူထုသည် သမ္မာတရားကိုယုံကြည်လက်ခံနေကြပြီ။ ဘုရားသခင်စီမံတော်မူခြင်း၌ ကြေးငွေရှိသောသူတို့ကို သမ္မာတရားထဲသို့ ခေါ်ဆောင်ခဲ့ပြီ။ ဘုရားသခင်၏အမှုတော်သည် တိုးတက်လာသောအခါ လိုအပ်သောအရာများ၌ အသုံးပြုရပေမည်။ ယခုအချိန်၌ ဘုရားသခင်သည် မိမိ၏လူများနေထိုင်သောအိမ်များကို ပေးလှူဖို့ရန် မိန့်တော်မမူ။ သို့သော်လည်း ပစ္စည်းကြွယ်ဝပြည့်စုံသောသူတို့သည် ကိုယ်တော်ခေါ်သံကိုမကြား၊ လောကနှင့်အဆက်မပြတ်တောက်ဘဲ ဘုရားသခင်အဖို့အနစ်နာမခံလျှင် ကိုယ်တော်သည် သူတို့ကိုကျော်လွန်သွား၍ ခရစ်တော်အဖို့အစစအရာရာလုပ်ကိုင်ပေးလိုသည်သာမက ဘုရားသခင်၏အမှုတော်တိုးတက်ဖို့ရန် မိမိတို့၏အိမ်များကိုပင် လိုအပ်လျှင် ရောင်းချရန်ဆန္ဒရှိသောသူတို့ကို ခေါ်တော်မူမည်။ ဘုရားသခင်၌ စေတနာအလျောက်စွန့်ကြဲပေးကမ်းသောအလှူငွေများရှိမည်။ အလှူပေးသောသူတို့သည် အခွင့်အရေးရှိ၍ ပေးကမ်းရမည်ဟု အလေးအမြတ်ပြုရမည်။ R & H, Sept. 16, 1884.

ဘုရားသခင်၏လူတို့သည် ကောင်းကင်စကြဝဠာရှေ့၌ စစ်ဆေးခြင်းခံနေရသည်။ သူတို့၏လက်ဆောင်ပဏ္ဏာများနှင့် အလှူငွေများ၌ နည်းပါးခြင်း၊ ဘုရားသခင်၏အမှုတော်ကို ကြီးစား

အားထုတ်ရာ၌ အားနည်းခြင်းများကြောင့် သူတို့ကို သစ္စာမရှိသောသူများဟု သတ်မှတ်ထားသည်။ ယခုတွင် အနည်းငယ်သာရှိသောအရာကို သူတို့သည် အကောင်းဆုံးလုပ်ကိုင်ဆောင်ရွက်ပါက ပြစ်ဒဏ်စီရင်ခြင်းခံရမည်မဟုတ်။ သူတို့၌ရှိသောကြေးငွေအင်အားဖြင့် ပိုမို၍လုပ်ကိုင်နိုင်သည်။ သူတို့၌ မိမိကိုယ်ကိုငြင်းပယ်ခြင်းနှင့် လက်ဝါးကပ်တိုင်ကိုထမ်းဆောင်ဖို့ရန် စိတ်သဘောပျက်ပြယ်သွားလျက်ရှိကြောင်းကို သူတို့ကိုယ်တိုင်ပင်သိရှိကြသည်။ လောကတစ်ခုလုံးလည်း သိမြင်ကြသည်။ 6T 445, 446.

## လူတိုင်းစစ်ဆေးခံရခြင်း

ချမ်းသာကြွယ်ဝသောမသဲ၊ ဆင်းရဲနွမ်းပါးနေသောအန္ဒြေနှင့် ပေတရုတို့သည် အတူတကွစစ်ဆေးခြင်းမျိုးခံရကြသည်။ အသီးအသီးတူညီသောပေးကမ်းစွန့်ကြဲခြင်းကိုပြုကြသည်။ အောင်မြင်သောအချိန်၊ ပိုက်ကွန်များသည် ငါးနှင့်ပြည့်နေသောအချိန်၊ အသက်တာ၏စိတ်ဇောအမြင့်ဆုံးသို့ရောက်နေချိန်တွင် သခင်ယေရှုသည် ပင်လယ်၌တပည့်တော်တို့အား ရှိသမျှတို့ကိုစွန့်ပစ်၍ ဧဝံဂေလိတရားတော်များကိုဟောပြောကြရန် စေခိုင်း



လေသည်။ သို့ဖြစ်၍ လောကနှင့်ဆိုင်သောချမ်းသာကြွယ်ဝမှုကို အပြင်းအထန်ဆန္ဒရှိနေသလော၊ (သို့မဟုတ်) ခရစ်တော်နှင့်ပေါင်းဖက်ခြင်းဆန္ဒသည် အမြင့်မားဆုံးဖြစ်သလောဟူသော အချက်နှင့်စပ်ဆိုင်၍ အသက်ဝိညာဉ်တိုင်း စုံစမ်းခြင်းခံရမည်။

စည်းကမ်းဟူသည် အစဉ်ခိုင်မာတိကျစမြဲဖြစ်သည်။ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရာ၌ စိတ်နှလုံးသည် လုံးလုံးအလုပ်ထဲ၌မရှိပါက မည်သူမျှအောင်မြင်ခြင်းမရှိနိုင်ပေ။ သခင်ယေရှုခရစ်ကိုသိသောပညာသည် အဘယ်မျှလောက်မြတ်သည်ကိုထောက်၍ ခပ်သိမ်းသောအရာတို့ကို ရှုံးစေသောအရာကဲ့သို့သူသည်ထင်မှတ်၏။ မိမိအား တစ်စုံတစ်ခုချန်လုပ်ထားသောသူသည် ခရစ်တော်၏တပည့်တော်မဖြစ်နိုင်။ ကိုယ်တော်နှင့်အတူလုပ်ဆောင်သောသူဖြစ်နိုင်ဖို့ရန် သာ၍ပင်ခက်၏။ လူတို့သည်ကြီးမားသောကယ်တင်ခြင်းကိုချစ်မြတ်နိုး၍ ခရစ်တော်၏အသက်တာ၌ ကိုယ်ကိုအနစ်နာခံခြင်းကိုတွေ့မြင်သောအခါ ထိုသို့သောခရစ်တော်၏ပုံသက်သေသည် သူတို့၏အသက်တာ၌ထင်ရှားစေရမည်။ ကိုယ်တော်လမ်းပြတော်မူရာသို့ သူတို့သည်လိုက်လျှောက်ရန် ဝမ်းသာကြလိမ့်မည်။ DA 273.

–o–

# (၄၃) ဘုရားသခင်နှင့်ငွေဘုရားသခင်ကို အစေခံရန်ကြိုးစားခြင်း

လောကပစ္စည်းကိုဆည်းပူးရာ၌ ရှိသမျှအားလုံးဆုံးရှုံးသွားမည်ကို စိုးရိမ်စရာရှိသည်။ အကြောင်းမှာ လောကဘဏ္ဍာကိုသက်စွန့်ကြိုးပမ်းရှာဖွေရာ၌ သာ၍မြင့်မားသောတရားတော်မြတ်ကို မေ့ပျောက်သွားတတ်သည်။ လောကတွင် ဘဏ္ဍာကိုဆည်းပူးရာ၌ စိတ်ပူပန်ခြင်းနှင့် ရှုပ်ထွေးခြင်းများရှိတတ်၍ ကောင်းကင်ကြွယ်ဝခြင်းများ၏တန်ဖိုးကို ခန့်မှန်းဖို့ရန် အချိန်မရှိ၊ ဆန္ဒမရှိဖြစ်တတ်သည်။ “အကြင်အရာ၌ သင်တို့၏ဘဏ္ဍာရှိ၏။ ထိုအရပ်သို့ သင်တို့၏စိတ်နှလုံးရောက်တတ်၏။ သင်၏အကြံအစည်များ၊ သင်၏အထင်အမြင်များ၊ သင်၏ရည်ရွယ်ရင်းများသည် လောကနှင့်ဆိုင်သောပုံဖြစ်နေ၍ သင်၏အသက်ဝိညာဉ်သည် တပ်မက်မောခြင်း၊ ကိုယ်ကျိုးရှာခြင်းဖြင့် ညစ်ညူးလျက်ရှိနေလိမ့်မည်။ လူသည် စကြဝဠာကိုအကြွင်းမဲ့အစိုးရ၍ မိမိ၏အသက်ဝိညာဉ်ကိုဆုံးရှုံးစေလျှင် အဘယ်အကျိုးကျေးဇူးရှိသနည်း။”





လူ၏စိတ်နှလုံးသည် သန့်ရှင်းသောဝိညာဉ်တော်၏တည်ရှိရာနေရာဖြစ်ပေလိမ့်မည်။ အဘယ်သူမျှကြံ၍မမှီနိုင်သောခရစ်တော်၏ငြိမ်သက်ခြင်းသည် သင်၏စိတ်နှလုံး၌တည်ရှိ၍ ကိုယ်တော်၏ပြုပြင်ပေးနိုင်သောကျေးဇူးတော်သည် သင်၏အသက်တာ၌ပြုပြင်၍ တန်ခိုးတော်နှင့်ပြည့်ဝသောတံတိုင်းသို့ဝင်ရောက်ရန် ထိုက်တန်စေလိမ့်မည်။ သို့သော်လည်း ကိုယ်ခန္ဓာတစ်ခုလုံးကို ကိုယ်ကျိုးအတွက်လုပ်ကိုင်ရာ၌ အသုံးချပါက သင်သည် ဘုရားသခင်နှင့်ကောင်းကင်အရာကို သင်၏အသက်တာတွင် ပထမဦးဆုံးစဉ်းစားရမည့်နေရာ၌ ထားရှိတော့မည်မဟုတ်ပေ။ သင့်ခွန်အားများကို လောကရေးရာ၌ သုံးနေသမျှကာလပတ်လုံး ခရစ်တော်၏ကျေးဇူးတော်အားဖြင့် သင်၏အကျင့်ကောင်းမှုတည်ဆောက်ဖို့ရန် အလွန်ခဲယဉ်းပေလိမ့်မည်။ သင်သည် သင့်အဖို့ကျက်သရေရှိဖို့ရန် လောက၌ ဘဏ္ဍာများကိုသိုမှီးထားရန် တတ်နိုင်ပေမည်။ သို့သော်လည်း “အကြင်အရာ၌ သင်၏ဘဏ္ဍာရှိ၏။ ထိုအရပ်သို့ သင်၏စိတ်နှလုံးသည်ရောက်တတ်၏။” ထာဝရနှင့်ဆိုင်သောစဉ်းစားဆင်ခြင်ခြင်းများသည် အရေးမကြီးသောအရာများကဲ့သို့ ထင်မှတ်လိမ့်မည်။ အပေါ်ယံဝတ်ပြုကိုးကွယ်ခြင်း၌ သင်ပါဝင်လိမ့်မည်။ သို့သော်လည်း သင်၏ပြုမူဆောင်ရွက်ခြင်းသည် ထာဝရဘုရားသခင်ရှေ့၌

စက်ဆုပ်ရွံရှာဖွယ်ရာများဖြစ်လိမ့်မည်။ သင်သည် ဘုရားသခင်နှင့်ငွေ၏အစေကိုမခံနိုင်ပေ။ သင်သည် သင်၏စိတ်နှလုံးကို ဘုရားသခင်ဘက်၌ပေးအပ်နိုင်သည်၊ (သို့မဟုတ်) သင်၏ခွန်အားအစွမ်းသတ္တိများကို လောကအဖို့ဆောင်ရွက်ပေးနိုင်သည်။ ဘုရားသခင်သည် စေတနာမပါသောဆောင်ရွက်ခြင်းကို အလိုမရှိပေ။ R & H, Sept. 1, 1910.

## တည်မြဲသောအရာဝတ္ထု (သို့မဟုတ်) ခဏသာတည်သောအရိပ်

ခရစ်တော်သည် မိမိ၏အသင်းတော်ဝင်တို့အား ဧဝံဂေလိတရားတော်၏မှန်ကန်သောမျှော်လင့်ခြင်းကို မြတ်နိုးခြင်းရှိရန်ခေါ်တော်မူသည်။ ကိုယ်တော်သည် အထက်သို့ညွှန်ပြလျက်တည်မြဲသောကြွယ်ဝခြင်းများသည် အောက်၌မဟုတ်ဘဲ အထက်အရပ်၌ရှိသည်ကို သေချာစွာစိတ်ချစေတော်မူသည်။ သူတို့၏မျှော်လင့်ခြင်းသည် ကောင်းကင်၌ရှိ၏။ မြေကြီးပေါ်၌မဟုတ်။ "ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာကြလော့" သင့်အဖို့လိုအပ်သောအရာများကို သင့်အား ထပ်၍ပေးတော်မူမည်ဟု မိန့်တော်မူသည်။



အများသောသူတို့၌ ဤလောက၏ဘဏ္ဍာများသည် ဘုရားသခင်၏တန်ခိုးတော်နှင့်ဆိုင်သောအရာများကို ဖုံးကွယ်ထားလျက်ရှိသည်။ သူတို့သည် မှန်ကန်ခြင်း၊ အစစ်ဖြစ်ခြင်း၊ တည်မြဲသောအရာများကို မှားယွင်းခြင်း၊ အတုဖြစ်ခြင်း၊ ခဏသာတည်သောအရိပ်များမှခွဲခြား၍မရပေ။ သူတို့၏မြင်ကွင်းမှကောင်းကင်နှင့်သက်ဆိုင်သည့်ဘဏ္ဍာများကို ဖုံးကွယ်ထားသောအရာများကိုဖယ်ရှားပစ်ရန် ခရစ်တော်သည် သူတို့အား တိုက်တွန်းတော်မူသည်။ သူတို့၌အမှန်အစစ်ဖြစ်သောအရာများကို အရိပ်အယောင်ထင်မြင်၍ အရိပ်အယောင်ဖြစ်သောအရာများကို အမှန်အစစ်ဟု ထင်မြင်မှားယွင်းနေခြင်းကို ဖယ်ရှားပစ်ရန် ကိုယ်တော်သည် သူတို့၌ အတင်းအကျပ်တောင်းဆိုတော်မူသည်။ ကိုယ်တော်မျှော်လင့်သည်အတိုင်း သူတို့သည် အမှုတော်ကိုဆောင်ရွက်နိုင်ရန် သူတို့၏ကိုယ်ခန္ဓာ၊ စိတ်နှင့် အသက်ဝိညာဉ်ခွန်အားကိုပေးရန် ဘုရားသခင်သည် မိမိ၏လူတို့ထံမှ အကျပ်အတည်းတောင်းဆိုတော်မူသည်။ သူတို့အဖို့ သိုးသန့်ထားသောကြွယ်ဝခြင်းများသည် ဤအသက်တာ၏အမြတ်အစွန်းများနှင့်မနှိုင်းယှဉ်နိုင်လောက်အောင် ကွာခြားခြင်းရှိသည်ဟု သူတို့ကိုယ်တိုင်ပြောဆိုဖို့ရန် ဘုရားသခင်အလိုတော်ရှိသည်။ R & H, June 23, 1904.

## စီးပွားချမ်းသာရှာဖွေခြင်း၌စိတ်လုံးလုံးဝင်စားနေခြင်း

စာတန်သည် ရေလွှမ်းမမိုးမီအချိန်၌ လုံ့လထုတ်လျက် လုပ်ကိုင်နေသကဲ့သို့ ယခုအချိန်၌လည်း ထိုနည်းအတိုင်းပင် လုပ်ကိုင်လျက်ရှိသည်။ အမျိုးမျိုးသောစွန့်စားခြင်းများနှင့် တီထွင်ခြင်းများကိုအသုံးပြု၍ လူအပေါင်းတို့၏စိတ်ကို ဤကမ္ဘာပေါ်ရှိ အရာများတို့၌ လုံးလုံးဝင်စားခြင်းရှိရန် ပြုလုပ်လျက်ရှိသည်။ လူအပေါင်းတို့သည် မိုက်မဲစွာပြုလုပ်ဖို့ရန် မိမိ၌ရှိသောအကြံအစည်ရှိသမျှနှင့် လုပ်ကိုင်လျက်ရှိသည်။ ကူးသန်းရောင်းဝယ်ခြင်း၌ လုံးလုံးစိတ်ကိုဝင်စားစေ၏။ ဤနည်းဖြင့် လူတို့၌ ထာဝရအသက်ရရှိဖို့ရန် မျှော်လင့်ခြင်းကိုပျက်ပြားစေခဲ့သည်။ လူ့အသက်ကို ဘေးအန္တရာယ်ဖြစ်စေသောတီထွင်မှုများကို စာတန်သည် ကြံစည်ပြုလုပ်လျက်ရှိသည်။ သူ၏ညွှန်ကြားခြင်းအောက်၌ လူတို့သည် သူတီထွင်သောအကြံအစည်များကိုထမ်းဆောင်ကြသည်။ လူတို့သည် စီးပွားချမ်းသာမှုနှင့် လောကတန်ခိုးကို ရှာဖွေရာ၌ လုံးလုံးစိတ်ဝင်စားလျက်ရှိကြရာ "ဘုရားသခင်မိန့်တော်မူသည်မှာ" ဟူသောအချက်ကို သတိမပြုကြပေ။

ထာဝရအသက်နှင့်ဆိုင်သောအရာများသည် အရေးကြီးသောအရာများမဟုတ်ဟု လူတို့၏စိတ်နှလုံး၌ထင်မြင်ခြင်းကို



စာတန်သည် တွေ့မြင်ရသောကြောင့် အထူးရွှင်မြူးလျက်ရှိသည်။ သူသည် လူတို့၏စိတ်နှလုံးထဲမှ ဘုရားသခင်အကြောင်း စဉ်းစားဆင်ခြင်မှုကိုနုတ်ယူ၍ လောကဆန်ခြင်းနှင့် စီးပွားရေး၌ စွဲလမ်းခြင်းကိုအစားသွင်းရန် ရှာကြံနေသည်။ ကမ္ဘာကြီးကို ဘုရားသခင်မရှိ၊ တရားမရှိထားရန်ဆန္ဒရှိသည်။ လူအပေါင်းသည် ဘုရားသခင်နှင့်ကောင်းကင်နိုင်ငံတော်ကိုမေ့လျော့၍ အားလုံးသောအသက်ဝိညာဉ်တို့ကို အုပ်စိုးခြင်းအောက်သို့ရောက်နိုင်ဖို့ရန် ပြုလုပ်ခြင်းသည် စာတန်ချမှတ်ထားသောအကြံအစည်ပင်ဖြစ်သည်။ သူကြံစည်ထားသည့်အတိုင်း အကောင်အထည်ဖော်နိုင်ရန် သူ၏တီထွင်ထားခြင်းများကို ယူဆောင်လာပြီးလျှင် လူတို့အားပေး၍ ၎င်းတို့တွင် လုံးလုံးစိတ်ဝင်စားခြင်းဖြစ်စေခဲ့ရာ သူတို့၌ ကောင်းကင်နိုင်ငံတော်နှင့်ဆိုင်ရာအရာများကို စဉ်းစားဖို့ရန် အချိန်မရှိတော့ပေ။

ယခုအချိန်၌ ဘုရားသခင်၏လူတို့သည် နိုးကြား၍ သူတို့ဂရုမစိုက်ဘဲ ပစ်ထားခဲ့သောအလုပ်ကို လုပ်ကိုင်ရကြမည်။ ဤအလုပ်ကို လုပ်ကိုင်ဆောင်ရွက်ဖို့ရန် ကျွန်ုပ်တို့၏အကြံအစည်၌ စိတ်၏အစွမ်း၊ ခွန်အား အားလုံးကိုအသုံးပြုရမည်။ သခင်ယေရှု၌ရှိသောသမ္မာတရားကို မည်သည့်နည်းနှင့်မဆို ပြသနိုင်ရန် ကျွန်ုပ်တို့သည် ခွန်အားစိုက်ထုတ်၍ ကြိုးစားရမည်။

အမှုတော်သည် ဝေးလံသောအရပ်ဒေသသို့ရောက်ရှိရမည်ဖြစ်သောကြောင့် ငွေကြေးအကုန်အကျနည်းနိုင်သလောက်နည်းအောင်ကြံစည်ဆောင်ရွက်ရမည်။ R & H, Dec. 15, 1910.

## ယုဒရှကာရုတ်ထံမှသင်ခန်းစာတစ်ခု

ယုဒ၌ အဖိုးတန်သောအရည်အချင်းများရှိသည်။ သို့သော်လည်း သူသည် ကယ်တင်ခြင်းကိုခံစားလိုပါက သူ၏အကျင့်၌ရှိသောထူးခြားသည့်အမှုအရာများကို စွန့်လွှတ်ပစ်ရလိမ့်မည်။ သူသည် အသစ်မွေးဖွားခြင်းကိုခံရမည်။ ဖောက်ပြန်သောအကျင့်မဟုတ်၊ မဖောက်ပြန်သောအကျင့်ကောင်းဖြစ်ရမည်။ သူ၌ ဗီဇမှပါလာ၍ ပြုစုပျိုးထောင်ထားသော မကောင်းမှုကြီးတစ်ခုမှာ တပ်မက်မောခြင်းပင်ဖြစ်သည်။ လေ့ကျင့်ပေးခြင်းအားဖြင့် ဤအရာသည် အကျင့်ဖြစ်လာ၍ သူလုပ်ကိုင်လေရာတို့၌တွေ့မြင်နိုင်သည်။ သူ၏ချွေတာတတ်သောဓလေ့သည် စေးနှဲသောစိတ်မျိုးသို့ကြီးထွားလာခဲ့၍ အကျိုးနည်းစေသောထောင်ချောက်ဖြစ်ခဲ့လေသည်။ သူသည် ဘာသာရေးနှင့်စပ်ဆိုင်သောဗဟုသုတကို အမြတ်အစွန်းဖြင့် တိုင်းတာခဲ့သည်။ မှန်ကန်သောဖြောင့်မတ်ခြင်းအားလုံးတို့သည် ဤအရာ၏အောက်ခြေ၌



သာရှိခဲ့သည်။ သူ့အသက်တာ၏အလုပ်အကိုင်များ၌ ခရစ်တော်နှင့်တူသောကျင့်ဝတ္တရားများဖြစ်သည့် ဖြောင့်မှန်ခြင်းနှင့် တရားမျှတခြင်းများအဖို့နေရာမရှိပေ။

သူသည် တပ်မက်မောခြင်းအားဖြင့် ဖောက်ပြန်သွားပြီဖြစ်သောကြောင့် ခရစ်တော်သည် သူ့အား အဖိုးထိုက်တန်သောသင်ခန်းစာများကြားနာဖို့ရန် အခွင့်အရေးပေးခဲ့လေသည်။ ကိုယ်တော်၏နိုင်ငံတော်သို့ ဝင်ရောက်လိုသောသူအပေါင်းတို့၌ရှိရမည့်ကျင့်ဝတ္တရားများနှင့်စပ်ဆိုင်၍ ခရစ်တော်သတ်မှတ်ချပေးခြင်းကို သူသည်ကြားရသည်။ ခရစ်တော်ကို သူ၏ကယ်တင်ရှင်အနေဖြင့်လက်ခံရန် အခွင့်အရေးအမျိုးမျိုးပေးခဲ့သည်။ သို့သော်လည်း သူသည် ဤဆုလာဘ်ကိုငြင်းပယ်ခဲ့လေသည်။ သူ၏နည်းလမ်းနှင့်စိတ်ဆန္ဒကို သခင်ခရစ်တော်အားပေးအပ်ခြင်းမရှိပေ။ သူသည် သူ၏စိတ်ကြိုက်နှစ်သက်နေသောအရာများနှင့် ဆန့်ကျင်ဘက်ဖြစ်သောအရာများကို မလိုက်နာမကျင့်သုံး။ သို့ဖြစ်၍ သူ၏အလွန်တပ်မက်မောသောစိတ်သဘောကိုပြုပြင်ခြင်းမရှိခဲ့ပေ။ သူသည် ပြင်ပ၌ တပည့်တော်တစ်ယောက်ဆက်လက်ဖြစ်နေလေသည်။ ခရစ်တော်၏ရှေ့တော်၌ရှိနေစဉ်ကပင် သူသည် ဘုရားသခင်၏ဘဏ္ဍာတိုက်နှင့်ဆိုင်သောငွေကို သူ့အဖို့သုံးစွဲခဲ့သည်။

ယုဒရှကာရုတ်သည် စိတ်နှလုံးထဲ၌ မှန်ရာကိုလုပ်ကိုင်ရန် ဆန္ဒရှိခဲ့လျှင် သူသည် ဤသင်ခန်းစာများမှ အကျိုးကျေးဇူးရရှိနိုင်မည်။ သို့သော်လည်း သူ၏ရယူဆည်းပူးလိုသောသဘောသည် သူ့ကိုစိုးမိုးသွားခဲ့၍ ငွေကိုတပ်မက်ခြင်းသည် သူ့ကိုအုပ်စိုးသောတန်ခိုးဖြစ်လာသည်။ အာရုံခံစားခြင်းအားဖြင့် သူ၏အကျင့်၌ ထူးခြားသောအမှုအရာကို ကြီးထွားအမြစ်တွယ်စေ၍ နှလုံးထဲ၌စိုက်ပျိုးထားသည့် ကောင်းသောသမ္မာတရားမျိုးစေ့ကို ဖယ်ထုတ်ပစ်လိုက်လေသည်။ R & H, Oct. 5, 1897.

## လောကကြီးကိုချစ်ခြင်းဖြင့် ဖုံးကွယ်ထားခြင်း

ကျွန်ုပ်တို့၏အကြံအစည်နှင့်လေးမြတ်စုံမက်ခြင်း၌ ဘုရားသခင်၏အမှုတော်ကို ပထမဦးဆုံးနေရာ၌ထားရမည်။ ဘုရားသခင်၏အမှုတော်အတွက် ကြေးငွေများကို လိုအပ်နေစဉ် ကိုယ်အဖို့အပျော်အပါးခံစားနေသောသူများအတွက် အတိအလင်းပြောဆိုဖို့ရန် လိုအပ်ပေသည်။ အချို့တို့သည် စိမ်းကားသည့်အမှုအရာနှင့် အကျင့်ဖောက်ပြန်လျက်ရှိရာ များမကြာမီပျောက်လွင့်သွားမည့် လောကဘဏ္ဍာများအပေါ်၌သာ သံယောဇဉ်ရှိနေကြသည်။ လောကကိုချစ်ခြင်းသည် သူတို့ကိုထူထပ်သော



ခြုံထည်ဖြင့် ပတ်ရစ်ထားသကဲ့သို့ဖြစ်နေသည်။ သူတို့၏လမ်းစဉ်ကိုမပြောင်းလဲပါက ခရစ်တော်အဖို့ မိမိကိုယ်ကိုငြင်းပယ်ရခြင်းသည် မည်မျှအဖိုးထိုက်တန်သည်ကို သိကြမည်မဟုတ်။ ကျွန်ုပ်တို့၏စိတ်နှလုံးထဲမှ စွဲလမ်းမှုများနှင့် လောကကိုချစ်ခြင်းကိုဖယ်ရှားပစ်လိုက်ရမည်။ ကိုယ့်ကိုကိုယ်ကိုချည်နှောင်ထားကြသောအသက်ဝိညာဉ်များတို့၌ ဘေးအန္တရာယ်ဝန်းရံနေသည်ကို သိမြင်ကြသောဓမ္မဆရာများနှင့် သစ္စာရှိသောမိတ်ဆွေများတို့သည် သူတို့၏လမ်းစဉ်မှားယွင်းနေကြောင်း သစ္စာရှိစွာဖော်ပြကြသည်။ သို့ရာတွင် သူတို့သည် မိမိတို့အား မွန်မြတ်သောစိတ်သဘောမျိုးဖြင့် ဆုံးမသွန်သင်ခြင်းပေးသောသူတို့ကို ဆန့်ကျင်ဘက်ပြုကြသည်။

သူတို့သည် ဝိညာဉ်ရေးထိုင်းမှိုင်းလေးကန်နေသောအခြေအနေမှ နိုးကြားလာ၍ ဘုရားသခင်နှင့်အကျွမ်းဝင်ကြရပေမည်။ မမြင်နိုင်သောဘုရားသခင်ကို မတွေ့မမြင်စေရန် ကမ္ဘာကြီးသည် သူတို့၏မျက်စိကိုဖုံးကွယ်စေခဲ့ပြီ။ ထာဝရစဉ် စိတ်ဝင်စားဖွယ်ရာကောင်း၍ အဖိုးထိုက်တန်ဆုံးသောအရာများကို သူတို့သည် ခွဲခြားသိမြင်နိုင်ခြင်းမရှိပေ။ သို့သော်လည်း ဘုရားသခင်၏သမ္မာတရားကို အလွန်မှန်သောမီးရောင်၌ ကြည့်ရှုကြရာ သူတို့အဖို့ အဖိုးမတန်ဖြစ်လေသည်။ ယခုဘဝနှင့်ဆိုင်သော

အရာသည် အမြုတေလောက်ပင်သေးငယ်သော်လည်း သူတို့၏ ရှေ့၌ အလွန်ကြီးများခြင်းရှိ၍ ထာဝရကာလနှင့်ဆိုင်သော မျက်မြင်မဲ့အရာသည် သူတို့၏အရေအတွက်၌မပါရှိပေ။ R & H, Oct. 31, 1893.

## မှန်ကန်သောရက်ရောမှုပျက်စီးသွားခြင်း

ဘုရားသခင်၏အမှုတော်ကိုထောက်ပံ့သောသူတို့တွင် အထူးသဖြင့် ဆင်းရဲသောသူများသာလျှင် ထောက်ပံ့ခြင်းပြုကြသည်။ သူတို့၌ အနည်းငယ်သာရှိသော်လည်း ထိုအနည်းငယ်ဖြင့် ရက်ရောခြင်းရှိကြသည်။ သူတို့သည် အဆက်မပြတ်ရက်ရောခြင်းဖြင့် သူတို့၏ရက်ရောသောစေတနာစိတ်ကို ထက်သန်စေသည်။ သူတို့၏သုံးငွေသည် ဝင်ငွေနှင့်မတိမ်းမယိမ်းအခြေအနေ၌ရှိသောအခါ လောကနှင့်ဆိုင်သောကြွယ်ဝချမ်းသာခြင်း၌ မက်မောခြင်းစိတ်သည် ဆုတ်ယုတ်သွားခဲ့လေသည်။

သို့သော်လည်း အများသောသူတို့သည် မြေကြီးနှင့်စပ်ဆိုင်သောဥစ္စာပစ္စည်းကို စ၍စုဆောင်းမိသောအခါ မည်သည့်အချိန်၌ မိမိတို့ရည်မှန်းထားသောချမ်းသာမှုကိုရရှိလိမ့်မည်ကို သိလို၍ ရေတွက်တတ်ကြသည်။ မိမိတို့အဖို့ ဥစ္စာပစ္စည်းစုဆောင်းဖို့ရန် စိတ်ပူပန်ခြင်းကြောင့် သူတို့သည် ဘုရားသခင်၌ ကြွယ်ဝခြင်းရှိဖို့ရန် ပျက်ကွက်ကြလေသည်။ သူတို့၏ကောင်းမှုပြုလိုသောဆန္ဒသည် စုဆောင်းခြင်း၏အရှိန်ကို မလိုက်နိုင်ပေ။ ကြွယ်ဝချမ်းသာဖို့ရန် စိတ်ပြင်းထန်လာသည်နှင့်အမျှ သူတို့၏ လောဘရမ္မက်သည် သူတို့၏ဘဏ္ဍာနှင့်ချည်နှောင်လျက်ရှိလေသည်။ သူတို့၌ ပစ္စည်းဥစ္စာကြွယ်ဝလာသောအခါ ပို၍ချမ်းသာရရှိဖို့ရန် ဆန္ဒဖြစ်ပေါ်လာခဲ့ပြန်သည်။ နောက်ဆုံးဘုရားသခင်အား ဆယ်ပုံတစ်ပုံကိုပေးရခြင်း၌ ခံပြင်းသောအခွန်တော်ဖြစ်သည်ဟု အချို့တို့သည် ထင်မှတ်ကြသည်။ ကြွယ်ဝချမ်းသာခြင်းသည် တိုးပွားလာသောအခါ သင်၏စိတ်နှလုံးကို ထိုအရာပေါ်သို့ မရောက်စေနှင့်ဟု ဆုံးမစကားရှိသည်။ “ကျွန်ုပ်၌ ထိုသူလောက် ကြွယ်ဝချမ်းသာခြင်းရှိပါက ဘုရားသခင်၏ဘဏ္ဍာတိုက်ထဲသို့ သာ၍များပြားသောလက်ဆောင်ပဏ္ဏာများကို ပေးကမ်းမည်။ ကျွန်ုပ်တို့၏ဥစ္စာခနေကို ဘုရားသခင်အမှုတော်ကိုတိုးပွားဖို့အတွက် သာအသုံးချမည်” ဟု အများသောသူတို့သည် ပြောဆိုတတ်ကြသည်။ ဘုရားသခင်သည် အချို့သောသူတို့ကို ကြွယ်ဝချမ်းသာခြင်းပေး၍ စုံစမ်းတော်မူသည်။ သို့သော်လည်း ကြွယ်ဝချမ်းသာလာသည်နှင့်အမျှ စုံစမ်းနှောင့်ယှက်ခြင်းသည် ပြင်းထန်လာခဲ့လေသည်။ သူတို့၌ ကောင်းမှုပြုလိုသောသဘောသည် ဆင်းရဲ

သောအချိန်ကထက် နိမ့်ကျသွားခဲ့လေသည်။ သာ၍ကြွယ်ဝချမ်းသာခြင်းဆန္ဒသည် ပြင်းထန်သောကြောင့် သူတို့၏စိတ်နှလုံးကိုစိုးမိုးလိုက်သောကြောင့် သူတို့သည် မမှန်သောဘုရားသခင်ကို ကိုးကွယ်ဝတ်ပြုကြသည်။ 3T 403.

အချို့တို့သည် ဆင်းရဲနေစဉ် သူတို့၌ရှိသောအနည်းငယ်ကို ရက်ရောခြင်းရှိကြသည်။ သို့သော် ဥစ္စာပစ္စည်းတိုးတက်လာသောအခါ စေးနဲစစ်စီလာကြသည်။ သူတို့၌ယုံကြည်ခြင်းအနည်းငယ်ရှိခြင်းအကြောင်းမှာ သူတို့သည် စီးပွားရေးတိုးတက်လာစဉ် ရှေ့သို့တစ်ဆင့်တိုး၍မပြုလုပ်၊ ဘုရားသခင်၏အမှုတော်အဖို့ အနစ်နာခံ၍ပေးကမ်းခြင်းမပြုလိုကြပေ။ 4T 77.

–ဝ–

## (၄၄) အကျိုးမဲ့ကဝိမြောက်ဆရာများ

သမ္မာကျမ်းစာသည် အကျင့်မရှိသောကဝိမြောက်ဆရာအတော်များများအကြောင်းကိုဖော်ပြခဲ့သည်။ အများသောသူတို့သည် ဘုရားသခင်ကိုယုံကြည်သည်ဟုပြောဆိုသော်လည်း သူတို့၏အလုပ်အကိုင်အားဖြင့် ကိုယ်တော်ကိုငြင်းပယ်ကြသည်။ သူတို့သည် ငွေ၊ အိမ်များနှင့် မြေယာများကို ကိုးကွယ်သောသူများဖြစ်သောကြောင့် ဘုရားသခင်မှန်တရားမှန်ကို မကိုးကွယ်သောသူများ၊ ဖောက်ပြန်ရေးသမားများဟုခေါ်လေသည်။ ကိုယ်ကျိုးရှာဖွေခြင်းသည် တပ်မက်မောခြင်းဖြစ်၍ ဘုရားသခင်မှန်ကို မကိုးကွယ်ခြင်းဖြစ်သည်။ ဘုရားသခင်ကိုလည်းကောင်း၊ ကျမ်းစာကိုလည်းကောင်း ယုံကြည်သည်ဟုပြောဆို၍ မိမိတို့၏နာမည်ကို အသင်းတော်၌မှတ်တမ်းစာရင်းသွင်းသောသူတို့အား ဘုရားသခင်သည် စောင့်ထိန်းကြည့်ရှုရန် ပေးအပ်သောပစ္စည်းများအားဖြင့် ကိုယ်တော်အဖို့စွန့်ကြဲပေးကမ်းရမည်ဖြစ်သော်လည်း သူတို့သည် ထိုပစ္စည်းများကိုသာ ကိုးကွယ်ဝတ်ပြုသောသူများဖြစ်ကြသည်။ သူတို့သည် ကိုယ်ထိလက်ရောက်သူတို့၏လောကပစ္စည်းကို ကိုးကွယ်ခြင်းပြုကြသော်လည်း ထိုပစ္စည်းများသည် သူတို့၏ဘုရားသခင်ဖြစ်ကြသည်။ သူတို့သည် ငွေဘုရားသခင်ကို

ကိုးကွယ်သောသူများဖြစ်ကြသည်။ ဖန်ဆင်းရှင်ကိုသာ အရိုအသေပေးခြင်းရှိရမည်ဖြစ်သော်လည်း သူတို့သည် ဤလောက၏ပစ္စည်းများကိုသာအရိုအသေပေးကြသည်။ အားလုံးတို့ကိုသိမြင်၍တွေ့မြင်တော်မူသောဘုရားသခင်သည် သူတို့၏လုပ်ပုံကိုင်ပုံမှားယွင်းခြင်းကို မှတ်သားတော်မူသည်။

လောကနှင့်ဆိုင်သောလုပ်ကိုင်နည်းလမ်းများ၌ နေရာကျယ်ဝန်းစွာရရှိနိုင်ဖို့ရန် လောကနှင့်ဆိုင်သောခရစ်ယာန်တစ်ယောက်၏အသက်တာ၌ ဘုရားသခင်ကိုထုတ်ပယ်ထားကြသည်။ ငွေသည် သူ၏ဘုရားသခင်ဖြစ်၏။ ငွေကို ယေဟောဝါဘုရားသခင်ပိုင်၏။ သို့သော် ၎င်းငွေအပ်နှံထားခြင်းခံရသောသူသည် ကောင်းမှုပြုလိုသောအပြုအမူများဖြင့် ငွေကိုအသုံးပြုရန်ငြင်းဆန်လေသည်။ ဘုရားသခင်၏ပုံစံတော်အတိုင်း သူသည်ခွဲဝေပေးကမ်းခြင်းကိုပြုလုပ်ပါက သူ၏ကောင်းသောအလုပ်အကိုင်များ၏မွှေးသောနံ့သာပေါင်းသည် ကောင်းကင်သို့တက်၍ထောင်ပေါင်းများစွာပြောင်းလဲလာသောအသက်ဝိညာဉ်တို့၏ချီးမွမ်းခြင်းနှင့်ကျေးဇူးတင်ခြင်းသီချင်းသံကိုကြားရပေမည်။

ဘုရားသခင်၏နိုင်ငံတော်တိုးတက်စေခြင်း၊ ကျူးလွန်ခြင်းနှင့် အပြစ်ထဲ၌ ဝိညာဉ်ရေးသေဆုံးနေသောသူများကို သတိတရားရစေခြင်း၊ အပြစ်သားတို့အနာကို ပျောက်စေသော



ကယ်တင်ရှင်သည် မေတ္တာအကြောင်းပြောပြခြင်း၊ ဤအလုပ်အကိုင်မျိုး၌ ကျွန်ုပ်တို့၏ငွေကိုအသုံးပြုရမည်။ သို့သော်လည်း အများအားဖြင့် ကိုယ်ကိုချီးမြှောက်ခြင်းအတွက် အသုံးပြုကြသည်။ အသက်ဝိညာဉ်များကို ဘုရားသခင်နှင့်ခရစ်တော်ကိုသိရှိဖို့ရန် ခေါ်ဆောင်လာ၍ ကောင်းသောအရာဟူသမျှကိုပေးတော်မူသောဘုရားသခင်ကိုချီးမွမ်းခြင်းနှင့် ကျေးဇူးတင်ခြင်းဖြစ်စေမည့်အစားမြေကြီးနှင့်ဆိုင်သောဥစ္စာပစ္စည်းများသည် ဘုရားသခင်၏တန်ခိုးတော်ကိုမှေးမှိန်စေ၍ ကောင်းကင်၏မြင်ကွင်းကို ဖုံးကွယ်ထားလေသည်။ ငွေကို မတရားနည်းသုံးစွဲခြင်းကြောင့် ကမ္ဘာမြေကြီးသည် မကောင်းမှုများဖြင့်ပြည့်ဝလျက်ရှိသည်။ စိတ်၏တံခါးသည် ကယ်တင်ရှင်မဝင်နိုင်အောင် ပိတ်ထားလျက်ရှိသည်။

ရွှေနှင့်ငွေသည် ငါပိုင်ပစ္စည်းဖြစ်သည်ဟု ထာဝရဘုရားမိန့်တော်မူသည်။ မိမိ၏ကြေးငွေများကို မည်ကဲ့သို့သီးခြားသုံးစွဲနေသည်ကို သိရှိနိုင်ရန် ကိုယ်တော်သည် အာဒံ၏သားသမီးတိုင်းတို့၏စာရင်းကို အသေအချာထားတော်မူသည်။

## ကောင်းကင်နိုင်ငံတော်၏ဥစ္စာပစ္စည်းများကိုပိုင်ဆိုင်ခွင့်ရှိခြင်း

ထိုကာလ၌လူတို့သည် မိမိတို့ကိုးကွယ်ဖို့ မိမိတို့လုပ်ဖူးသောငွေရုပ်၊ ရွှေရုပ်တို့ကို ပွေးများ၊ လင်းနို့များ၌ပစ်ထားကြ

လိမ့်မည်။ ထာဝရဘုရားသခင်သည် ထတော်မူသောအခါ ထိုဘုရားသခင်ကို ကြောက်ခြင်းအရှိန်၊ တန်ခိုးတော်အရှိန်ကြောင့် ကျောက်တွင်း၊ ကျောက်ကြားထဲသို့ဝင်ပြေးကြလိမ့်မည်။ အမျက်ထွက်နေသောနေ့၌ ဤလောက၏ဥစ္စာဓနများသည် အကျိုးရှိလိမ့်မည်မဟုတ်။ သို့သော်လည်း ယုံကြည်ခြင်းနှင့်နားထောင်ခြင်းသည် အောင်မြင်ခြင်းကိုပေးလိမ့်မည်။ (ဟေရှာယ ၂း၂၀၊၂၁)။

ကျွန်ုပ်တို့သည် မိမိတို့၌ရှိသမျှသောယုံကြည်ခြင်းကို အသုံးပြုကြလိမ့်မည်။ ယုံကြည်ခြင်းအကြောင်းပြောဆို၍ မိမိကိုယ်ကိုပညာပေးပြီး အနာဂတ်အသက်တာအဖို့ ပြင်ဆင်ရမည်။ လူတို့သည် မိမိတို့ပိုင်သောမြေကြီးကို တရားဥပဒေအရ ပိုင်ဆိုင်ဖို့ရန် မည်မျှကြိုးစားအားထုတ်ကြသနည်း။ တရားဥပဒေနှင့်ရင်ဆိုင်နိုင်သည့်စာချုပ်စာတမ်းများ သူတို့၌ရှိရမည်။ သူ၏ပိုင်ဆိုင်ခွင့်၌ မှားယွင်းခြင်းမရှိမှသာလျှင် ပိုင်ဆိုင်သောသူ၌ စိတ်ချခြင်းရှိလိမ့်မည်။ သို့ဖြစ်၍ လူတို့သည် ဥပဒေစစ်ဆေးခြင်းကို ခံနိုင်သောကောင်းကင်နိုင်ငံတော်၏ဥစ္စာပစ္စည်းများကို အဘယ်ကြောင့်ပိုင်ဆိုင်ခွင့်မယူကြသနည်း။ တမန်တော်သည် ခရစ်တော်၏နောက်လိုက်များတို့အား သူတို့ခံရသောခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်းကိုတည်မြဲစေခြင်းငှာ သာ၍ကြိုးစားအားထုတ်ကြလော့ဟု နှိုးဆော်သည်။ သင်သည် မသေနိုင်သော



အဖြစ်ကို တောင်းယူရာ၌ မှားယွင်းခြင်းမရှိရ။ အပြစ်အနာအဆာမရှိစေရ။ "အသက်ပင်နှင့်ဆိုင်၍ မြို့တံခါးအတွင်းသို့ဝင်အံ့သောငှာ ပညတ်တော်တို့ကိုကျင့်သောသူတို့သည် မင်္ဂလာရှိကြ၏" ဟု ကယ်တင်ရှင်မိန့်တော်မူသည်။ R & H, April 30, 1889.

## ထာဝရတည်မြဲသောစည်းစိမ်ဥစ္စာများကိုမထီမဲ့မြင်ပြုခြင်း

မိမိတို့ကိုယ်ကို အိမ်မှုကိစ္စများနှင့်ရှုပ်ထွေးသော အရောင်းအဝယ်ကိစ္စများဖြင့် ဝန်လေးနေသောသူတို့ကို ကိုယ်တော်သည် သနားခြင်းဖြင့် ကြည့်ရှုတော်မူသည်။ သူတို့သည် အစေခံခြင်းဖြင့် အလွန်ဝန်လေးနေကြလျက် လိုအပ်သောအရာတစ်ခုကို မေ့လျော့နေကြသည်။ "သင်တို့သည် ဖြောင့်မတ်ခြင်းတရားနှင့် ဘုရားသခင်၏နိုင်ငံတော်ကို ရှေးဦးစွာရှာကြလော့" ဟု ကယ်တင်ရှင်မိန့်တော်မူသည်။ "နောက်မှ ထိုအရာများကို ထပ်၍ပေးတော်မူလတ္တံ့။" အခိပ္ပါယ်မှာ ဤကမ္ဘာကိုကျော်ခိုင်း၍ ကောင်းကင်နိုင်ငံတော်နှင့်ဆိုင်သောအရာကို ကြည့်ရှုရမည်။ ဘုရားသခင်တန်ဖိုးထားသောအရာများကိုရရှိဖို့ရန် သင်၌ရှိသောစိတ်ခွန်အားဖြင့်စိုက်ထုတ်၍ ကြိုးစားရမည်။ သင်သည် ဤအရာများကိုရရှိနိုင်ဖို့ရန် သခင်ခရစ်တော်သည် မိမိအသက်တော်ကိုစွန့်တော်မူ

ခဲ့သည်။ ကိုယ်တော်အသေခံတော်မူခြင်းသည် ကောင်းကင်နှင့် ဆိုင်သောကုန်သွယ်ခြင်းတံခါးများကို သင့်အဖို့ဖွင့်ပေးထားသည်။ ကိုယ်တော်သည် သင့်အားအပ်နှံထားသောရင်းနှီးငွေဖြင့် ဝိညာဉ်များကို ကိုယ်တော်အဖို့အောင်မြင်၍ သင်၏ဘဏ္ဍာကို ဘုရားသခင်၏စင်မြင့်နံဘေး၌ချထားပါလေ။ ဤကဲ့သို့ပြုလုပ်ခြင်းသည် သင့်အဖို့ ထာဝရတည်မြဲသောစည်းစိမ်ဥစ္စာကိုပေးလိမ့်မည်။

အပြစ်နှင့်ပြည့်ဝနေသောလောကကို ကယ်တင်ဖို့ရန် ကောင်းကင်နိုင်ငံတော်မှပေးသောဆုလာဘ်ကြီးကို ကျွန်ုပ်တို့သည် စဉ်းစားဆင်ခြင်ပြီးနောက် ကျွန်ုပ်တို့ပေးကမ်းနိုင်သောအလှူငွေကို စဉ်းစားပြန်သောအခါ နှိုင်းယှဉ်ကြည့်ဖို့ရန် စိတ်တန့်သွားကြမည်။ စကြဝဠာတစ်ခုလုံးအပေါ်၌ တောင်းဆိုတော်မူခြင်းသည် ထိုလက်ဆောင်ပဏ္ဏာတစ်ခုတည်းနှင့်ပင် နှိုင်းယှဉ်၍မရပေ။ အဖဘုရားသခင်နှင့်တန်ခိုးရည်တူညီသော ခရစ်တော်သည် လူတို့အသက်အတွက် အဖိုးကိုပေးဖို့ရန် လာရောက်၍ သူတို့အဖို့ ထာဝရအသက်ကိုပေးခြင်း၌ မတိုင်းတာနိုင်သောမေတ္တာတော်ကို ထုတ်ဖော်ပြသခဲ့လေသည်။ ခရစ်တော်၏နာမတော်ကို ဝန်ခံသောသူတို့သည် ကမ္ဘာကြီး၏ကယ်တင်ရှင်၌ ဆွဲဆောင်ခြင်းတန်ခိုးကိုမတွေ့မြင်နိုင်သလော။ သမ္မာတရားနှင့်ဖြောင့်မတ်ခြင်းကို



ရရှိဖို့ရန် ဂရုမစိုက်ဘဲ ကောင်းကင်ဘဏ္ဍာကိုပစ်ပယ်၍ မြေကြီးနှင့်ဆိုင်သောဘဏ္ဍာကို ဆည်းပူးကြမည်လော။

"အပြစ်စီရင်ခြင်းကိုခံရကြောင်းကား၊ အလင်းသည် ဤလောကသို့ဝင်၍ လူတို့သည် မကောင်းသောအကျင့်ကိုကျင့်သောကြောင့် အလင်းထက်မှောင်မိုက်ကို သာ၍နှစ်သက်ကြ၏။ ဆိုးယုတ်သောအကျင့်ကို ကျင့်သောသူအပေါင်းတို့သည် အလင်းကိုမြင်ပြင်းကတ်၍ မိမိတို့အကျင့်၌ အပြစ်ပါသည်ကို မထင်ရှားစေခြင်းငှာ အလင်းသို့မချဉ်းကပ်ကြ။ သမ္မာတရားကိုကျင့်သောသူမူကား၊ မိမိအကျင့်တို့သည် ဘုရားသခင်၏အလိုတော်နှင့်ညီသည်ကို ထင်ရှားစေခြင်းငှာ အလင်းသို့ချဉ်းကပ်သည်ဟု ဟောတော်မူ၏။"

ဤဧဝံဂေလိသတင်းစကားသည် ဓမ္မသစ်ကျမ်း၌ အဖိုးအထိုက်တန်ဆုံးသောစာပိုဒ်တစ်ပိုဒ်ဖြစ်သည်။ ၎င်းကိုလက်ခံသောအခါ လက်ခံယူသောသူတို့၏အသက်တာများ၌ ကောင်းသောအပြုအမူများကိုပေးအပ်၍ သူတို့၏တန်ဖိုးသည် စိန်နှင့်ရွှေထက် အဖိုးထိုက်တန်လေသည်။ မြေကြီးနှင့်ဆိုင်သော အသက်တာ၌ ပျော်ရွှင်ခြင်းနှင့် စိတ်သက်သာခြင်းကိုယူဆောင်လာရန် တန်ခိုးရှိ၍ ယုံကြည်သောသူအား ထာဝရအသက်ကို ပေးသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် နားလည်၍ အနက်အဓိပ္ပါယ်

ကိုပြည့်စုံစွာခံယူနိုင်ရန် ကျေးဇူးတော်အလင်းအားဖြင့် ထွန်းလင်းခြင်းရှိပါစေ။ ငါသည် သင်တို့အပေါ်သို့ လောကပစ္စည်းဥစ္စာထက်သာ၍အဖိုးထိုက်တန်သောဘဏ္ဍာကို ချပေးတော်မူမည်။ ထိုဘဏ္ဍာသည် သင်တို့ကိုကြွယ်ဝချမ်းသာခြင်းနှင့် ကောင်းချီးမင်္ဂလာကိုအစဉ်ပေးလိမ့်မည်။ R & H, March 5, 1908.

မည်မျှမညီမညွတ်ဖြစ်သနည်း။ မည်မျှအသုံးမရဖြစ်သနည်း။ "ထိုအခါ ယေရှုက၊ ငါ့ခြံဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်။" မင်္ဂလာဆောင်ဝတ်စုံဖြစ်သောခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံကို ဝတ်ဆင်ထားသောသူတို့သည် လက်ဝါးကပ်တိုင်ကိုချီပင့်၍ ကယ်တင်ရှင်၏ခြေတော်ရာအတိုင်း လိုက်သင့်မလိုက်သင့်ကို မေးမြန်းလိမ့်မည်မဟုတ်။ သူတို့သည် စိတ်ဆန္ဒအပြည့်အဝနှင့် ပျော်ရွှင်စွာကိုယ်တော်၏အမိန့်ကို နားထောင်ကြမည်။ အသက်ဝိညာဉ်များသည် ခရစ်တော်မပါဘဲ ပျက်စီးနေကြသည်။ သို့ဖြစ်၍ လူအပေါင်းတို့သည် ရာထူးနှင့်ကြေးငွေရရှိဖို့ရန် ကြိုးစားနေခြင်း၌ မည်မျှမညီညွတ်ခြင်းရှိသနည်း။ ခရစ်တော်သည် မိမိ၏နှုတ်ကပတ်တော်၌ဖော်ပြထားသောသင်ခန်းစာများနှင့်နှိုင်းယှဉ်လိုက်သောအခါ စာတန်ပေးသောကိုယ်ကျိုးရှာဖွေခြင်းနှင့် ထင်ပေါ်လိုသော



ဆန္ဒမှဖြစ်ပေါ်လာသောအကြောင်းရင်းများသည် မည်မျှအားနည်းခြင်းရှိသနည်း။ ကောင်းကင်ဘုံရှင်အဖဘုရားသခင်ပေးကမ်းသောအရာမှလွဲ၍ လောကမှပေးသောအရာသည် မည်မျှအသုံးမရဖြစ်သနည်း။ R & H, Sept. 19, 1899.

## ဘုရားသခင်စီမံထားတော်မူလိမ့်မည်

လူသည် ဘုရားသခင်ပေးကမ်းသောဆုကို အကြောင်းမဲ့သက်သက်မဖြုန်းတီးရန် ကြည့်ရှုနေစဉ် စေးနှဲခြင်း၊ ရယူဆည်းပူးတတ်သောသဘောကိုလည်း အောင်မြင်ရမည်။ ဤကဲ့သို့သဘောရှိခြင်းသည် မခံမရပ်နိုင်ခြင်း၊ မတရားသောအမှုကိုဖြစ်ပွားစေတတ်သည်ဖြစ်၍ ထိုသို့သောအမှုကို ဘုရားသခင်သည် ရှုံ့ရှာတော်မူသည်။ အသက်တာ၏လိုအပ်နေသောအရာများနှင့်စပ်ဆိုင်၍ ခရစ်ယာန်များသည် စိတ်ပူပန်သောကရောက်နေခြင်းဖြင့် မိမိကိုယ်ကိုမညှဉ်းဆဲရပေ။ လူတို့သည် ဘုရားသခင်ကိုချစ်၍ နားထောင်ခြင်းဖြင့် မိမိတို့ဆိုင်သောအပိုင်းကိုပြုလုပ်ပါကဘုရားသခင်သည် သူတို့လိုအပ်သောအရာအားလုံးကို ပေးတော်မူမည်။ သင်၏အစာကို နဖူးမှချွေးယိုစီးမှစားရမည်ဖြစ်သော်လည်း သင်သည် ဘုရားသခင်ကို ယုံကြည်စိတ်ချခြင်းကင်းမဲ့ခြင်းမရှိပေ။

ကိုယ်တော်၏စီမံထားခြင်း၌ သင်လိုအပ်သောအရာကို ကိုယ်တော်သည် သင့်အား တစ်နေ့မှတစ်နေ့သို့ပေးကမ်းတော်မူမည်။ ခရစ်တော်၏ဤသင်ခန်းစာသည် စိတ်ပူပန်တတ်ခြင်းများ၊ ရှုပ်ထွေးခြင်းများ၊ ယုံမှားသံသယရှိခြင်းများနှင့် ယုံကြည်ခြင်းကင်းသောစိတ်နှလုံးကို ဆုံးမခြင်းဖြစ်သည်။ လူသည် မည်မျှပင်စိုးရိမ်ကြောင့်ကြခြင်းရှိသော်လည်း သူ၏အရပ်အမောင်း၌ တစ်လက်မမျှရှည်လာအောင်မပြုလုပ်နိုင်ပေ။ သို့ဖြစ်၍ မနက်ဖြန်နှင့်လိုအပ်သောအရာများအတွက် စိတ်သောကရောက်စရာမလိုပေ။ သင်လုပ်ကိုင်ရမည့်ဝတ္တရားအတိုင်းလုပ်ကိုင်၍ ဘုရားသခင်ကိုကိုးစားပါ။ သင်၌လိုအပ်နေသောအရာများကို ဘုရားသခင်သိတော်မူသည်။ R & H, Sept. 18, 1888.

–၀–

## (၄၅) ဥစ္စာဓနကိုစုသိမ်းခြင်း

ဘုရားသခင်၏လူတို့သည် ယခုခေတ်သမ္မာတရားနှင့်စပ်ဆိုင်၍ ကြီးကျယ်သောအလင်းကိုရရှိထားကြသောကြောင့် သူတို့၏ဘုရားသခင်သည် မိုးတိမ်စီး၍ ကြွလာတော်မူမည်ကိုစောင့်မျှော်နေရန် မမေ့သင့်ပေ။ သူတို့သည် မှောင်မိုက်၏အလုပ်များကိုရပ်တန့်၍ အလင်း၏လက်နက်စုံကိုဝတ်ဆင်ကြရမည်။ မည်သူမျှ သူတို့၏ရွှေ၊ (သို့မဟုတ်) ငွေ၊ (သို့မဟုတ်) မြေယာ၊ ဘဏ္ဍာများကိုတည်၍ သူ၏စိတ်နှလုံးကို လောက၏အစေခံဖို့ရန်မပြုရ။ စိတ်ဝင်စားခြင်းလည်းမရှိစေရ။ ကုန်လှောင်ဈေးကစားဖို့ရန်စိတ်ဆွဲဆောင်မှုသည် တောရောမြို့ပါပျံ့နှံ့လျက်ရှိပါသည်။ မိမိ၏တော်သင့်သောခွဲလုံ့လအားထုတ်မှုဖြင့် ကြွယ်ဝချမ်းသာမှုအတော်အသင့်ရလျှင် ကျေနပ်လောက်ပါပြီဟူသောအယူအဆသည် ဤတိုးတက်နေသောခေတ်အချိန်နှင့်မကိုက်ညီတော့ဘဲ များသောသူတို့က မျက်ကွယ်ပြုကြ၏။

ကုန်လှောင်ဈေးကစားဖို့ရန် ဆန္ဒရှိသောကြောင့် မြို့နှင့်တောရွာကျေးလက်၌ ချက်ချင်းအမြတ်အစွန်းများစွာရနိုင်မည့်ပစ္စည်း၊ အိမ်မြေယာများကိုဝယ်ယူ၍ ရောင်းချခြင်းအလုပ်သည်လူ၏လောဘဆန္ဒအမြင့်ဆုံးသို့ရောက်စေသည့်အချိန်အနည်းငယ်

အတွင်း လောကနှင့်ဆိုင်သောဘဏ္ဍာကိုရရှိဖို့ရန် သူတို့၏စိတ်၊ အကြံနှင့်အလုပ်ကို ဤကိစ္စ၌သာလျှင် ဦးစားပေးထားကြသည်။ ကျွန်ုပ်တို့၏လူငယ်များပင်လျှင် တိုတောင်းသောအချိန်အတွင်း ချမ်းသာကြွယ်ဝခြင်းအခြေအနေသို့ရောက်ရှိအောင် ကြိုးစားလျက်ရှိရာ ကြွယ်ဝခြင်းသို့မရောက်ဘဲ ပျက်စီးခြင်းသို့ရောက်ခဲ့ကြသည်။ အမြတ်အစွန်းရရှိလိုသောဆန္ဒသည် ပြင်းပြသောကြောင့် စိတ်နှလုံးထဲသို့ ရန်သူသည် စုံစမ်းနှောင့်ယှက်ရန်ဝင်ရောက်လာလေသည်။ ဝင်ရောက်လာသောစုံစမ်းနှောင့်ယှက်ခြင်းများသည် စိတ်နှလုံးကိုဆွဲဆောင်မှုအပြည့်အဝပါရှိခဲ့ရာ အချို့သူတို့သည် ၎င်းတို့ကိုတားဆီးခြင်းမပြုနိုင်တော့ပေ။

## အမြတ်အစွန်းရရှိဖို့ရန်စိတ်သဘောထား

အမြတ်အစွန်းရရှိဖို့ရန် စိတ်သဘော၊ ဖြတ်လမ်းနှင့် သူဌေးဖြစ်လိုသောဆန္ဒသည် လောကနှင့်သာဆိုင်၍ ကျွန်ုပ်တို့၏ ယုံကြည်ခြင်း၊ သွန်သင်ခြင်းများနှင့် များစွာမှပင် ဆန့်ကျင်ဘက်ဖြစ်လေသည်။ အကယ်၍ အမြင့်ဆုံးသောဘုရားသခင်သည် မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ကို ပေးသနား၍ ကိုယ်တော်၏ အမှုတော်ကိုပြန်၍ဖြစ်ထွန်းစေဖို့ရန် ရှာဖွေသောအခါ ကောင်းကင်



၏မန္နမုန့်နှင့်အသက်စမ်းရေကို သောက်စားဖို့ရန် ဆန္ဒရှိသောသူ အရေအတွက်မည်မျှတွေ့ရှိမည်နည်း။

အချို့သောကျွန်ုပ်တို့၏ညီအစ်ကိုများသည် မိုက်မဲသောသူဌေးကဲ့သို့ပြောဆိုမည်ကို စိုးရိမ်စရာအကြောင်းရှိသည်။ "အချင်းဝိညာဉ်၊ သင်သည် နှစ်ပေါင်းများစွာသုံးဆောင်ရန် ဥစ္စာများကိုသိုထားလျက်ရှိပြီ။ ငြိမ်ဝပ်စွာနေလော့။ စားသောက်ခြင်း၊ ပျော်မွေ့ခြင်းကိုပြုလော့" ဟု သူဌေး၌အကြံရှိ၏။ လူတို့သည် ဘုရားသခင်၏အစေခံများဖြစ်ကြသည်ကို အများသောသူတို့သည် မေ့လျော့နေကြသည်။ "ယနေ့ဖြစ်သကဲ့သို့ နက်ဖြန်နေ့ဖြစ်လိမ့်မည်။ ထိုမျှမကသာ၍ကြွယ်ဝလိမ့်မည်" ဟု သူတို့ပြောဆိုကြသည်။ ဘုရားသခင်သည် လူတိုင်း၏အရောင်းအဝယ်ကိစ္စတိုင်းတို့၌ ကြည့်ရှုနေတော်မူသည်။ သတိထား၍လုပ်ကိုင်ပါ။ သံချေးပိုးရွှဖျက်ဆီးခြင်းမရှိ၊ သူခိုးမထွင်းမဖောက်နိုင်သောဘဏ္ဍာကို ကောင်းကင်ဘုံ၌သိုထားဖို့ရန် ယခုအချိန်၌ စိတ်ဝင်စားစွာစဉ်းစားရမည်။ Special Testimonies, Series B. No. 17, pp. 4,5. ("The Unwise Use of Money and The Spirit of Speculation").

## လုပ်ငန်းသစ်များ၏မိုက်မဲခြင်းများ

တိုင်းပြည်၌ပိုင်ဆိုင်ခွင့်ကန့်သတ်ထားသော ကုန်အမှတ်တံဆိပ်သစ်တစ်ခုထွက်လာသောအခါ ထိုအရာ၌ ယုံကြည်ကြသောသူတို့သည် ထိုလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံဖို့ရန် ကြေးငွေရရှိမည့်နည်းလမ်းကို တွေ့မြင်ကြသည်။ ဘုရားသခင်သည် စိတ်နှလုံးတိုင်းကို သိရှိနားလည်ထားနှင့်လေသည်။ ကိုယ်ကျိုးရှာသောလှုံ့ဆော်ခြင်းသဘောကို ကိုယ်တော်သိတော်မူသည်။ မိမိအားယုံကြည်သောသူတို့ကိုစုံစမ်း၍ အကျင့်ကြီးပွားစေဖို့ရန် အကြောင်းအမျိုးမျိုးကိုပေါ်ပေါက်လာစေသည်။ အချို့နေရာ၌ ကိုယ်တော်သည် လူတို့အား အခက်အခဲတွေ့နေဖို့ရန် အခွင့်ပေး၍ နောက်ဆုံးသူတို့သည် လုံးဝမအောင်မြင်ခြင်းနှင့်တွေ့ဆုံကြရသည်။ သူတို့၏မျှော်လင့်ခြင်းများကို ပျက်ပြားစေရန် ကိုယ်တော်၏လက်တော်သည် သူတို့၏တစ်ဖက်၌ရှိ၍ သူတို့ပိုင်ဆိုင်သောအရာများကိုပျက်ပြားစေသည်။

ဘုရားသခင်၏အမှုတော်၌ ဧကန်အမှန်စိတ်ဝင်စားသောသူတို့သည် အမှုတော်တိုးတက်ခြင်းကိုရှေးရှု၍ တစ်စုံတစ်ခု၌ စွန့်စားလုပ်ကိုင်ရန် ဆန္ဒရှိလျှင် မှန်ကန်၍ လုံခြုံသောရင်းနှီးမြှုပ်နှံခြင်းနှင့်တွေ့ရမည်။ အချို့တို့သည် ဤအသက်တာ၌ အဆ



တစ်ရာသောအကျိုးရရှိ၍ နောင်လာမည့်ကမ္ဘာ၌ ထာဝရအသက်ကိုရရှိကြမည်။ သို့သော်လည်း အားလုံးတို့သည် ဤအသက်တာ၌ အဆတစ်ရာသောအကျိုးကိုရရှိကြမည်မဟုတ်။ အကြောင်းမှာ သူတို့သည် စုံစမ်းခြင်းဒုက္ခကိုမခံနိုင်သောကြောင့်ဖြစ်သည်။ သူတို့၌ များစွာအပ်နှံထားပါက သူတို့သည် မလိမ္မာသောဘဏ္ဍာစိုးများဖြစ်လာကြမည်။ သူတို့၏ကောင်းကျိုးအတွက် ဘုရားသခင်မပေးဘဲထားတော်မူသည်။ သို့သော်လည်း ကောင်းကင်ဘုံ၌ရှိသောသူတို့၏ဘဏ္ဍာသည် လုံခြုံခြင်းရှိသည်။ ဤကဲ့သို့ရင်းနှီးထားခြင်း၌ မည်မျှကောင်းမွန်ခြင်းရှိသနည်း။

## အမြတ်အစွန်းရရှိမည်ကိုကြိုတင်၍စိတ်ကူးယဉ်နေခြင်း

အချို့သောကျွန်ုပ်တို့၏ညီအစ်ကိုများသည် ကြေးငွေကိုလျင်မြန်စွာပိုင်ဆိုင်နိုင်ဖို့ရန် ဆန္ဒရှိကြသည်။ သို့ဖြစ်၍ အသစ်သောစွန့်စားခြင်းများ၌ ငွေကိုရင်းနှီးကြသည်။ သို့သော်လည်း ကြိမ်ဖန်များစွာသူတို့ထင်မြင်သည်အတိုင်း ဝင်ငွေမရရှိခဲ့ပေ။ ဘုရားသခင်၏အမှုတော်၌ ရင်းနှီးရမည့်ငွေများသည် နစ်မြုပ်သွားလေသည်။ ဤအသစ်သောစွန့်စားခြင်းများ၌ မိုက်မဲခြင်းရှိသည်။ သို့ဖြစ်လင့်ကစား ဤကဲ့သို့ရင်းနှီးမှုများသည် ထပ်တလဲလဲ

ဖြစ်သော်လည်း သူတို့အဖို့ ပုံသက်သေဖြစ်မည့်အစား အများသောသူတို့သည် သင်ခန်းစာယူဖို့ရန် အလွန်နှေးကွေးကြသည်။ စာတန်သည် သူတို့ကိုသွေးဆောင်ဖြားယောင်းလျက်ပင်ရှိ၍ သူတို့ကိုရရှိမည့် ကြိုတင်အမြတ်အစွန်းအတွက် လောက၌ ယစ်မူးစေသည်။

သူတို့၏မလိမ္မာသောစွန့်စားခြင်းကြောင့် သူတို့၏မျှော်လင့်ခြင်းများပျက်စီးသွားသောအခါ သူတို့သည် များစွာစိတ်ပျက်ခြင်းနှင့်တွေ့ကြုံကြသည်။ ကြေးငွေဆုံးရှုံးသောအခါ လူသည် သူ့ကံကြမ္မာမကောင်းသောကြောင့် သူ၌ဆုံးရှုံးခြင်းတွေ့ရသည်ဟု ယူဆသည်။ သို့သော်လည်း သူ၌ဆုံးရှုံးသွားသောကြေးငွေသည် ဘုရားသခင်၏ငွေဖြစ်၍ သူ၏ငွေမဟုတ်။ အခြားသောသူတစ်ယောက်၏ငွေကို ကိုင်တွယ်နေခြင်းဖြစ်သည်။ သူသည် ဘဏ္ဍာစိုးတစ်ယောက်ဖြစ်ရာ ဘုရားသခင်၏အမှုတော်တိုးတက်ဖို့ရန်၌ မသုံးစွဲဘဲ ဤကဲ့သို့မလိမ္မာ၍ သုံးစွဲခဲ့ခြင်းကြောင့် ဘုရားသခင်သည် သူတို့သဘောမကျဖြစ်ခဲ့သည်။ နောက်ဆုံးတရားစီရင်ရာနေ့သို့ရောက်လာသောအခါ သစ္စာမရှိသောဘဏ္ဍာစိုးသည် မိမိ၌အပ်နှံထားသောငွေကို စာရင်းရှင်းအပ်ရမည်။ 1T 225, 226.



## ကြိုးစား၍လုပ်ကိုင်ရခြင်းထက်သာ၍တပ်မက်ဖွယ်ဖြစ်ခြင်း

အသက်ဝိညာဉ်များတို့၏ရန်သူစာတန်သည် ဤအချိန်အခါအဖို့ အထူးစီမံထားသောအလုပ်ပြီးစီးသွားမည်ကို အလွန်စိုးရိမ်ခြင်းရှိသောကြောင့် နှောင့်နှေးစေရန် မှားယွင်းသောဆောင်ရွက်ခြင်းများကို ယူဆောင်လာခဲ့သည်။ သူသည် ရက်ရောခြင်းရှိသည်ဟူသော ဝတ်ရုံကိုခြုံ၍ ယူလာလိမ့်မည်။ ဤဝတ်ရုံကိုခြုံသောသူတို့၌ ခေတ္တအောင်မြင်ခြင်းရရှိသည်ကိုတွေ့မြင်သောသူအပေါင်းတို့သည် သူတို့နောက်သို့လိုက်ကြလိမ့်မည်။ ဤအချိန်ကာလနှင့်ဆိုင်သောသမ္မာတရားများသည် ကျွန်ုပ်တို့အားစစ်ဆေးလျက်ရှိရာ သေချာစွာနားလည်ပါက သူတို့ပြုလုပ်သကဲ့သို့ မလုပ်ကိုင်ဘဲ ဖြတ်တောက်လိုက်ခြင်းဖြင့် ထိုသူတို့၏အရှိန်သည် ကျဆုံးသွားလိမ့်မည်။

အချို့တို့သည် ငွေရရှိဖို့ရန်အတွက် နည်းအမျိုးမျိုးအသုံးပြုကြလိမ့်မည်။ အခြားသောသူများသည် ဤအချက်ကိုတွေ့မြင်၍ ထိုနည်းအတိုင်းလုပ်ကိုင်ကြလိမ့်မည်။ ဤအခြေအနေဖြစ်ဖို့ရန် စောင့်နေခြင်းဖြစ်၍ အသက်ဝိညာဉ်များကိုပြင်ဆင်ဖို့ရန် လိုအပ်ခြင်းကိုမေ့လျော့စေ၍ သူတို့နည်းတူ အမြတ်အစွန်းမရှိဖို့ရန် အလုပ်အကိုင်၌သာ စိတ်စွဲလမ်းစေလိမ့်မည်။ သူတို့သည်

နောက်ဆုံးအချိန်၌ ကျရောက်မည့်စုံစမ်းနှောင့်ယှက်ခြင်းများနှင့် တွေ့ကြုံရပေမည်။

အသက်ဝိညာဉ်များတို့၏ရန်သူများသည် သူ၏အကြံအစည်များကို သေချာစွာကြံစည်ထားပြီးဖြစ်ရာ အောင်မြင်ဖို့ရန် နည်းအမျိုးမျိုးဖြင့်လုပ်ကိုင်လိမ့်မည်။ ကျွန်ုပ်တို့၏လူတို့တွင် ချောမောစွာထမြောက်အောင်မြင်မည့်အကြံအစည်များကို အကြိမ်ပေါင်းအတော်များများလုပ်ကိုင်ကြည့်ကြသည်။ သူတို့၌ ကြီးကျယ်သောအောင်မြင်ခြင်းရရှိမည့်အချိန်ကို မျှော်လင့်နေကြစဉ် လုံးလုံးဆုံးရှုံးခြင်းကိုသာ ရင်ဆိုင်ကြရမည်။ ဤကဲ့သို့ဖြစ်ခြင်းသည် လူတို့၏စိတ်နှလုံးကိုရှုပ်ထွေးစေခဲ့သည်။ သူတို့သည် ခွန်အားစိုက်ထုတ်လုပ်ကိုင်နေချိန်တွင် ဘုရားသခင်ကိုကိုးစားခြင်းရှိမည့်အစား ကုန်လှောင်ဈေးကစားခြင်းအလုပ်မျိုးကို လုပ်ကိုင်သောကြောင့် ဤကဲ့သို့အရှုံးကြီးနှင့်ရင်ဆိုင်ရသည်။

## အမှန်တရားမှစိတ်အာရုံတိမ်းယိမ်းသွားခြင်း

ဤကဲ့သို့လူ၏စိတ်၌ တက်ဈေးကိုအားကိုး၍ ချက်ချင်းကြွယ်ဝချမ်းသာခြင်းသို့ရောက်လိုသောစိတ်ဆန္ဒသည် လူအပေါင်းတို့၏စိတ်နှလုံးကို မှန်သောတရားမှလွဲသွားစေခဲ့ပြီ။ ခေတ္တ



အချိန်အတွင်း၌ စိတ်အားတက်ကြွစရာကောင်းသောအခြေအနေကိုတွေ့မြင်ရမည်ဖြစ်သော်လည်း ယင်းအခြေအနေ၏အဆုံးသည် ဆုံးရှုံးခြင်းဖြစ်သည်။ ဤကဲ့သို့သောဈေးကစားမှုကို ဘုရားသခင်သည် အားပေးတော်မမူပေ။ ဤအလုပ်မျိုးကိုခွင့်ပြုလိုက်လျှင် အများသောသူတို့သည် တက်ဈေးကိုအားကိုး၍ ဝယ်ခြမ်းရောင်းချခြင်းအလုပ်ကို လုပ်ကိုင်နေမည်ဖြစ်၍ ယခုအချိန်၌ လူတို့အားပေးကမ်းရမည့်သမ္မာတရားကို ပေးမည့်လူမရှိဘဲ နေလိမ့်မည်။ Special Testimonies, Series B. No. 17, pp. 15-19.

## စာတန်၏ညှို့ကွင်း

ဘုရားသခင်သည် အကြိမ်ပေါင်းများစွာ ညီအစ်ကိုအပေါင်းတို့အား မိမိ၏ငွေများကိုသုံးစွဲဖို့ရန် လမ်းဖွင့်ပေးသောအခါ စာတန်၏ကိုယ်စားလှယ်များသည် ညီအစ်ကိုများအဖို့ နှစ်ဆသောကြေးငွေများကို ရနိုင်သည့်စွန့်စားခြင်းလုပ်ငန်းများကို ပြသခဲ့လေသည်။ သူတို့သည် သွေးဆောင်ရာသို့လိုက်သွားကြ၍ သူတို့၏ငွေကိုရင်းနှီးလိုက်ကြသည်။ မည်သည့်အမြတ်အစွန်းမျှ ပေါ်၍မလာ၊ မိမိအတွက်သော်လည်းကောင်း၊ အမှုတော်နှင့်

ရင်းနှီးငွေပေါ်၌လည်းကောင်း ပိုက်ဆံတစ်ပြားတစ်ချပ်မျှမရကြပေ။

သို့ဖြစ်၍ ညီအစ်ကိုတို့၊ ဘုရားသခင်အမှုတော်ကို သတိရပါ။ သင့်လက်၌ကြေးငွေရှိခဲ့လျှင် သင်သည် ထာဝရအသက်ကို ကိုင်စွဲနိုင်ရန် ရှေ့လာမည့်အချိန်အတွက် သင့်အဖို့ကောင်းသော အုတ်မြစ်ကို ချထားပါ။ သင်သည် ကောင်းကင်၏ဘဏ္ဍာ၌ ကြွယ်ဝခြင်းရှိစေဖို့ရန် သခင်ယေရှုသည် သင့်အဖို့ ဆင်းရဲခြင်းခံတော်မူသည်။ သင့်အဖို့ အားလုံးပေးကမ်းခဲ့သော ခရစ်တော်အဖို့ သင်သည် အဘယ်အရာကိုပေးမည်နည်း။ 5T 154, 155.

–ဝ–

## (၄၆) ကုန်လှောင်ဈေးကစားရန်စုံစမ်းခံရခြင်း

စုံစမ်းနှောင့်ယှက်ခြင်းလမ်း၌ မိမိတို့ကိုယ်ကိုနေရာချပေးထားခြင်းဖြင့် စာတန်သည် မြောက်မြားစွာသောအသက်ဝိညာဉ်တို့ကိုဖျက်ဆီးခဲ့လေပြီ။ သူသည် ခရစ်တော်ထံသို့လာသကဲ့သို့ သူတို့ထံသို့လာပြီးလျှင် လောကကိုတွယ်တာခင်မင်ရန် သွေးဆောင်သည်။ စာတန်သည် လူတို့အား ဤစွန့်စားခြင်း၊ ထိုစွန့်စားခြင်းများ၌ ရင်းနှီးမြှုပ်နှံ၍ အမြတ်အစွန်းများစွာရရှိနိုင်ကြောင်းကို သူတို့အားပြောပြသောအခါ သူတို့သည် ယုံကြည်စိတ်ချ၍ သူပြောဆိုသည်အတိုင်း လိုက်နာကြသည်။

သူတို့သည် မိမိတို့အဖို့ တတ်နိုင်သမျှလျှော့ဈေးရရှိနိုင်ဖို့ရန် များမကြာမီရိုးသားဖြောင့်မှန်ခြင်းလမ်းမှ တိမ်းယိမ်းသွားခဲ့ကြလေသည်။ သူတို့လိုက်သောလမ်းစဉ်သည် လောက၏မှန်ကန်ခြင်းအဆင့်အတန်းခံယူချက်အရ တရားဥပဒေအတိုင်းဖြစ်ပေမည်။ သို့သော်လည်း ဘုရားသခင်၏ပညတ်တော်နှင့်ဆန့်ကျင်လျက်နေ၏။ သူတို့၏ညီအစ်ကိုများသည် သူတို့၏အကြောင်းရင်းခံကိုကန့်ကွက်ကြ၏။ သူတို့သည် မိမိတို့အဖို့သာကြည့်ရှု၍ လုပ်ဆောင်နေသည်ဟု မယုံသင်္ကာဖြစ်ကြသည်။

သူတို့၌ ဘုရားသခင်အဖို့အသုံးပြုရမည့် အဖိုးတန်သောဉာဏ အာဏာကို အနစ်နာခံလိုက်ကြလေသည်။ လောကအမြတ်အစွန်းကိုရရှိဖို့ရန် မိမိ၏ရိုးသားခြင်းကိုရောင်းစားမည့် လူလိမ်တစ်ယောက်၏လက်ထဲ၌ အရောင်းအဝယ်လုပ်သည့်ငွေအရ အောင်မြင်ခြင်းရှိသည်။ သို့သော်လည်း ခရစ်တော်နောက်လိုက်တစ်ယောက်အဖို့ လုံးဝမသင့်တော်ပေ။

ဤကဲ့သို့ဈေးတက်မည်ကိုအားကိုး၍ ဝယ်ခြမ်းရောင်းချခြင်းအလုပ်သည် မမြင်နိုင်သောဆင်းရဲခက်ခဲခြင်းနှင့်ဝိုင်းလည်နေ၍ ဤအလုပ်ကို လုပ်ကိုင်သောသူတို့အဖို့ ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် ခံနိုင်ရည်ကို စစ်ဆေးခြင်းပင်ဖြစ်သည်။ ခဏခဏအခြေအနေများဖြစ်ပေါ်လာခဲ့ရာ ထုံးစံအတိုင်း ဤညီအစ်ကိုများတို့၏အကြောင်းရင်းခံအပေါ်၌ သို့လောသို့လောဟူသောမေးခွန်းပေါ်ခဲ့သည်။ သို့သော်လည်း တစ်စုံတစ်ခုသည် အမှန်ပင်မှားယွင်းသည်ဟုတွေ့မြင်ရသော်လည်း ဤအရာများကိုကြည့်ရှု၍ သူတို့၏အကျင့်ကိုစစ်ဆေးခြင်းမပြုနိုင်ပေ။ သို့သော်လည်း ဤအရာများသည် လူတစ်ယောက်၏ဗဟုသုတနှင့်မွန်မြတ်သောအနာဂတ်ကာလအဖို့ လမ်းဆုံးဖြစ်နိုင်သည်။ တစ်ဦးတစ်ယောက်သည် ဖြစ်ပျက်သောအကြောင်းအရာများ၏ဖိနှိပ်ခြင်းဖြင့် အကျင့်သည် ပြောင်းလဲလာနိုင်သည်။



## ဘေးအန္တရာယ်ရှိသောစွန့်စားခြင်း

ကုန်လှောင်ဈေးကစားခြင်းအလုပ်အားလုံးသည် ဘေးမကင်းသောစွန့်စားခြင်းပင်ဖြစ်ကြောင်းကို ကျွန်ုပ်အားပြသခဲ့သည်။ သူတို့သည် ဤကဲ့သို့ပြုလုပ်ခြင်းဖြင့် ရန်သူ၏မြေပေါ်၌ခြေချခြင်းဖြစ်၍ ကြီးစွာသောစုံစမ်းနှောင့်ယှက်ခြင်းများ၊ စိတ်ပျက်ခြင်းများ၊ စစ်ဆေးခြင်းများနှင့် ဆုံးရှုံးခြင်းများကိုခံရကြမည်။ ထိုနောက် အငြိမ်မနေနိုင်သောထကြွသောင်းကျန်းခြင်းဖြစ်လာသည်။ ထိုအရာကို အခြေအနေအရ ခွင့်ပြုထားသည့်ဝင်ငွေထက်သာ၍များသောငွေကို ချက်ချင်းလျင်မြန်စွာရယူလိုသောစိတ်ပင်ဖြစ်သည်။ ငွေပိုမို၍ရရှိဖို့ရန် မျှော်လင့်၍ ပတ်ဝန်းကျင်ကိုပြောင်းလဲလိုက်ရမည်။ သို့သော်လည်း သူတို့မျှော်လင့်သည်အတိုင်း ဖြစ်၍မလာပေ။ သူတို့သည် စိတ်ပျက်လာကြ၍ ရှေ့သို့တိုးတက်သွားရမည့်အစား နောက်သို့ပြန်ဆုတ်သွားကြသည်။ အချို့ဌာနခွဲ၌ရှိသောသူတို့သည် ဤအခြေအနေ၌ရှိသည်။ သူတို့သည် ဘုရားသခင်အထံတော်မှဖောက်ပြန်သွားကြသည်။

ဘုရားသခင်သည် ဤကဲ့သို့အရောင်းအဝယ်ကိစ္စ၌ ဈေးကစားတတ်သောသူများကို တိုးပွားခြင်းပေးလိုက်ပါက သူတို့အဖို့ ထာဝရဆုံးရှုံးခြင်းပင်ဖြစ်တော့မည်။ ဘုရားသခင်သည်

သူ၏လူမျိုးကိုချစ်တော်မူသည်။ ကံမကောင်းအကြောင်းမလှသောသူတို့ကို ကိုယ်တော်ချစ်တော်မူသည်။ ကိုယ်တော်သည် သူတို့အားသွန်သင်ပေးလိုသောသင်ခန်းစာများကို သူတို့သည် နာယူပါက သူတို့၏ရှုံးခြင်းသည် နောက်ဆုံး၌ အဖိုးထိုက်တန်သောအောင်မြင်ခြင်းဖြစ်လိမ့်မည်။ လောက၏ချစ်ခြင်းသည် ခရစ်တော်၏ချစ်ခြင်းကိုထုတ်ပယ်ပစ်လိုက်လေသည်။ စိတ်နှလုံးတံခါးမှအမှိုက်ကို ရှင်းပစ်လိုက်သောအခါ ခရစ်တော်၏ဖိတ်ခေါ်ခြင်းကြောင့် စိတ်နှလုံးတံခါးသည်ပွင့်၍ ကိုယ်တော်သည် ဝင်ရောက်လာ၍ အသက်ဝိညာဉ်ဗိမာန်ကိုအုပ်စိုးလိမ့်မည်။ 4T 616-618.

## လိမ်လည်လှည့်ဖြားပြုစားခြင်းများနှင့်တံစိုးလက်ဆောင်များ

ဤကရဏာအချိန်၌ ကျွန်ုပ်တို့သည် စစ်ဆေးခြင်းနှင့် စုံစမ်းခြင်းကို ခံနေရသည်။ စာတန်သည် သူ၏လိမ်လည်လှည့်ဖြားပြုစားခြင်းများနှင့် တံစိုးလက်ဆောင်များဖြင့် လုပ်ကိုင်လျက်ရှိ၏။ အချို့သောသူတို့၏စိတ်၌ သူတို့၏ကြံဖန်ချက်များနှင့် အံ့ဩဖွယ်ရာကောင်းသောစွန့်စားရောင်းဝယ်မှုပြုလုပ်ခဲ့ပြီဟု ယူဆကြလိမ့်မည်။ သူတို့ထင်မြင်သကဲ့သို့ သူတို့သည် လုံခြုံစွာ



တိုးတက်လျက် သူတို့၏ကိုယ်ကျိုးရှာဖွေခြင်းစိတ်ဓာတ်ဖြင့် ပီတိဖြစ်နေကြစဉ် သူတို့စုသိမ်းသည်ထက် ဘုရားသခင်သည် လျင်မြန်စွာကြဲဖြန့်နိုင်သည်ကို သူတို့သိမြင်ကြမည်။ Special Testimonies, Series B, No. 17, p. 6.

## ထင်ယောင်ထင်မှားဖြစ်စေတတ်သောအမြင်များ

ကိုယ်တော်အဖို့ ကောင်းမွန်သောအလုပ်ကို လုပ်ကိုင်ပေးနိုင်ရန် အများသောသူတို့သည် ကျွန်ုပ်တို့၏အဖွဲ့အစည်းများကို စိတ်စေတနာထက်သန်စွာဖြင့် သူတို့၏ကြေးငွေကို ချေးငှားကြသည်။ သို့သော်လည်း စာတန်သည် ကျွန်ုပ်တို့၏ညီအစ်ကိုများစိတ်ထဲ၌ ထိထိုးသကဲ့သို့ သူတို့၏ကြေးငွေကို အရင်းအနှီး၌မြှုပ်နှံရန် စိတ်ဆန္ဒဖြစ်ပေါ်လာစေသည်။ သူတို့သည် ၎င်းတို့ပိုင်ငွေကို မြေယာများ၌ရင်းနှီးထားပါက ကြေးငွေနှင့်ဆိုင်ရာအမြတ်အစွန်းများရရှိနိုင်မည်ဖြစ်ကြောင်း ဖော်ပြသောအခါ နှစ်ဦးသောသူတို့၌ လုပ်ကိုင်ဖို့ ဆန္ဒပြင်းပြလာခဲ့သည်။ သို့ဖြစ်၍ သူတို့၏ကြေးငွေကို ကျွန်ုပ်တို့၏အဖွဲ့အစည်းဘက်မှထုတ်ယူ၍ မြေကြီး၌မြှုပ်နှံထားကြသည်။ ထိုနေရာ၌ ဘုရားသခင်၏အမှုတော်အဖို့အကျိုးကျေးဇူးဖြစ်ထွန်းနိုင်မည်မဟုတ်ပေ။

ယင်းနောက်အကယ်၍ တစ်ဦးတစ်ယောက်သည် အခြေအနေကောင်း၍ ကြေးငွေရာချီပြီး အမြတ်အစွန်းရလာသောအခါ ထိုသူသည် အလွန်ဝမ်းသာ၍ အမြတ်အစွန်းဆက်လက်ရရှိရန် ဆုံးဖြတ်လိုက်သည်။ ထိုနောက် သူသည် ကိုယ်ပိုင်ပစ္စည်း၊ မြေယာ (သို့မဟုတ်) သတ္တုတွင်းများ၌ ရင်းနှီးပြန်သည်။ စာတန်၏ အကြံအစည်သည် အောင်မြင်ခြင်းရှိ၏။ ဘဏ္ဍာတိုက်ထဲသို့ ကြေးငွေများဝင်လာရမည့်အစား ကြေးငွေပိုင်ရှင်များသည် သတ္တုတွင်းအလုပ် (သို့မဟုတ်) မြေယာအရောင်းအဝယ်လုပ်ငန်း၌ ရင်းနှီးဖို့ရန် ကျွန်ုပ်တို့၏အဖွဲ့အစည်းဘက်မှ ငွေများကိုထုတ်ယူသွားကြလေသည်။ လောဘကြီးခြင်းကိုမွေးမြူ၍ စေးနှဲသောသူသည် ဤမြေကြီးပေါ်၌ ဘုရားသခင်၏အမှုတော်တိုးတက်ဖို့ရန် အသုံးပြုရမည့်ငွေများမှ ကြေးငွေတစ်ကျပ်ကိုပင် ပေးကမ်းဖို့ရန် တွန့်တိုခဲ့လေသည်။ Special Testimonies, Series B, No. 17, p. 8.

## ဓမ္မဆရာများလုပ်ကိုင်သောကုန်လှောင်ဈေးကစားခြင်း

ကျွန်ုပ်တို့သည် အချိန်ကုန်ဆုံးရာနေ့သို့နီးကပ်လာနေပြီ။ ကျွန်ုပ်တို့သည် ခေတ်နှင့်ဆိုင်သောသမ္မာတရားကို တရားဟော



စင်မြင့်ထက်မှနေ၍ ဟောပြောရုံမက တရားဟောစင်မြင့်ပြင်ပ၌ အကျင့်အားဖြင့်ပြသရမည်။ မိမိ၏ကယ်တင်ခြင်း၏မျှော်လင့်ခြင်းအုတ်မြစ်ကို သေချာစွာစစ်ဆေးပါ။ သင်သည် သမ္မာတရား၏သံတော်ဆင့်နှင့်ဖိအုန်မြို့ရိုးပေါ်၌ ကင်းစောင့်အနေဖြင့်ရပ်နေစဉ် သင်၏စိတ်ဝင်စားခြင်းများကို သတ္တုတွင်းတူးခြင်း (သို့မဟုတ်) ကိုယ်ပိုင်မြေယာရောင်းဝယ်ရေးကိစ္စများနှင့် ရောယှက်၍ မနေနိုင်။ ထိုတစ်ချိန်တည်းမှာပင် သင့်လက်တွင်းသို့ အပ်ထားသောသန့်ရှင်းသည့်အလုပ်ကို ထိရောက်စွာလုပ်ကိုင်နိုင်မည်မဟုတ်ပေ။ လူတို့၏အသက်ဝိညာဉ်များသည် သေရေးရှင်ရေးတမျှ အရေးကြီးသောအချိန်သို့ရောက်နေစဉ် ထာဝရကာလနှင့်ဆိုင်သောအရာများတွင် စိတ်ဝင်စားမှုကို စိတ်ချစွာခွဲခြားထား၍မဖြစ်ပေ။

သင်၏လုပ်ကိုင်မှု၌ ဤအတိုင်းပင်ဖြစ်နေသည်။ ဤအလုပ်ကိစ္စ၌ လုပ်ကိုင်နေစဉ် သင်သည် ဘုရားသခင်ကို ကြည်ညိုခြင်း၌ လုံးလုံးစိတ်ဝင်စားခြင်းမရှိသေးပေ။ သင်၌ ကြေးငွေရရှိဖို့ရန် ပြင်းထန်သောဆန္ဒရှိသည်။ မြေယာများဝယ်ယူခြင်း၌ အမြတ်အစွန်းမြောက်မြားစွာရှိနိုင်ကြောင်းကို သင်သည် လူအများအပြားတို့အား အကြိမ်ကြိမ်ပြောဆိုခဲ့ပြီ။ သင်သည် ဘုရားသခင်၏လက်တင်ရဓမ္မဆရာတစ်ယောက်ဖြစ်၍

အသက်ဝိညာဉ်များ၏ကယ်တင်ခြင်းအလုပ်၌ စိတ်ရောကိုယ်ပါ ဆောင်ရွက်နေရမည့်အစား၊ မကြာခဏအခြားသောသူတို့အား ဤစွန့်စားရောင်းဝယ်ခြင်းအလုပ်၌ အကျိုးအမြတ်ရှိပုံကို ပြောလေ့ပြောထရှိသည်။ ထိုအချိန်၌ပင် သင်သည် ဘုရားသခင်၏ ဘဏ္ဍာတိုက်မှ သင်ကိုယ်တိုင်နှင့်အိမ်ထောင်အဖို့ ထောက်ပံ့ခြင်းငွေကို လက်ခံယူလျက်ရှိနေသည်။ သင်ပြောဆိုသောစကားကို ထောက်ရှုခြင်းအားဖြင့် သင်သည် အသင်းသားများတို့၏ ကြေးငွေနှင့် အာရုံပြုခြင်းများကို အသင်းတော်အဖွဲ့အစည်းနှင့် ကယ်တင်ရှင်၏နိုင်ငံတော်လုပ်ငန်းဆောင်ရွက်ခြင်းမှဝေးကွာသွားစေရန် ပြုလုပ်လျက်ရှိသည်။ သင်၏ပြောဆိုခြင်းသည် သူတို့အား အချိန်အနည်းငယ်အတွင်း အမြတ်အစွန်းနှစ်ဆ သေချာပေါက်ရရှိနိုင်သောအရာများ၌ သူတို့၏ကြေးငွေကိုရင်းနှီးထားရန် ဆန္ဒပေါ်လာစေ၍ ထိုရရှိသောအမြတ်အစွန်းဖြင့် ကိုယ်တော်၏ အမှုတော်တိုးတက်ရေးအတွက် ပိုမို၍ပေးနိုင်ကြောင်း မြှောက်ပင့်ပြောဆိုနေသည်။

## လောကနှင့်ရှုပ်ထွေးငြိတွယ်ခြင်းများကိုရှောင်ရှားခြင်း

ဓမ္မဆရာသည် အထူးသဖြင့် မိမိကိုယ်ကိုလောကနှင့် ငြိတွယ်ခြင်းမှရှောင်ရှားနေ၍ ခရစ်ယာန်တစ်ယောက်ဖြစ်ကြောင်း



ကို မှန်ကန်စွာပြသနိုင်ဖို့ရန် အားလုံးသောတန်ခိုး၏မူလဖြစ်သော ဘုရားသခင်၌ ဆက်သွယ်ထားခြင်းရှိရမည်။ ယခုအချိန်တွင် ကြီးကျယ်သောအမှုတော်ဆောင်ခြင်းနှင့် ဘုရားသခင်ထံမှ သူ၏ အာရုံကို လွှဲပြောင်းသွားစေနိုင်သောအရာများအားလုံးကို ဖြတ်တောက်ပစ်လိုက်ရမည်။ ခရစ်တော်၏အမှုတော်ဆောင်တစ်ယောက်ဖြစ်သည်အားလျော်စွာ သူသည် ကိုယ်တော်ကဲ့သို့ စိတ်သဘောရှိခြင်း၊ စကားပြောဆိုခြင်း၌လည်းကောင်း၊ အလုပ်အကိုင်၌လည်းကောင်း ခရစ်တော်နှင့်တူစေရန် ကိုယ်တော်သည် အခြားသောသူတို့အား ကျမ်းစာကိုဖွင့်ပြသင်ပေးသောသူတို့သည် လိမ္မာပါးနပ်စွာဆောင်ရွက်ဖို့ရန် ကိုယ်တော်မျှော်လင့်သည်။ သူ၏ ခွန်အားတန်ခိုးကို ပညာသတိနှင့်အသုံးပြုရမည်။ အခြားသူများကို မထိခိုက်မနစ်နာစေဘဲ လေးလွန်းသောဝန်ကိုလည်းမတင်ရ။ သူသည် ခရစ်တော်အဖို့ သူတစ်ပါးတို့၌ ကောင်းသောအလုပ်ကို လုပ်ကိုင်ပေးနိုင်ရန် ထိုက်တန်ပေမည်။ 5T 530, 531.

## ကျွန်ုပ်တို့အဖွဲ့အစည်းနား၌ရှိသောမြေကိုဈေးကစားခြင်း

ကျွန်ုပ်တို့၏ညီအစ်ကိုများကို သက်သေခံချက်ပေးရန် ကျွန်ုပ်ကိုညွှန်ကြားပါသည်။ ယင်းညွှန်ကြားချက်၌ သူတို့သည်

ကျွန်ုပ်တို့ကျောင်းအနီးအနားၡ၌သာရှိသော ခြံမြေနေရာ အစရှိသည်တို့ကို မတရားသောဈေးကစားနည်းလမ်းများဖြင့် အရောင်းအဝယ်မပြုလုပ်ရန် သတိပေးသည်။ အရောင်းအဝယ်ပြုလုပ်သောအခါတိုင်း ရိုးသားသောသဘောကို တင်းကျပ်စွာစောင့်စည်း၍ ပြုလုပ်ရမည်။ ကိုယ်ကျိုးရှာဖွေခြင်းကို အလျှင်းမပြုရပေ။ ကျွန်ုပ်တို့ကျောင်းများတို့၌ လိုက်နာအပ်သောကျင့်ဝတ်များ၊ ယင်းကျင့်ဝတ်များကိုလည်း ကျောင်းသားတို့အား ပညာသင်ပေးပို့ချရာ၌ တစ်စိတ်တစ်ဒေသပါဝင်ကြောင်း သွန်သင်ပေးရခြင်း အစရှိသည်တို့ကို ကျောင်းနှင့်စပ်ဆိုင်၍ စိတ်ဝင်စားခြင်းရှိသောသူတို့အား ပျိုးထောင်ပေး၍ သွန်သင်ပေးရမည်။ သူတို့သည် မိမိတို့၏ကိုယ်ကျိုးကိုသာကြည့်၍ ဤကျောင်းတည်ထောင်ထားရခြင်း၏ရည်ရွယ်ချက်ဖြစ်သော ခရစ်ယာန်ကျင့်ဝတ်များကို ဆန့်ကျင်ဘက်မပြုလုပ်ရ။

ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်း အချိန်နှင့်ထာဝရကာလအဖို့ ကျွန်ုပ်တို့၏မှတ်တမ်းကိုပြုစုနေကြသည်။ အရောင်းအဝယ်ကိစ္စများတို့တွင် ကျွန်ုပ်တို့၏လုပ်ငန်းရပ်တိုင်း၌ ဖြောင့်မှန်ခြင်းနှင့်မျှတခြင်းရှိပါစေ။ မသန့်ရှင်းသောအကျင့်ကိုဖော်ပြဖို့ရန်အကြောင်းမရှိ။ ထိုသို့သောအပြုအမူသည် ညီအစ်ကိုများကိုစိတ်ပျက်စေ၍ ဘုရားသခင်မနှစ်သက်သောပြုမူခြင်းဖြစ်စေလိမ့်



မည်။ ကျောင်းတည်ဆောက်ဖို့ရန်အတွက် ဤမြေကွက်ကိုရရှိနိုင်ရန် ကျွန်ုပ်တို့၏အသင်းတော်များရှိလူများသည် များစွာအနစ်နာခံခဲ့ကြပြီ။ မိမိတို့အဖို့ အကျိုးကျေးဇူးရရှိသောသူများသည် ကျောင်းအနီးအနား၌နေထိုင်လိုသောသူတို့ထံမှ မတရားသောနည်းဖြင့် အကျိုးအမြတ်ကိုမရှာပေ။ ကုန်လှောင်ဈေးကစားလိုသောသူတို့ကို ကျောင်းအနီးအနား၌နေထိုင်ဖို့ရန် အားမပေးသင့်ပေ။ အကြောင်းမှာ သူတို့သည် ကျောင်းအဖို့ ကောင်းချီးမင်္ဂလာမဖြစ်စေဘဲ ဆီးတားသည့်လူများသာဖြစ်ကြမည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ရှေ့တော်၌ ပြန်၍စစ်ဆေးခြင်းခံဖို့ရန် ရပ်နေကြသည်ကို မမေ့အပ်ပေ။ ကျွန်ုပ်တို့သည် ကိုယ်ကျိုးအတွက် မသမာသောနည်းလမ်းဖြင့် ပြုလုပ်ခဲ့သောအရာတိုင်းကို ကောင်းကင်နိုင်ငံတော်စာရင်း၌ ကျွန်ုပ်တို့တစ်ဖက်၌ မှတ်တမ်းတင်ထားသည်။ သို့ဖြစ်၍ ညီအစ်ကိုအပေါင်းတို့၊ အမြတ်ကြီးစားအရောင်းအဝယ်စိတ်သဘောကို ဖယ်ရှားလိုက်ကြပါစို့။ မိမိကိုယ်ကျိုးအဖို့သာသိသောသူများသည် ကျောင်းနား၌မနေထိုင်ရန် ကျွန်ုပ်ပန်ကြားပါသည်။ အထူးကြီးမြင့်ထင်ပေါ်လိုသောစိတ်သည် ကိုယ်ကျိုးမရှာလိုသောစိတ်သဘောသို့ပြောင်းလဲနိုင်ဖို့ရန် ကျွန်ုပ်တို့သည် ဝိညာဉ်နှင့်ဆိုင်သောအရာများ၌ အကောင်းဆုံးဖြစ်နိုင်ရန် ကြိုးစားကြစို့။ ဘုရားသခင်၏

သဘောတော်နှင့် လုံးလုံးနှစ်ခြိုက်သောစိတ်ရှိစေရန် ကျွန်ုပ်တို့၌ ဤပြောင်းလဲခြင်းမျိုးရှိရမည်။ Letter 72, 1909.

## ထီထိုးရန်သွေးဆောင်ခံရခြင်း

ထီထိုးထီဖွင့်သောကိစ္စတစ်ရပ်လည်းရှိသေး၏။ လူငယ်တစ်ယောက်သည် ရွှေနာရီတစ်လုံးထီပေါက်ခဲ့သည်။ ထိုနောက် မည်ကဲ့သို့ဖြစ်သနည်း။ နာရီသည် ရွှေနာရီအစစ်အမှန်ဖြစ်သည်။ လိမ်လည်ခြင်းမဟုတ်သော်လည်း ထိုအရာ၏နောက်ခံ၌ လိမ်လည်ခြင်းရှိ၏။ ထိုအရာသည် ကျော့ကွင်းဖြစ်သည်။ ယခုအချိန်၌ ရွှေနာရီထီပေါက်ခဲ့သောကြောင့် နောက်တစ်ကြိမ်ကံစမ်းလိုပြန်သည်။ ကျွန်ုပ်၏သားသာဖြစ်ခဲ့ပါက ရွှေနာရီကိုရရှိဖို့ရန် ထီထိုးစေမည့်အစား သေလျှင်ပို၍ကောင်းပေမည်။ ဤနေရာ၌ အခြားသောလူငယ်ကလေးများရှိသည်။ ရွှေနာရီပေါက်သောသူသည် အခြားသောလူငယ်လေးများအား သူ၏နာရီကိုပြသောအခါ သူတို့လည်း ဤနည်းအတိုင်း ရွှေနာရီရရှိဖို့ရန် ကံစမ်းလိုကြသည်။ ထိုနောက် အခြားတစ်ယောက်၊ နောက်တစ်ယောက်နှင့်မဆုံးနိုင်သောအရေအတွက်သို့ပြန့်ပွားသွားတော့သည်။ စာတန်သည် သူ့ကစားကွက်ကို မည်ကဲ့သို့ကစားရမည်ကိုသိသည်။ MS 1, 1890.

–o–

# (၄၇) မလိမ္မာသောရင်းနှီးခြင်းများ

လွန်ခဲ့သောရက်သတ္တပတ်အနည်းငယ်အချိန်က ကျွန်ုပ်သည် ဆင်ဂျို့(စ) (၁၉၀၅) ၌ တောစခန်းစည်းဝေးပွဲတက်နေစဉ် ကျွန်ုပ်၏ညီအစ်ကိုများသည် ကျွန်ုပ်အား အလွန်အံ့ဩဖွယ်ရာကောင်းသောအခွင့်အရေးများအကြောင်းကို ပြောပြပါသည်။ ထိုအခွင့်အရေးများမှာ သတ္တုတွင်းနှင့်မီးရထားခံဝန်ချုပ်များ၌ အစုစပ်ငွေများရင်းနှီးမြှုပ်နှံထားပါက အမြတ်အစွန်းများစွာရရှိမည့်အကြောင်းပင်ဖြစ်သည်။ ဤရင်းနှီးမှု၌ အမြတ်အစွန်းများမည်ကို သူတို့ယုံကြည်စိတ်ချကြသည်။ သူတို့ရရှိမည့်အမြတ်အစွန်းများဖြင့် ကောင်းမှုများပြုလုပ်နိုင်မည့်အကြောင်းအရာများကို ပြောဆိုကြသည်။

အခြားသောသူများလည်းရှိကြရာ သူတို့၏အကြံပေးချက်ကို ကျွန်ုပ်မည်ကဲ့သို့လက်ခံမည်ကိုသိလိုကြသည်။ ဤကဲ့သို့ရင်းနှီးမြှုပ်နှံခြင်းများ၌ စိတ်မချရကြောင်းများကို ကျွန်ုပ်သည် သူတို့အားပြောပြပါသည်။ ဤစွန့်စားခြင်းမျိုး၌ အောင်မြင်ခြင်း ဧကန်မုချရှိမည်ကို သူတို့လည်းသိရှိလိမ့်မည်မဟုတ်ကြောင်း ပြောပြပြန်သည်။ ကောင်းကင်၌ ဘဏ္ဍာများကိုဆည်းပူးထားပါက

စိတ်ချရသောထာဝစဉ်ဆုလာဘ်ကို ရရှိနိုင်မည့်အကြောင်း သူတို့ကိုပြောပြပါသည်။ သို့ဖြစ်၍ ဤမသေချာသောစွန့်စားခြင်းမျိုး၌ ခရစ်တော်၏နာမကိုထောက်၍ ဆက်လက်မပြုလုပ်ရန်နှင့် ချက်ချင်းရပ်တန့်ရန် သူတို့ကိုပြောဆိုပါသည်။

ကျွန်ုပ်သည် ဘုရားသခင်ထံမှညွှန်ကြားခြင်းခံရသည်အတိုင်း ညဥ့်အချိန်၌ သူတို့အား ကိုယ်တော်ပြန်၍ကြွလာဖို့ရန်အချိန်သည် နီးကပ်နေပြီဖြစ်၍ ကိုယ်တော်ကြွလာတော်မူခြင်းကို ယုံကြည်သောသူတို့သည် မိမိတို့၏ကြေးငွေများကို သတ္တုတွင်းများ၌ အစုစပ်ဝယ်ယူရင်းနှီးထားဖို့ရန် ကိုယ်တော်၏အလိုတော်အတိုင်းမဟုတ်ကြောင်း ပြောပြပါသည်။ ဤကဲ့သို့ဝယ်ယူပြုလုပ်ပါက ဘုရားသခင်၏အစွမ်းသတ္တိကို မြေကြီးထဲ၌မြှုပ်နှံထားသည်နှင့်တူသည်။ ညီအစ်ကိုတစ်ယောက်ထံသို့ ကျွန်ုပ်ရေးလိုက်သောစာတစ်စောင်ကိုဖတ်ပြပါမည်။

ဆင်ဂျို့(စ)၊ ကာလီဖိုးနီးယား၊<br>ဇူလိုင်လ ၂ ရက်၊ ၁၉၀၅ ခု။

ချစ်သောညီအစ်ကို၊

"သင်သည် ကျွန်ုပ်အားသတ္တုတွင်းအစုစပ်ဝင်ဖို့ရန်အကြောင်းနှင့်စပ်ဆိုင်၍ အကြံပေးချက်ကိုတင်ပြပါသည်။ ဤကဲ့သို့သောအလုပ်အကိုင်၌ ရင်းနှီးလိုက်ပါက အောင်မြင်ခြင်းမုချရမည်ဟု သင်ယုံကြည်စိတ်ချနေသည်။ ဤနည်းဖြင့် သင်သည်ဘုရားသခင်၏အမှုတော်ကိုတိုးတက်၍ မစနိုင်မည်ဟုထင်မြင်သည်။

"ကိုယ်တော်သည် ကျွန်ုပ်ကိုညွှန်ကြားစေရာ၌ စည်းဝေးများတွင် လူများတို့သည် ကျွန်ုပ်တို့၏အသင်းသားတို့အား သတ္တုတွင်းအစုရှယ်ရာ၌ ငွေအင်အားရင်းနှီးထားဖို့ရန် အားပေးနေသည်ကို တွေ့ရမည်ဟု မိန့်တော်မူသည်။ ဤအကြံအစည်သည် စာတန်၏အကြံအစည်ဖြစ်၍ ဘုရားသခင်၏အမှုတော်၌ အလွန်လိုအပ်နေသောငွေကို ဖုန်းတီးရန် (သို့မဟုတ်) ငွေသေဖြစ်စေရန် ပြုလုပ်ခြင်းပင်ဖြစ်ကြောင်း ကျွန်ုပ်သည် သင်တို့အားပြောလိုပါသည်။ ဤအရာသည် နောက်ဆုံးသောနေ့ရက်များ၏ကျော့ကွင်းဖြစ်၍ သူတို့အားအပ်နှံထားသော ဘုရားသခင်၏အရင်းငွေကို ဝိညာဉ်များအောင်မြင်ခြင်း၌ လိမ္မာစွာသုံးရမည့်အစားဆုံးရှုံးအောင်လုပ်ဆောင်ပေးခြင်းပင်ဖြစ်သည်။ ဤမရေရာမသေချာသောစွန့်စားခြင်းများ၌ ငွေမြောက်မြားစွာရင်းနှီးမြှုပ်နှံထားသောကြောင့် ဘုရားသခင်၏အမှုတော်သည် များစွာချွတ်ယွင်းလျက်ရှိသည်။ ထိုသို့ဖြစ်ရခြင်းမှာ ခရစ်တော်အဖို့

ဝိညာဉ်များကို အောင်မြင်ဖို့ရန် အစွမ်းသတ္တိရှိသောအမှုတော်ဆောင်များလိုနေသောကြောင့်ဖြစ်သည်။

"မနေ့ညကမြင်ခြင်းတွင် လောကနှင့်ဆိုင်သော ကုန်လှောင်ဈေးကစားခြင်းများကိုသတိထားရန် ကျွန်ုပ်သည် ကျယ်လောင်စွာပြောဆိုခဲ့သည်။ အကြီးဆုံးသောသတ္တုတွင်း၌ အစုစပ်များကိုသာရယူရန် သင်တို့ကိုကျွန်ုပ်ဖိတ်ခေါ်ပါသည်ဟု ကျွန်ုပ်ပြောဆိုခဲ့သည်။"

"တစ်နည်းကား ကောင်းကင်နိုင်ငံတော်သည် လယ်၌ဝှက်ထားသောဘဏ္ဍာနှင့်တူ၏။ ထိုဘဏ္ဍာကိုတွေ့သောသူသည် တစ်ဖန်ဖုံးအုပ်၍ဝမ်းမြောက်သောစိတ်နှင့်သွားပြီးလျှင် ရတတ်သမျှကိုရောင်း၍ ထိုလယ်ကိုဝယ်တတ်၏။"

"ကျွန်ုပ်တို့သည် ဘုရားသခင်၏သတ္တုတွင်းအစုစပ်၌ ရင်းနှီးထားခဲ့လျှင် ဧကန်အမှန်အမြတ်အစွန်းရမည်။ ငါ့စကားကိုစေ့စေ့နားထောင်လျက် ကောင်းသောအစာကိုစားကြလော့၊ သင်တို့၏ဝိညာဉ်သည် ချိုသောအရာတို့၌ မိမိကိုယ်မိမိမွေ့လျော်စေလိမ့်မည်။"

"တစ်နည်းကား ကောင်းကင်နိုင်ငံတော်သည် မြတ်သောပုလဲကိုရှာသောကုန်သည်နှင့်တူ၏။ ထိုကုန်သည်သည် အလွန်



အဖိုးထိုက်သောပုလဲကိုတွေ့သောအခါ သွား၍ မိမိ၌ရတတ်သမျှကိုရောင်းပြီးလျှင် ထိုပုလဲကိုဝယ်လေ၏။"

"ကျွန်ုပ်၏ညီအစ်ကို၊ သင်သည် အလွန်အဖိုးထိုက်တန်သော ကောင်းကင်နိုင်ငံတော်ပုလဲကိုရရှိဖို့ရန် ရင်းနှီးမည်လား။ ဤအရာသည် သတ္တုတွင်းအစုစပ်ဖြစ်၍ စိတ်ပျက်ခြင်းမတွေ့ရဘဲသင်ရင်းနှီးနိုင်သည်။ သို့သော်လည်း ချစ်မိတ်ဆွေ၊ ဤလောက၏သတ္တုတွင်းအစုစပ်စွန့်စားခြင်း၌ ဘုရားသခင်၏ငွေဖြင့် ရင်းနှီးရန်ကြေးငွေတစ်ပြားမျှမရှိပေ။"

သူတို့၏ဝင်ငွေ၌ ပွားများခြင်းရှိလိမ့်မည်ဟုထင်မှတ်၍ ဘုရားသခင်အပ်ပေးထားသောအရင်းငွေကို သတ္တုတွင်းအစုစပ်များ၌ မြှုပ်နှံထားသော ကျွန်ုပ်တို့၏လူတို့အတွက် ကျွန်ုပ်သည် အလွန်ဝမ်းနည်းခြင်းဖြစ်ပါသည်။ မြင်ကွင်းလက္ခဏာ၌ မှန်းဆသည်ထက် ကောင်းဟန်ရှိသော်လည်း အများတို့သည် လုံးဝစိတ်ပျက်ခြင်းနှင့်တွေ့ကြုံရကြမည်။

တစ်ချိန်တစ်ခါက ဘုရားသခင်၏အမှုတော်၌ စိတ်ဝင်စားခြင်းရှိသောညီအစ်ကိုတစ်ယောက်ကို ကျွန်ုပ်အမှတ်ရပါသည်။ လွန်ခဲ့သော နှစ်အနည်းငယ်ခန့်အချိန်က ကျွန်ုပ်သည် ဩစတြေးလျတိုင်းပြည်၌ရှိနေစဉ် ဤညီအစ်ကိုသည် ကျွန်ုပ်ထံသို့စာတစ်စောင်ရေးသားခဲ့သည်။ ထိုစာ၌ သူသည် သတ္တုတွင်းတစ်တွင်းကို

ဝယ်ယူခဲ့၍ ၎င်းတွင်းမှအမြတ်များစွာရမည့်အကြောင်းကို ရေးသားထားပါသည်။ သူရရှိသောကြေးငွေအထဲမှ ကျွန်ုပ်ကို တချို့တစ်ဝက်ပေးမည့်အကြောင်းကိုဖော်ပြထားပါသည်။ ရံဖန်ရံခါ သူသည် ကျွန်ုပ်ထံသို့စာရေးသား၍ ယခုအချိန်၌ အလားအလာအလွန်ကောင်းပါသည်။ များမကြာမီ အမြတ်အစွန်းများရတော့မည်။ သို့သော်လည်း အမြတ်အစွန်းမရရှိခဲ့ပေ။ ငွေပေါင်းသောင်းချီ၍ ရင်းနှီးထားခဲ့သော်လည်း သူ၏စွန့်စားခြင်း၌ ခဲလေသမျှသဲရေကျဖြစ်တော့သည်။

ကျွန်ုပ်သိရှိရသောအဖြစ်အပျက်များထဲမှ တစ်ခုသာဖြစ်ပါသည်။ သူတို့သည် အခြားသူတစ်ဦးတစ်ယောက်အား သတ္တုတွင်း၌ရင်းနှီးထားဖို့ရန် အားပေးမိသောကြောင့် ဝမ်းနည်းကြောင်းကို အများသောသူတို့သည် ကျွန်ုပ်အားပြောကြားပါသည်။ ကျွန်ုပ်တို့တွင် တစ်ဦးတစ်ယောက်သည် ညီအစ်ကိုတစ်ယောက် (သို့မဟုတ်) ညီအစ်မတစ်ယောက်ထံမှ ဤကဲ့သို့အလုပ်၌ ရင်းနှီးပေးဖို့ရန် ငွေရရှိထားလျှင် ပေးကမ်းထားသောသူသည် ပြန်ရရှိဖို့ဆန္ဒရှိပါက ပြန်ပေးပါ။ ပြန်ပေးအပ်ရန်ဝတ္တရားဖြစ်သည်။

သို့ဖြစ်၍ သင်သည် ဘုရားသခင်ပိုင်ပစ္စည်းကို မည်ကဲ့သို့စီမံလုပ်ကိုင်နေသနည်း။ သေချာစွာအသုံးပြုဖို့ရန် ကျွန်ုပ်သင့်ကို



သတိပေးပါသည်။ ဘုရားသခင်၏ဘဏ္ဍာတော်တိုက်ထဲ၌ ထည့်သွင်းထားခြင်းဖြင့် ကိုယ်တော်နိုင်ငံတော်၏ဘဏ္ဍာများမှ မကုန်ခန်းနိုင်သောအမြတ်အစွန်းကိုရရှိကြမည်။

ဘုရားသခင်၏လူတို့သည် အပေါ်ယံအမှန်တရားနှင့်သာ ကျေနပ်နေကြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်မှ နက်ရှိုင်း၍ ထာဝစဉ်တည်မြဲသောသမ္မာတရားများကို ကြိုးစားမှုရှိစွာဖြင့်ရှာဖွေကြရမည်။ တွေ့ရှိသောအခါ မြေကိုဝယ်ယူနိုင်ရန် ရှိသမျှကိုဝမ်းမြောက်စွာရောင်းချကြစို့။ Special Testimonies Series B, No. 17, pp. 8-13.

–ဝ–

## (၄၈) ဝင်ငွေအတွင်းတွင်နေထိုင်ခြင်း

မြောက်မြားစွာသောသူတို့သည် သူတို့၏အသုံးစရိတ်ငွေများကို ဝင်ငွေအတွင်းသုံးနိုင်ဖို့ရန် သူတို့ကိုယ်ကိုပညာပေးခြင်းမရှိကြသေးပေ။ အများသောသူတို့သည် မိမိတို့ကိုယ်ကို အခြေအနေလိုက်၍ လျော်ကန်အောင်ပြုပြင်ခြင်းမရှိကြပေ။ သူတို့သည် ထပ်တလဲလဲချေးငှားခြင်းကို ပြုလုပ်နေကြရာ လည်ပင်းထိအောင်အကြွေး၌နစ်မွန်းနေသောအခါ စိတ်ပျက်ခြင်း၊ စိတ်ဓာတ်ကျခြင်းဖြစ်ကြသည်။

အများသောသူတို့သည် ဘုရားသခင်၏အမှုတော်အကြောင်း သတိမရကြဘဲ နေ့အားပျော်ရွှင်မှုများ၊ ဝတ်စားဆင်ယင်မှုနှင့်မိုက်မဲခြင်းများ၌ အရမ်းမဲ့သုံးဖြုန်းကြသည်။ နေရင်းတိုင်းပြည်နှင့်ပင်လယ်ရပ်ခြားအသင်းတော်တို့၌ ကိုယ်တော်၏အမှုတော်တိုးပွားဖို့ရန် ခေါ်သောအခါ သူတို့၌ပေးကမ်းစရာတစ်ပြားတစ်ချပ်မျှမရှိ၊ သူတို့၏စာရင်း၌ပင် ငွေပိုယူထားကြောင်းတွေ့မြင်ရသည်။ ဤနည်းဖြင့်သူတို့သည် ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများ၌ ကိုယ်တော်ကိုလုယူကြသည်။ သူတို့၏တစ်ကိုယ်ကောင်းအပျော်အပါးလိုက်စားခြင်းကြောင့် ပြင်းထန်သောစုံစမ်း





နှောင့်ယှက်ခြင်းခံဖို့ရန် စိတ်နှလုံးကိုဖွင့်ပေးခြင်းဖြင့် စာတန်၏စဉ်းလဲခြင်းအတွင်းသို့ ရောက်ရှိသွားလေသည်။

ကျွန်ုပ်တို့သည် သတိထား၍ မလိုအပ်သောပြရုပ်သာဖြစ်သည့်အရာများတို့၌ ငွေကိုသုံးဖြုန်းခြင်းမပြုအပ်ပေ။ ကမ္ဘာလောက၏ထုံးစံကိုလိုက်လျော၍ ကျွန်ုပ်တို့ကိုယ်ကိုအာရုံခံစားဖို့ရန်ခွင့်မပြုသင့်ပေ။ ဘုရားသခင်၏ဘဏ္ဍာတော်ကိုလည်း လုမယူသင့်ပေ။ R & H, Dec. 19, 1893.

## အိမ်ထောင်၌ကြိုးစားအားထုတ်မှုနှင့်ချွေတာခြင်းရှိရန်

ညီအစ်ကိုမောင်နှမတို့၊ သင်တို့၌များစွာသိအပ်ဖို့ရန်လိုသေးကြောင်း ကျွန်ုပ်အားဖော်ပြခဲ့ပြီ။ သင်တို့သည် သင်တို့၌ရှိသောကြေးငွေဘောင်အတွင်း မနေထိုင်ခဲ့ပေ။ ချွေတာခြင်းကိုလည်း မကျင့်သုံးခဲ့ပေ။ သင်တို့သည် မြင့်မားသောလခကိုရရှိသော်လည်း တတ်နိုင်သလောက်ကြာရှည်ခံအောင်မသုံးစွဲခဲ့ပေ။ ပညာသတိကိုမဆင်ခြင်ဘဲ အရသာခံစားခြင်း (သို့မဟုတ်) အလိုတပ်မက်ခြင်းနှင့်သာ ပျော်မွေ့ခဲ့သည်။ တစ်ခါတစ်ရံ သင်တို့သည် သင်တို့အကုန်အကျမခံနိုင်သောအထက်တန်းအစားအစာကိုစားသောက်ခြင်းဖြင့် သင်တို့၏ငွေကိုသုံးဖြုန်းခဲ့သည်။ သင်တို့၏

အိတ်ထဲ၌ရှိသောကြေးငွေသည် အလွယ်တကူထွက်သွားတတ်သည်။

ကြေးငွေချမ်းသာသောသူတစ်ယောက်သည် သူ့အဖို့ သူ၏ကြေးငွေကိုတပ်မက်မောစွာသိမ်းဆည်းထားရခြင်းသည် လျော်ကန်သော်လည်း မမှန်ကန်ဖြစ်သည်။ သင်တို့သည်လည်း သင်တို့၏ခွန်အားကိုမသုံးတတ်၊ အကောင်းဆုံးအကျိုးဖြစ်ထွန်းခြင်းငှာမသုံးပါက သင်တို့အဖို့မှားယွင်းခြင်းပင်ဖြစ်သည်။ သင်တို့သည် သင်တို့၏အိမ်ထောင်ကိုထောက်ပံ့ခြင်း၌ ကြိုးစားလုပ်ကိုင်ခြင်းမရှိပေ။ အလုပ်သည် သင်တို့အဖို့အဆင်သင့်သောအခါမှသာလျှင် သင်တို့သည် အလုပ်ကိုလုပ်နိုင်သည်။ သို့သော်လည်း အလုပ်ကိုကြိုးစားလုပ်ကိုင်ရန်အားမထုတ်ပေ။ အကြောင်းမှာ သင်တို့၏အချိန်နှင့်ခွန်အားကို အကောင်းဆုံးအကျိုးဖြစ်ထွန်းဖို့ရန် ဘုရားသခင်ကိုရှို့ခြင်းဖြင့် အသုံးပြုရမည်ဟု သင်တို့၌ထင်မြင်နေခြင်းကြောင့်ဖြစ်သည်။

သင်တို့သည် ရောင်းဝယ်ရေးကိစ္စ၌ တစ်ခါတစ်ရံတစ်ချိန်တည်း၌ များစွာအမြတ်အစွန်းရရှိခဲ့သည်။ သင်တို့သည် ကြေးငွေရရှိပြီးသည်နောက် ငွေကိုလွယ်လွယ်နှင့်ရရှိခဲ့သော်လည်း ချွေတာရန်မလေ့လာခဲ့ပေ။ ရရှိသောဝင်ငွေဖြင့် စိတ်ကူးသမျှကိုဝယ်ခြမ်းသုံးဖြုန်းခဲ့သည်။ သင်တို့အစား ကိုယ်ကျိုးတမ်းတခြင်း



နှင့်အလိုဆန္ဒများကိုငြင်းပယ်၍ ယခုအဖို့သာအသက်မရှင်ဘဲနောင်အချိန်အဖို့ စီမံထားခြင်းရှိပါက ယခုအချိန်၌ သင်တို့တွင်လုံလောက်ခြင်းရှိ၍ သင်တို့၏အိမ်ထောင်တွင် အသက်တာ၏ချမ်းသာခြင်းရှိလိမ့်မည်။ သင်တို့နှင့်သင်တို့၏ဇနီးစောင့်ထိန်းရမည့်တာဝန်ဖြစ်သည်။ ဘုရားသခင်၏အမိန့်တော်လည်းဖြစ်သည်။ သင်တို့၌သိမှတ်ယူဖို့ရန် သင်ခန်းစာတစ်ခုရှိ၍ သုံးသပ်ဖို့ရန် အသိနောက်ကျခြင်းမဖြစ်ပါစေနှင့်။ နည်းနည်းနှင့်ကျဲကျဲဝိုင်းခြင်းပင်ဖြစ်သည်။

သခင်ယေရှုသည် အံ့ဖွယ်အမှုတစ်ခုကို ပြုလုပ်တော်မူ၍လူငါးထောင်ကိုကျွေးမွေးတော်မူသည်။ ထိုနောက် ချွေတာရေးနှင့်စပ်ဆိုင်၍ အရေးကြီးသောသင်ခန်းစာကိုပေးတော်မူသည်။ "ဘာမျှမပျောက်စေခြင်းငှာ ကျန်ကြွင်းသောအကျိုးအပဲ့တို့ကိုကောက်သိမ်းကြလော့၊" တာဝန်များ၊ အရေးကြီးသောဝတ္တရားများ၊ သင့်အပေါ်၌ရှိသည်။ "ချစ်ခြင်းမေတ္တာမှတစ်ပါး အဘယ်ကြွေးမျှမတင်စေနှင့်။" သင်သည် မသန်မစွမ်းဖြစ်နေသလား၊ သင်သည် အလုပ်မလုပ်နိုင်ဘဲရှိနေသလား။ သို့ဖြစ်ပါက သင်၏ညီအစ်ကိုများသည် သင့်ကိုမစဖို့ရန် တာဝန်ရှိသည်။ သင်သည် နေရာပြောင်းရွှေ့သွားပါက သင်၏ညီအစ်ကိုများထံမှ အလိုရှိအပ်သောအရာသည် အစပြုဖို့ပင်ဖြစ်သည်။ သင်၌ရှိအပ်သော

စိတ်ထက်သန်မှုရှိခဲ့သော် သင်နှင့်သင်၏ဇနီးသည်လည်း သင်တို့ဝင်ငွေဘောင်အတွင်းနေထိုင်ကြပါက သင်တို့သည် စိတ်ကျဉ်းကျပ်ခြင်းမှလွတ်ကင်းနေကြလိမ့်မည်။ သင်သည် လခနည်းနည်းရသောအလုပ်ကို လုပ်ကိုင်ရသကဲ့သို့ လခကြီးကြီး ရသောအလုပ်ကိုလည်း လုပ်ကိုင်ရမည်။ ကြိုးပမ်းလုပ်ကိုင်ခြင်းနှင့် ချွေတာခြင်းသည် များမကြာမီ သင်တို့ကိုသာ၍သက်သာသော အခြေအနေသို့ရောက်စေလိမ့်မည်။ 2T 431-436.

## ကျင့်ဝတ္တရားမှချွေတာခြင်း

ဘုရားသခင်၏အမှုတော်ကိုထောက်ပံ့ဖို့ရန်နှင့် အခက်အခဲတွေ့ခံစားနေရသောသူများနှင့် ဆင်းရဲသားများတို့ကိုသက်သာစေဖို့ ကြေးငွေမစရန် တောင်းခံခြင်းကိုလက်ခံတုံ့ပြန်သောသူတို့သည် သူတို့၏အရောင်းအဝယ်ကိစ္စအုပ်ချုပ်စီမံခြင်း၌ ပေါ့ဆခြင်း၊ နှောင့်နှေးတတ်ခြင်းမရှိသောသူများဖြစ်သည်။ သူတို့၏သုံးငွေ၊ ထွက်ငွေသည် ဝင်ငွေဘောင်အတွင်းတွင်ရှိဖို့ရန် အစဉ်ဂရုစိုက်ကြသည်။ သူတို့သည် ကျင့်ဝတ်အတိုင်းချွေတာကြသည်။ ပေးကမ်းနိုင်ဖို့ရန် ချွေတာရမည်ဟူသောဆောင်ပုဒ်အတိုင်း လိုက်နာကြသည်။ 4T 573.



## ပထမသင်ခန်းစာ – ကိုယ်ကိုငြင်းပယ်ခြင်း

ဆင်းရဲသောအိမ်ထောင်များသည် အကြွေးနှင့်လုံးပမ်းနေရသည်ကို ကျွန်ုပ်တွေ့မြင်ခဲ့ရသည်။ သို့သော်လည်း မိဘများကို မစနိုင်ရန် သားသမီးများအား မိမိတို့ကိုယ်ကိုစောင့်စည်းရန် သွန်သင်ပေးခြင်းမပြု။ ကျွန်ုပ်အလည်အပတ်ရောက်ခဲ့သော အိမ်ထောင်တစ်ခုတည်း၌ သမီးများသည် အဖိုးတန်သောစန္ဒရား သံစုံကိုအလိုရှိကြောင်းဖော်ပြကြသည်။ သမီးတို့၏ဆန္ဒကို မိဘများကအလိုလိုက်၍ဖြည့်ပေးလိုက်ကြသည်။ သို့သော်လည်း သူတို့သည် အကြွေးဖြင့်စိတ်ကျဉ်းကျပ်နေကြသည်။ သမီးများသည် ဤအကြောင်းကိုသိကြသည်။ သူတို့သည် မိမိကိုယ်ကို ငြိုးခြံရမည်ဟူသောအသိစိတ်ကလေးကိုသာရရှိထားပါက သူတို့၏ မိဘများ၌ ခံစားနေရသောစိတ်မသာယာမှုကို တွေ့မြင်ကြမည် မဟုတ်။ ဤကိစ္စသည် ဤမျှနှင့်ပင်မဆုံးသေးပေ။ စိတ်အလိုရှိတိုင်းဖော်ပြသည်။ မိဘတို့အပေါ်၌ လေးလံသောဝန်ထုပ်သည် အစဉ်ထပ်ဆင့်လျက်ရှိသည်။

အခြားအချိန်အလည်အပတ်သွားရာတွင် အိမ်တစ်အိမ်၌ အလွန်မက်မောဖွယ်ရာကောင်းသော အတီးအမှုတ်နှင့်ဆိုင်သည့် တူရိယာတစ်ခုကိုတွေ့မြင်ခဲ့သည်။ ဤတူရိယာကြောင့် ငွေပေါင်း

ထောင်ချီ၍ အကြွေးတင်ခဲ့သည်ကိုသိသည်။ မည်သူ့ကိုကျွန်ုပ်အပြစ်တင်ရမည်နည်း။ အလိုလိုက်တတ်သောမိဘများကိုအပြစ်တင်ရမည်လား၊ (သို့မဟုတ်) တစ်ကိုယ်ကောင်းစိတ်ရှိသောသားသမီးများကို အပြစ်တင်ရမည်လား။ နှစ်ဦးလုံး ဘုရားသခင်ရှေ့တော်၌ အပြစ်ရှိကြသည်။ ဤအဖြစ်အပျက်တစ်ခုသည်အများကိုပုံဆောင်သည်။ ဤလူငယ်များသည် ခရစ်ယာန်များဖြစ်သည်ဟုဝန်ခံသော်လည်း ခရစ်တော်၏လက်ဝါးကပ်တိုင်ကိုမည်သည့်အခါမျှထမ်းဆောင်ခြင်းမရှိကြသေးပေ။ ပထမဦးဆုံးခရစ်တော်မှသင်ကြားရမည့်သင်ခန်းစာသည် ကိုယ်ကိုငြင်းပယ်ခြင်းဖြစ်သည်။ "ထိုအခါ ယေရှုက၊ ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ့်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်။" ကိုယ်တော်ထားသောစည်းကမ်းအတိုင်း မဆောင်ရွက်ပါက ကျွန်ုပ်တို့သည် ခရစ်တော်၏တပည့်တော်များမဖြစ်နိုင်ပေ။ Sings, March 31, 1887.

–ဝ–

# (၄၉) ဘုရားသခင်၏အမှုတော်အပေါ်၌ အသရေပျက်စေခြင်း

သင်ယုံကြည်ကိုးကွယ်သောဘာသာသည် ဥပုသ်နေ့၌ သင့်ကို ဘုရားသခင်၏ဗိမာန်တော်သို့တက်ရောက်ရန် တာဝန်ပေးသကဲ့သို့ အလုပ်လုပ်ကိုင်ရသောခြောက်ရက်နေ့များ၌လည်း လုပ်ကိုင်ဆောင်ရွက်ရန် သင့်ကိုတာဝန်ပေးထားသည်။ သင်သည် လုပ်ကိုင်ဆောင်ရွက်ခြင်း၌ ကြိုးစားအားထုတ်မှုမရှိပေ။ သင်သည် မည်သည့်အရာကိုမျှမပြီးစီးဘဲ နာရီများ၊ နေ့ရက်များနှင့် ရက်သတ္တပတ်များကိုပင် အချိန်ဖြုန်းလိုက်သည်။ သင်သည် ကမ္ဘာလောကအား အကောင်းဆုံးဟောပြောနိုင်သောတရားတော်မှာ သင်၏အသက်တာ၌ ဇေန်အမှန်ပြောင်းလဲခြင်းရှိကြောင်းကို ပြသ၍ သင်၏အိမ်ထောင်ကိုပြုစုထောက်ပံ့ခြင်းဖြစ်ရမည်။ "မိမိလူတို့ကိုမပြုစု၊ ထိုမျှမက မိမိအိမ်သူအိမ်သားတို့ကို မပြုစုသောသူမည်သည်ကား၊ ယုံကြည်ခြင်းတရားကိုငြင်းပယ်၏။ ယုံကြည်ဖူးသောသူထက်သာ၍ယုတ်မာ၏" ဟု တမန်တော်ပြောဆို၏။

သင်သည် တစ်နေရာ၌နေထိုင်၍ အလုပ်ကိုကောင်းမွန်စွာမလုပ်ကိုင်ဘဲ အားထုတ်မှုကင်းမဲ့နေသောကြောင့် ဘုရားသခင်

၏အသရေကိုပျက်စေသည်။ ယင်းနောက် အိမ်ထောင်ကို ထောက်ပံ့နေရသောကြောင့်လည်း အကြွေးတင်ခဲ့လေသည်။ ဤအကြွေးများသည် မှန်ကန်သောအကြွေးများဖြစ်သော်လည်း သင်ပေးဆပ်ခြင်းမပြုဘဲ အခြားနေရာများသို့ပြောင်းရွှေ့သွားခဲ့သည်။ ဤသို့ပြုလုပ်ခြင်းသည် သင်နှင့်ဆက်စပ်သူ (သို့မဟုတ်) အိမ်နီးချင်းကိုလိမ်လည်ခြင်းဖြစ်သည်။ သမ္မာကျမ်းစာနှင့်ဆိုင်သောခရစ်ယာန်များဖြစ်သည်ဟု ဝန်ခံသောသူတို့ထံမှ ကမ္ဘာလောကသည် မှန်ကန်သောရိုးသားခြင်းကိုတွေ့ရှိဖို့ရန် မျှော်လင့်လျက်ရှိသည်။ လူတစ်ယောက်သည် မိမိပေးဆပ်ရမည့်အကြွေးကို ဂရုမစိုက်ဆပ်ပေးခြင်းမပြုဘဲနေခဲ့သောကြောင့် ကျွန်ုပ်တို့အားလုံးတို့ကို မယုံစားရသောသူများဖြစ်သည်ဟု မှတ်တမ်းတင်လိုက်ကြသည်။

"သူတစ်ပါးသည် သင်တို့အားပြုစေလိုသည့်အတိုင်း သူတစ်ပါးအားလည်းပြုကြလော့။ ဤအချက်သည် ကာယအလုပ်ကိုလုပ်ကိုင်ပေးသောသူတို့ကိုလည်းကောင်း၊ လက်ဆောင်ပဏ္ဏာများကြွယ်ဝ၍ ပေးကမ်းစွန့်ကြဲသောသူကိုလည်းကောင်း ရည်ညွှန်းသည်။ ဘုရားသခင်သည် သင့်ကိုခွန်အားနှင့်စွမ်းဆောင်မှုကိုပေးသည်။ သို့သော်လည်း သင်သည် ၎င်းစွမ်းရည်တို့ကို အသုံးမပြု။ သင်၏ခွန်အားသည် အိမ်ထောင်ကိုကြွယ်ဝစွာ ထောက်ပံ့ခြင်းကိုပေးနိုင်ရန် လုံလောက်သည်။ လိုအပ်ပါက



နံနက်အချိန်ကြယ်များတောက်ပနေစဉ်အချိန်၌ အိပ်ရာမှထပါ။ တစ်စုံတစ်ခုပြုလုပ်ရန်ကြံစည်ပါ။ ထိုနောက်ပြီးစီးအောင်ဆောင်ရွက်ပါ။ ဖျားနာ၍ အိပ်ရာပေါ်၌လဲနေသည့်အချိန်မှလွဲ၍ ပေးထားသောကတိအားလုံးအတိုင်း ပြီးစီးအောင်လုပ်ကိုင်ပါ။ မိမိကိုယ်တိုင်အစာမစားရမအိပ်ရလျှင်နေပါစေ။ သူတစ်ပါးအား မှန်ကန်စွာပေးဆပ်ရမည့်အကြွေးကို မပေးဆပ်၍ အပြစ်မဖြစ်ပါစေနှင့်။ 5T 179, 180.

## ဆဋ္ဌမပညတ်တော်တောင်းဆိုသောအရာ

ဆဋ္ဌမပညတ်တော်သည် လူကိုအတင်းအကျပ်သိမ်းယူခြင်းနှင့် ကျွန်အရောင်းအဝယ်လုပ်ခြင်းကို ပြစ်တင်ပြောဆို၍ နိုင်ထက်စီးနင်းတိုက်ခိုက်သောစစ်ကို တားမြစ်သည်။ ခိုးဝှက်ခြင်းနှင့်လုယူခြင်းကိုရှုတ်ချသည်။ အသက်တာ၏ကိစ္စများ၌ အသေးဆုံးသောအရာ၌ ရိုးသားခြင်းရှိရန် တင်းကျပ်စွာတောင်းဆိုသည်။ ကုန်ကူးသန်းရောင်းဝယ်ရာ၌ လှည့်စားခြင်းကိုတားမြစ်၍ မှန်ကန်သောကြွေးမြီနှင့်လစာများကိုပေးရန်လိုအပ်သည်။ လူတစ်ဦးတစ်ယောက်၏အသိပညာနည်းခြင်း၊ အားနည်းခြင်း (သို့မဟုတ်) ကံမကောင်းခြင်းကိုအခွင့်ကောင်းယူ၍ မိမိ၏

အကျိုးရှိရန် ကြိုးစားခြင်းကို ကောင်းကင်နိုင်ငံတော်၏စာရင်းများ၌ လိမ်လည်ခြင်းဟုမှတ်တမ်းတင်ထားသည်။ PP 309.

## အသက်ဝိညာဉ်များထောင်ရန် စာတန်၏ပိုက်ကွန်တစ်ခု

လူတိုင်းချွေတာခြင်းကိုကျင့်သုံးရမည်။ မည်သည့်အမှုတော်ဆောင်မျှ အကြွေးတင်အောင် မိမိတို့၏ကိုယ်ရေးကိုယ်တာကိစ္စများကို မဆောင်ရွက်ရပေ။ တစ်ဦးတစ်ယောက်သည် ကိုယ့်ဆန္ဒအတိုင်း အကြွေးတင်ရှိလာပါက ထိုသူသည် ဝိညာဉ်များကိုရရှိဖို့ရန် စာတန်ထောင်ထားသောပိုက်ကွန်တစ်ခုတွင် မိမိကိုယ်ကိုငြိကပ်စေပြီ။ CE 67.

## ယုံကြည်ခြင်းအားနည်း၍ စိတ်ဓာတ်ကျခြင်း

**ချစ်သောညီအစ်ကို၊**

"သင်သည် ယခုအခါ ကြွေးဒဏ်ဖြင့်ဖိစီးခြင်းခံနေရကြောင်းကြားသိရ၍ ဝမ်းနည်းပါသည်။ သင်ကဲ့သို့ ငွေရေးကြေးရေးနှင့်ပတ်သက်၍ စိတ်ဒုက္ခရောက်နေသောသူအများအပြားကို ကျွန်ုပ်သိပါသည်။---



"သင်၌ကျရောက်နေသောစိတ်ဆင်းရဲခြင်းကို ဘုရားသခင်နှစ်သက်တော်မမူပေ။ သင်သည် အကြွေးတင်သောသူတစ်ယောက်ဖြစ်နေ၍ ကိုယ်တော်၏အလင်းနှင့်မေတ္တာဘောင်တွင်နေနိုင်ရန် သင်၏အပေါ်သို့ ကိုယ်တော်၏နှစ်သိမ့်စေသော သန့်ရှင်းသောဝိညာဉ်တော်ကို ချပေးတော်မူလိုမည်။ သင်လေ့လာဖို့ရန် ကိုယ်တော်၌ သင်ခန်းစာများရှိသည်။ ထိုသင်ခန်းစာများကို သင်သည် လျင်မြန်စွာသင်ကြားစေလိုသည်။ သင်သည် ငွေကြေးကိစ္စနှင့်စပ်ဆိုင်၍ မိမိကိုယ်ကိုအကျပ်အတည်းဖြစ်အောင် မပြုလုပ်ရပေ။ သင်သည် အကြွေးတင်ခြင်းဖြင့် သင်၏ယုံကြည်ခြင်းကို အားနည်းစေ၍ သင့်အဖို့စိတ်ဓာတ်ကျစရာဖြစ်စေသည်။ စဉ်းစားကာမျှဖြင့် သင့်ကိုစိတ်နောက်သွားစေနိုင်သည်။ သင်၏ကုန်ကျစရိတ်ကိုလျှော့ရန်လိုသည်။ ဤလိုနေသောအရာကို သင်၏အကျင့်၌ဖြည့်ပေးပါ။ သင်၏အသုံးစရိတ်သည် သင်၏ဝင်ငွေထက်မပိုသွားစေဖို့ရန် ကြိုးစား၍ သင်၏ကိုယ်ကိုထိန်းသိမ်းရမည်။ Letter 48, 1888.

## အကျင့်ပျက်စေသည့်အလေ့အကျင့်တစ်ခု

နေရေးထိုင်ရေး အလွန်အကျဉ်းအကျပ်ကျရောက်နေခြင်းကို သက်သာစေရန် ငွေချေးယူခြင်းအလေ့အကျင့်တစ်ခုရှိသည်။

ဤအကျင့်ကို မည်မျှပင်အများအပြားကျင့်သုံးနေကြသော်လည်း အကြွေးကိုပြန်၍မပေးဆပ်ပါက အကျင့်ပျက်ပြားခြင်းပင်ဖြစ်သည်။ သမ္မာတရားကို ယုံကြည်သောသူတို့သည် ကိုယ်ကိုကိုယ်လှည့်ဖြားသော ဤအလေ့အကျင့်မှပြောင်းလဲခြင်းရှိရမည်။ သူတို့သည် ရိုးသားသောအကြွေးကိုမဆပ်ဘဲနေမည့်အစား ကိုယ်တိုင်ဆင်းရဲခံဖို့ရန် ရွေးချယ်ရမည်။ ဘုရားသခင်၏ပစ္စည်းများကို ထိန်းသိမ်းထားရာ၌ မည်သူမျှလိမ်ဆယ်ခြင်း (သို့မဟုတ်) မရိုးသားခြင်းကိုကျင့်သုံး၍ ဘုရားသခင်၏ရှေ့တော်၌ အပြစ်ကင်းလျက်မနေနိုင်ပေ။ သူတို့သည် ဘုရားသခင်၏ပညတ်တော်တို့ကိုစောင့်ရှောက်၍ သွန်သင်နေသည်ဟုပြောဆိုသောအချိန်ပင် အပြုအမူအားဖြင့် ခရစ်တော်ကိုငြင်းပယ်လျက်ရှိကြသည်။ သူတို့သည် ဘုရားသခင်၏ပညတ်တော်ကျင့်ဝတ်များကို တည်မြဲအောင်မပြုလုပ်ကြပေ။ သမ္မာတရားကိုတွေ့မြင်သောသူတို့သည် ယင်းသမ္မာတရားတော်၏သန့်ရှင်းစေသောတန်ခိုးအတိုင်း သူတို့၏အကျင့်၌လည်း ပြောင်းလဲခြင်းမရှိပါက သူတို့သည် ဧကန်အမှန်သေရကြမည်။ သူတို့သည် သမ္မာတရားကိုအလွဲဖော်ပြ၍ အသရေကိုကျစေပြီးလျှင် သမ္မာတရားဖြစ်သော ခရစ်တော်ကို တန်ခိုးပျက်စေလိမ့်မည်။ MS 168, 1898.

–ဝ–

# (၅၀) ဆုတောင်းဖို့ရန်ခေါ်ခြင်း (သို့မဟုတ်) အလုပ်အကိုင်ပြောင်းလဲခြင်း

ချစ်သောညီအစ်ကိုနှင့်ညီအစ်မ–

ကျွန်ုပ်သည် သင့်အားကြင်နာသောကိုယ်ချင်းစာနာမှုရှိ၍ သင်သည် အရာခပ်သိမ်းကိုမှန်အလင်းဖြင့်တွေ့မြင်နိုင်ရန် သင့်အဖို့ဆုတောင်းနေပါသည်။

တစ်ဦးတစ်ယောက်သည် မိမိနှင့်ဆိုင်သောကိစ္စအဝဝတို့ကို လုပ်ကိုင်ရာ၌ အကြွေးမတင်အောင်ကြည့်ရှုရမည်။

လူတစ်ယောက်သည် မိမိ၌အောင်မြင်ခြင်းမရှိပါက အဘယ်ကြောင့် ဆုမတောင်းသနည်း။ (သို့မဟုတ်) အလုပ်ကိုမည်သည့်အကြောင်းကြောင့် မပြောင်းလဲသနည်း။ ကျွန်ုပ်တို့ရှေ့၌မုန်တိုင်းကျနေသောအချိန်ဖြစ်၍ ဘုရားသခင်နှင့်ပူးပေါင်းလုပ်ကိုင်သောသူတို့ကို ကိုယ်တော်သည် လက်ခံတော်မူလိမ့်မည်။ ကိုယ်ကိုငြင်းပယ်ခြင်းနှင့်အနစ်နာခံခြင်းကိုလေ့ကျင့်ပါ။ ဆောင်ရွက်လုပ်ကိုင်ခြင်းတို့၌ သေချာစွာဆုတောင်းခြင်းဖြင့် ဆောင်ရွက်ပါ။ ဘုရားသခင်ရှေ့တော်၌ ဖြည်းညင်းစွာလျှောက်ပါ။ ဘုရားသခင်၌လုံးလုံးကြည်ညိုခြင်းရှိပါ။ ခြေဆွံ့သောသူသည်

လမ်းလွဲ၍မသွားနိုင်ရန် ကျွန်ုပ်တို့၏ခြေရှေ့၌ရှိသောလမ်းကို ဖြောင့်စေပါ။ Letter 63, 1897.

## စာပေရောင်းချသောသူတစ်ယောက်ကိုအကြံပေးခြင်း

သင်၏စာ၌ သင်သည် အကြွေးဖိစီးနေခြင်းအကြောင်းကို ညည်းညူပြောဆိုသည်။ သင်သည် အကြွေးထဲသို့ကျရောက်ဖို့ရန် အကြောင်းအနည်းငယ်မျှမရှိပေ။ သင်သည် မည်သည့်နည်းနှင့်မျှ ပြန်၍ဆပ်ပေးနိုင်စွမ်းမရှိသည်ကိုသိလျက်နှင့် လွတ်လပ်စွာ ချေးယူနေသည်။ အခြားသူများကို အခက်အခဲပေးနေ၍ သူတို့၌ ရှိသောငွေအနည်းငယ်ကိုလုယူလျက်ရှိသည်။ ဘုရားသခင်၏ အမှုတော်ကိုလည်း ကဲ့ရဲ့စရာဖြစ်ခဲ့သည်။ သင်လုပ်ကိုင်နေသော အရာ၌ သင်အဖြစ်မှန်သိမြင်ပါက ရပ်တန့်လိမ့်မည်။ ယုံကြည်သောသူများဖြစ်စေ၊ မယုံကြည်သောသူများဖြစ်စေ သူတို့၏ဥစ္စာကိုလုယူ၍ သင့်အခက်အခဲကိုသက်သာစေဖို့ သူတို့ကို ဒုက္ခပေးခြင်းသည် အပြစ်ရှိသောအလုပ်ဖြစ်ကြောင်းကို သင်သိသင့်သည်။

သင့်ကိစ္စသည် သေးငယ်သောကိစ္စမဟုတ်ပေ။ သင်ပြုလုပ်ခဲ့သောအကြောင်းကိုပြောဆိုရပါက သင်သည် အခြားစာပေရောင်းချသောသူတို့၏လမ်း၌ ပျက်စီးခြင်းဩဇာသက်ရောက်မှုကို ချမှတ်ခဲ့ပြီဖြစ်၍ သင်ကိုယ်တိုင်ပြန်၍ဖျက်ဖို့ရန်မတတ်နိုင်ပေ။



ရိုးရိုးသားသားဆောင်ရွက်လိုသောလူတို့၏တံခါးကို သင်သည် ပိတ်လိုက်၍ သူတို့ကိုလည်းမယုံကြည်ရသောသူများဟုမှတ်ယူစေပြီ။ အားကိုးအားထားနိုင်သောသူများရှိသော်လည်း အချို့သော စာပေရောင်းချသောသူတို့၏မှားယွင်းသောအပြုအမူကြောင့် သူတို့သည် မစွန့်စားဝံ့ကြပေ။ ဘဏ္ဍာတော်တိုက်မှ ငွေပေါင်းရာချီ၍ဆုံးရှုံးခံခဲ့ရသောဗဟုသုတကြောင့် သူတို့သည် ထိုသို့သောသူ၌ မည်ကဲ့သို့ယုံကြည်စိတ်ချနိုင်အံ့နည်း။ ယခုအချိန် ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်း၌ ထောက်ပံ့ဖို့ရန် အထူးလိုအပ်နေသောကြေးငွေကို သူသည် ငွေတိုက်မှထုတ်ယူခဲ့သည်မဟုတ်လော။ Letter 36, 1897.

## မိမိကိုယ်ကိုငြင်းပယ်ခြင်းဖြင့်လွတ်လပ်ခြင်း

မည်သည့်အခါမျှ အခြားသောကြွေးမတင်ဖို့ရန် ဆုံးဖြတ်ချက်ချထားပါ။ အကြွေးတင်မည့်အစား ကိုယ့်အဖို့လိုနေသော တစ်ရာတစ်ပါးသောအရာပစ္စည်းများကို ငြင်းပယ်လိုက်ပါ။ ကြွေးတင်ခြင်းသည် သင့်အသက်တာ၌ ကျိန်ခြင်းပင်ဖြစ်ခဲ့သည်။ ကျောက်ရောဂါကိုကြောက်ရွံ့သကဲ့သို့ရှောင်ရှားပါ။

ကိုယ်တော်၏ကောင်းချီးမင်္ဂလာများအားဖြင့် သင်သည် သင်၏အကြွေးများကိုဆပ်ပေး၍ ယခုမှစ၍ ထမင်းနှင့်ပဲပြုတ်

ကိုသာစားပြီးလျှင် မည်သူ့ကိုမျှကြွေးမတင်ရှိအောင်နေထိုင်မည်ဟု ဘုရားသခင်နှင့်ပဋိညာဉ်ပြုပါ။ ထမင်းဟင်းပွဲကိုချက်ပြုတ်ပြင်ဆင်ရာ၌ မလိုသောအပိုအလျှံများအတွက် ပိုက်ဆံတစ်မတ်၊ ငါးမူးကို သင့်အိတ်ထဲမှနုတ်ထုတ်၍သုံးစွဲခြင်းသည် အလွန်လွယ်ကူသည်။ သင်သည် ပိုက်ဆံပြားများကိုသတိထား၍ သုံးစွဲပါက ကျပ်ငွေများသုံးစွဲရန် အလိုအလျောက်သတိရှိလိမ့်မည်။ ဤအရာ၊ ထိုအရာတို့အတွက် ပိုက်ဆံပြားကိုသုံးစွဲကြရာများမကြာမီ ပြားမှကျပ်သို့ကူးပြောင်းသွားခဲ့သည်။ သင်သည် ကြွေးဖိစီးခြင်းခံရသောအခါ ကိုယ်အလိုသို့မလိုက်ပါနှင့်။ စိတ်မပျက်ပါနှင့်။ မမှားပါစေနှင့်။ အစာအလိုသို့မလိုက်ပါနှင့်။ ပြားပိုက်ဆံကိုစု၍ အကြွေးဆပ်ပေးပါ။ ကြွေးတင်လျှင် မြန်မြန်ဆပ်ပေးပါ။ သင်သည် ကြွေးတင်၍ မည်သူ့ကိုတစ်ပြားတစ်ချပ်မျှပေးစရာမရှိသောအခါ သင်သည် ကြီးကျယ်သောအောင်မြင်ခြင်းကိုရရှိလိမ့်မည်။ Letter 4, 1877.

## ကိုယ်နှင့်ဆိုင်သောအကြွေးသည် ရက်ရောခြင်းကို တားဆီးခြင်းမဖြစ်စေသင့်

ကောင်းမှုပြုလိုသောအကြံအစည်ကို စည်းကမ်းတကျ လုပ်ကိုင်ဖို့ရန် အချို့တို့သည် လာရောက်ပူးပေါင်းလုပ်ကိုင်ခြင်း



မရှိကြပေ။ ထိုသို့မလာရောက်ခြင်းမှာ သူတို့သည် အကြွေးနှင့်မကင်းသောသူများဖြစ်သည်ဟု ဆင်ခြင်ပေးကြသည်။ သူတို့သည် ပထမဦးဆုံး မည်သူ့ကိုအဘယ်အကြွေးမျှမတင်စေနှင့်ဟူသောဆောင်ပုဒ်နှင့်ညီရမည်ဟု ပြောကြသည်။ သို့သော်လည်း ဤကဲ့သို့ဆင်ခြင်ပေးခြင်းဖြင့် လွတ်ကင်းမည်မဟုတ်ပေ။ သူတို့သည် ကဲသာဘုရင်နှင့်ဆိုင်သောအရာကို ကဲသာဘုရင်အားဆက်သ၍ ဘုရားသခင်နှင့်ဆိုင်သောအရာကို ဘုရားသခင်အားဆက်သရကြမည်။ "မည်သူ့ကိုအဘယ်အကြွေးမျှမတင်စေနှင့်" ဟူသောအချက်ကို ဖြောင့်မှန်စွာယုံကြည်ကြ၍ သူတို့၏အကြွေးမကျေသမျှကာလပတ်လုံး ဘုရားသခင်သည် သူတို့ထံမှအလိုမရှိဟုယုံကြည်ကြသည်။ ဤနေရာ၌ သူတို့သည် မိမိတို့ကိုယ်ကိုလှည့်ဖြားနေကြသည်။ သူတို့သည် ဘုရားသခင်ဆိုင်သောအရာကို ဘုရားသခင်အားပေးအပ်ရန် ပျက်ကွက်ကြသည်။ အကြွေးပေးရန်ရှိသောသူတို့သည် ပေးရန်ရှိသောအရေအတွက်ကိုနုတ်ယူ၍ လက်ကျန်ထဲမှအချိုးကျကိုပေးရမည်။ 1T 220.

-o-

# (၅၁) အသင်းတော်အဆောက်အအုံများ၏ ကြွေးမြီများကိုရှင်းလင်းခြင်း

အသင်းတော်ဝတ်ပြုကျောင်းအဆောက်အအုံများ အကြွေးမှ ကင်းရှင်းဖို့ရန်ဆန္ဒဖြင့် ကျွန်ုပ်သည် သင်နှင့်အတူ ဝမ်းမြောက်ဝမ်းသာဖြစ်ပါသည်။ ဤအလုပ်ကို နှစ်စဉ်ကြိုးစားအားထုတ်လုပ်ကိုင်ခဲ့ပါက မည်မျှသက်သက်သာသာဖြစ်ခဲ့လိမ့်မည်နည်း။ ကျွန်ုပ်တို့၏တရားဇရပ်များသည် နှစ်စဉ်ဆက်လက်၍ အကြွေးတင်နေဖို့ရန်အကြောင်းမရှိပေ။ အသင်းသားတိုင်းတို့သည် မိမိတို့တာဝန်ရှိသည်အတိုင်း လုပ်ကိုင်ကြရပေမည်။ သခင်ယေရှုအဖို့ မိမိတို့ကိုယ်ကိုငြင်းပယ်ခြင်း၊ အနစ်နာခံခြင်းတို့ကိုလေ့ကျင့်ရမည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုဝယ်ယူခဲ့သောကြောင့် ကိုယ်တော်ပိုင်ဖြစ်သည်။ ကိုယ်တော်၏အသင်းတော်သည် အကြွေးမှကင်းရှင်းစေသောအားဖြင့် အသင်းသားတိုင်းတို့သည် ဘုရားသခင်ကိုချီးမွမ်းကြလိမ့်မည်။

ကိုယ်တော်၏ကြီးကျယ်သောစည်းဝေးဇရပ်များ၊ ကိုယ်တော်၏အမှုတော်ဆောင်ရွက်သောသူများသည် အကြွေးအားလုံးမှကင်းရှင်းကြရမည်။ နှစ်စဉ်အကြွေးငွေပေါင်းများစွာ





အပေါ်၌ အတိုးပေးခဲ့ရသည်။ အကယ်၍ ဤအတိုးငွေအားလုံးဖြင့် ကြွေးရင်းကိုဆပ်ဖို့ရန် သီးခြားသုံးစွဲခဲ့ပါက အကြွေးသည် ဤမျှလောက်တိုးတက်လာလိမ့်မည်မဟုတ်။ အကြွေးတင်ခြင်းသည် အလွန်သိမ်ဖျင်းသောလုပ်ကိုင်နည်းဖြစ်သည်။ ဆောက်လုပ်ရာ၌ လိုအပ်သောငွေကို ပထမဦးဆုံးအားကြိုးမာန်တက်ကြိုးစားစုဆောင်းထား၍ အသင်းတော်၌ အကြွေးမတင်စေရန် သီးခြားပေးလှူနိုင်ခဲ့လျှင် အလွန်ကောင်းပေလိမ့်မည်။ သို့ဖြစ်၍ ဘုရားသခင်အဖို့ ဝတ်ပြုရာအိမ်ကိုဆောက်သောအခါ အားကြိုးမာန်တက်ကြိုးစားဆောက်လုပ်၍ အကြွေးတင်သောအိမ်တော်အနေဖြင့် ကိုယ်တော်အားပေးအပ်နိုင်ရန် ပြဋ္ဌာန်းကြစို့။

ဩစတြေးလျ (သို့မဟုတ်) နယူးဇီလန်၌ရှိသော ကျွန်ုပ်တို့၏တရားဇရပ်ကျောင်းများ၌ အကြွေးရှိဖို့ရန်မလိုကြောင်းကို ဘုရားသခင်သည် ကျွန်ုပ်အားပြခဲ့ပါပြီ။ အခြေအနေတိုင်းတွင် ကြွေးတင်နေခြင်းသည် ဘုရားသခင်၏အထူးသန့်ရှင်းသောအရာများကို ဂရုမစိုက်ဘဲ ကိုယ်ကျိုးအတွက် သာမန်အရာများကို ဦးစားပေး၍ လုပ်ကိုင်သောကြောင့်ဖြစ်သည်။ အမြင့်ဆုံးသောချီးမွမ်းခြင်းကို ဘုရားသခင်၏သန့်ရှင်းရာတဲတော်၌သာပြုရမည်။ အခြားသောအရာများအကြောင်းကို ဤကိစ္စပြီးစီးမှသာ စဉ်းစားရမည်။ ကျွန်ုပ်တို့၏အကြံဉာဏ်များသည် မြင့်မားခြင်း၊ မြင့်မြတ်

ခြင်းနှင့် သန့်ရှင်းခြင်းရှိရမည်။ မိမိတို့၏သားသမီး၊ ဆွေမျိုးများနှင့်မိတ်ဆွေများအဖို့ မိဘများသည် လောကဆန်ခြင်းနှင့် တပ်မက်မောခြင်း၌ကျူးလွန်ခဲ့ကြပြီ။ ဧကန်အမှန်ဘေးအန္တရာယ်ဖြစ်စေ၍ ဘုရားသခင်ကိုမချီးမွမ်းသောနေရာ၌ ငွေကိုခွဲဝေအသုံးပြုခဲ့ကြပြီ။ သားသမီးများ၊ ဆွေမျိုးနှင့်မိတ်ဆွေများသို့ လက်ဆောင်များကို ရက်ရောစွာပေးကမ်းခဲ့ပြီ။ သို့သော်လည်း ဘုရားသခင်ကိုပေးကမ်းသောလက်ဆောင်ပဏ္ဏာများ၏တန်ဖိုး၌ ကန့်သတ်ချက်နှင့်တွန့်တိုမှုရှိလေသည်။

## ကိုယ်ကိုငြင်းပယ်ခြင်းနှင့်ဝတ်ပြုကိုးကွယ်ကျောင်းများကို ပေါင်နှံ့ထားခြင်း

ခရစ်ယာန်တိုင်း မိမိတို့ကိုယ်ကို ပြန်၍မေးမြန်းရမည့် မေးခွန်းမှာ– ကျွန်ုပ်သည် အတွင်းစိတ်ထဲမှ သခင်ယေရှုကို ချစ်သလား။ ကျွန်ုပ်သည် ဘုရားသခင်၏တဲတော် (သို့မဟုတ်) ဗိမာန်တော်ကိုနှစ်သက်ပါသလား။ ကျွန်ုပ်သည် ဘုရားသခင်နှင့် ကယ်တင်ရှင်သခင်ယေရှုကိုချစ်ခြင်း၌ ကိုယ်ကိုငြင်းပယ်နိုင်လောက်အောင်ပြင်းပြပါသလား။ ပျော်ရွှင်ခြင်းနှင့်ကိုယ်ကျိုး



အတွက် ပျော်မွေ့ခြင်းခံစားဖို့ရန် စုံစမ်းသွေးဆောင်ခြင်းခံရသောအခါ ဤအရာများကို မလုပ်နိုင်ဟုငြင်းဆိုခဲ့သလား။ ဘုရားသခင်၏ဗိမာန်တော်သည် ပေါင်နှံ့ထားခြင်း (သို့မဟုတ်) အကြွေးတင်နေစဉ် ကျွန်ုပ်သည် ကိုယ်ကျိုးအတွက် ကြေးငွေတစ်ပြားတစ်ချပ်မျှမသုံးနိုင်ဟု စိတ်ပြဌာန်းခြင်းပြုထားသလား။

ကျွန်ုပ်တို့သည် ခရစ်တော်ကိုဦးစားပေး၍ အမြင့်ဆုံးစဉ်းစားသင့်သည်မဟုတ်လော။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ရှိသေခြင်းနှင့်သစ္စာရှိခြင်းကို တောင်းခံအပ်သည်မဟုတ်လော။ ဤအရာများသည် ကျွန်ုပ်တို့၏မိသားစုနှင့် အသင်းတော်၏အသက်တာ၏အရင်းခံဖြစ်သည်။ စိတ်နှလုံး၊ အသက်ဝိညာဉ်၊ ခွန်အား၊ အသက်တာများကို ဘုရားသခင်ထံ၌ လုံးလုံးအပ်နှံထားလျှင်လည်းကောင်း၊ သင်၏ချစ်ခြင်းကို ကိုယ်တော်အားလုံးဝပေးအပ်ထားလျှင်လည်းကောင်း သင်၏ဆောင်ရွက်ခြင်းအားလုံးတို့၌ ဘုရားသခင်ကို အမြင့်မြတ်ဆုံးသောနေရာ၌ထားလိမ့်မည်။ အကျိုးသက်ရောက်ခြင်း၌ သင်သည် သန့်ရှင်းသောကုန်တိုက်၌ သခင်ခရစ်တော်နှင့်ဖက်စပ်ပါဝင်ရခြင်းသည် မည်ကဲ့သို့အကျိုးရှိသည်ကို နားလည်လာလိမ့်မည်။ ဘုရားသခင်ကိုဝတ်ပြုဖို့ရန် တည်ဆောက်ထားသောတရားဇရပ်သည် အကြွေး၌နစ်မွန်းနေမည်မဟုတ်။ ဤကဲ့သို့ဖြစ်ပျက်နေဖို့ရန်

လျစ်လျူရှုထားပါက သင်၏ယုံကြည်ခြင်းကိုငြင်းပယ်လိုက်သည်နှင့်တူပေမည်။ Letter 52, 1897.

## ဝတ်ပြုကိုးကွယ်ကျောင်း၏အကြွေးများသည် ဘုရားသခင်ကိုချီးမြှင့်မှုပြုရာမရောက်

ကျွန်ုပ်တို့၏ဝတ်ပြုကိုးကွယ်ကျောင်းများသည် အကြွေးဖြင့်ဖိစီးနေလျှင် ဘုရားသခင်၏ချီးမြှင့်မှုကိုရှုတ်ချခြင်းဖြစ်သည်။ ဤအခြေအနေများ၌ မရှိသင့်ပေ။ ပထမဦးမှစ၍ အဆုံးတိုင်အောင် မှားယွင်းသောစီမံအုပ်ချုပ်မှုဖြစ်သည်။ ကောင်းကင်ဘုံရှင်ဘုရားသခင်အဖို့ ချီးမြှင့်မှုပျက်စေခြင်းလည်းဖြစ်သည်။ ဇာခရိကျမ်းအခန်းကြီး ၄ ကိုဆုတောင်းခြင်းဖြင့် ဖတ်ရှုပါ။ ထိုနောက် ဟဂ္ဂဲအခန်းကြီး ၁ ကိုဖတ်၍ ဤပြောဆိုချက်များသည် သင်နှင့်ဆိုင်မဆိုင်ကိုကြည့်ပါ။ သင်သည် သင့်အဖို့ဦးစားပေး၍စဉ်းစားနေချိန်တွင် ဆောက်လုပ်ဖို့ရန်ပျက်ကွက်နေခဲ့သည်။ (သို့မဟုတ်) ချေးငွေဖြင့် ဆောက်လုပ်ခဲ့ခြင်းလည်းဖြစ်ပေမည်။ ၎င်းပြင် အသင်းတော်ကိုအကြွေးမှလွတ်ကင်းအောင် အလှူငွေများကိုမပေးကမ်းခဲ့ပေ။ သင်ပြုလုပ်ရမည့်တာဝန်သည် မည်သည့်အရာဖြစ်သည်ကို စဉ်းစားမည်လား။ နှစ်ပေါင်းများစွာကုန်လွန်သွားခဲ့ပြီဖြစ်သော်လည်း အကြွေးလျော့သွားစေဖို့ရန် အနစ်နာခံခြင်းအနည်းငယ်မျှမရှိကြပေ။ ငွေရင်းကျေဖို့ရန် ပေးနေသောကြေးငွေသည် အတိုးပေးရခြင်း၌ ဆုံးရှုံးသွားလေသည်။



## မည်သည့်အကြောင်းကြောင့်အကြွေးများကျန်နေသနည်း

အသင်းတော်၌ရှိသောသူများသည် ပျင်းရိသောသူများဖြစ်သည်ဟု ဘုရားသခင်စွပ်စွဲတော်မူသည်။ သန့်ရှင်းသောအရာများကို ဂရုမစိုက်ပစ်ထားခြင်းသည် ကိုယ်တော်၏အလိုဆန္ဒကိုပြည့်ဝအောင်လုပ်စေခြင်းမဟုတ်ပေ။ အသင်းတော်တိုင်းတို့၌ ကိုယ်ကိုအနစ်နာခံခြင်း၊ ကိုယ်ကိုငြင်းပယ်ခြင်းဖြင့် များစွာသောအရာတို့၌ အစီအစဉ်ပြောင်းလဲခြင်းရှိမည်။ ငွေသည် ငါ၏ဥစ္စာဖြစ်၏၊ ရွှေသည်လည်း ငါ၏ဥစ္စာဖြစ်သည်ဟု ထာဝရဘုရားသခင်မိန့်တော်မူသည်။ ထိုငွေနှင့်ရွှေတို့ကို မိမိကိုယ်ကျိုးအဖို့အသုံးပြုခြင်း၊ ကြီးမြင့်လိုသောဆန္ဒအတွက် (သို့မဟုတ်) ဝင့်ကြွားဖို့ရန်အတွက် အသုံးပြုခဲ့လျှင် ဘုရားသခင်၏ကျက်သရေကိုပျက်စေခြင်းပင်ဖြစ်သည်။

သူတို့၏ဂရုမစိုက်တတ်သောနေထိုင်မှုကြောင့် ဤကဲ့သို့အခြေအနေမျိုးသို့ဆိုက်ရောက်နေခြင်းကို တာဝန်ရှိသောလူများ

တို့သည် မသိဘဲအိပ်ပျော်နေနိုင်ကြမည်လား။ ဘုရားသခင်ရွေးချယ်ထားသောသူတို့သည် သူတို့၏အိမ်များကိုမွမ်းမံခြယ်လှယ်၍ ဘုရားသခင်၏ငွေကို မိမိတို့ကိုယ်ကျိုးအတွက် အရာခပ်သိမ်းတို့၌ရင်းနှီးထားကြသည်။ ထိုငွေများဖြင့် ဘုရားသခင်၏အိမ်တော်ကို အကောင်းဆုံးအခြေအနေ၌ထားရမည်ကိုသိကြသည်။ ဘုရားသခင်၏ဘဏ္ဍာတော်တိုက်မှ ကုန်ကျစရိတ်အတွက်ထုတ်ယူခြင်းမပြုရကြောင်းကိုလည်းသိကြသော်လည်း သူတို့သည် ထိုသို့လုပ်ကိုင်လျက်ပင်ရှိနေသောကြောင့် ကောင်းချီးမင်္ဂလာကို မခံစားနိုင်ပေ။

ကျွန်ုပ်၌ ဘုရားသခင်အထံတော်မှ သတင်းစကားတစ်ခုရှိပါသည်။ အသင်းတော်သည် အိပ်ရာမှနိုးထ၍ ဤအရာများကိုစဉ်းစားရမည်။ ငွေသည် ငါ၏ဥစ္စာဖြစ်၏။ ရွှေသည်လည်း ငါ၏ဥစ္စာဖြစ်သည်ဟု ထာဝရဘုရားသခင်မိန့်တော်မူသည်။ ကျွန်ုပ်တို့သည် အိမ်ထောင်စုများအနေဖြင့် ဘုရားသခင်၏ငွေနှင့်ရွှေများကို မိမိတို့ကိုယ်ကျိုးအတွက် ခွဲဝေအသုံးပြုနေကြ၍ ကိုယ်တော်၏အိမ်တော်အကြွေးကိုလျော့ပါးစေအောင် မလုပ်ကိုင်ဘဲနေကြသလား။ အသင်းတော်များသည် အကြွေးဖြင့်ဖိစီးလျက်ရှိကြသည်။ အကြွေးမှလွတ်ကင်းအောင် မပြုလုပ်နိုင်သောကြောင့်မဟုတ်ပေ။ အသင်းသားတို့၏ကိုယ်ကျိုးရှာဖွေခြင်းကြောင့်



အကြွေးမရှိဘဲနေသည်။ ဤကဲ့သို့ပျက်ကွက်ခြင်းကြောင့် ဘုရားသခင်၏ကျက်သရေကို ညှိုးစေသည်။ ဘုရားသခင်သည် သင်၏ကြေးငွေကိုချုပ်ကိုင်လိုက်လျှင် ကျရောက်မည့်ဘေးဒဏ်အတွက် မသိမမြင်ဘဲမနေပါစေနှင့်။ သင်သည် ဘုရားသခင်ကို ပထမဦးဆုံးထား၍ ကိုယ်တော်၏အိမ်တော်သည် အကြွေးအားဖြင့် ချီးမွမ်းမခံရကြောင်းကိုသိမြင်လျှင် ဘုရားသခင်သည် သင့်ကိုကောင်းချီးပေးလိမ့်မည်။ MS 116, 1897.

## အကြံဉာဏ်ပေးခြင်းနှင့်ပူးပေါင်းဆောင်ရွက်ရန်လိုခြင်း

**ချစ်သောညီအစ်ကို –**

သင်သည် သင်၏ညီအစ်ကိုများစုပေါင်း၍ပေးသောအကြံအတိုင်းပြုလုပ်နေလျှင် သင်၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့်ပြုလုပ်ဆောင်ရွက်နေသည်ဟုပြောဆိုကြမည်မဟုတ်ပေ။ သို့သော်လည်း သင်သည် ဤအလုပ်၌ပျက်ကွက်ခဲ့ပြီး မည်သူ့ကိုမျှအားမကိုးဘဲ တသီးတခြားလုပ်ကိုင်ခဲ့သည်။ သင်သည် ငွေကိုချေးယူနိုင်သည်။ သင်၏ဆောက်လုပ်ခြင်းအကြံအစည်များ၌ သင်၏ညီအစ်ကိုများနှင့်အမြင်ချင်းတူရန် လုပ်ကိုင်နေသလား။

သင်သည် သူတို့နှင့်တူညီသောထမ်းပိုးထမ်းလျက်ရှိသလား။ သူတို့သည်လည်း သင်နှင့်တူညီသောထမ်းပိုးထမ်းထားလျက်ရှိကြသလား။ အသင်းတော်ကိုတည်ဆောက်ရာ၌ လူတစ်ဦးတစ်ယောက်၏စိတ်ဆုံးဖြတ်ချက်သည် စွမ်းဆောင်နိုင်ခြင်းအပြည့်အဝရှိသည်ဟု မယူဆနိုင်ပေ။ တာဝန်ကိုဆောင်ရွက်နိုင်သောအသင်းသားတိုင်းပါဝင်ရမည်။ ဓမ္မဆရာတစ်ဦးတစ်ယောက်တည်းသာ ဤအလုပ်ကိုလုပ်ကိုင်ဆောင်ရွက်ပြီးစီးရမည်မဟုတ်ပေ။ သင့်ညီအစ်ကိုတို့၏သဘောတူစိတ်ဆုံးဖြတ်ချက်ကိုရယူခြင်းသည် သင့်အဖို့သင်ခန်းစာဖြစ်၏။ သူတို့၏အကြံဉာဏ်၊ အကြံပေးခြင်းနှင့်ပူးပေါင်းဆောင်ရွက်ခြင်းမရှိပါက ရှေ့သို့ဆက်လက်၍ဆောင်ရွက်ခြင်းမပြုပါနှင့်။ Letter 49, 1900.

## ခွင့်မလွှတ်နိုင်သောပေါ့ဆမှု

အများသောအသင်းသားတို့၏ပေါ့ဆခြင်းကြောင့် အကြွေးတင်ရသောအကြောင်းနှင့် အကြွေးထဲ၌နစ်မွန်းနေခြင်းကိစ္စသည် ကျွန်ုပ်ရှေ့တွင် မြင်တွေ့ခဲ့ပါသည်။ ဤကိစ္စများတို့၌ ဘုရားသခင်၏အသင်းတော်အပေါ်၌ အကြွေးသည် အဆက်မပြတ်တင်လျက် အဆက်မပြတ်အတိုးပေးနေရသည်။ ဤအခြေအနေ၌



ရှိဖို့ရန် မလိုအပ်ပေ။ ဘုရားသခင်သည် ကိုယ်တော်၏အစေခံများထံမှလိုအပ်သောအရာများကို ကျွန်ုပ်တို့၏ဖွဲ့၊ လုံ့လအားထုတ်မှုနှင့်သတ္တိပညာ၌ဖော်ပြခဲ့လျှင် ဤအရာများ၌ ပြောင်းလဲခြင်းရှိလိမ့်မည်။ အကြွေးကင်းရှင်းသွားမည်။ အသင်းတော်၏ဝိညာဉ်ရေးတိုးတက်ခြင်း၌ ကိုယ်ကိုငြင်းပယ်ခြင်းနှင့် ကိုယ်ကိုအနစ်နာခံခြင်းသည် အံ့သြဖွယ်ရာကောင်းအောင်ထင်ရှားလိမ့်မည်။ အသင်းသားတိုင်း အလုပ်တစ်ခုကိုလုပ်ကိုင်ဆောင်ရွက်ပါ။ လူတိုင်း တစ်ခုခုကိုလုပ်ကိုင်ဆောင်ရွက်ဖို့ရန်လိုအပ်ကြောင်းကို ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်သောသူတိုင်းတို့အား တိုက်တွန်းနှိုးဆော်ပါ။

ကောလိပ်ကျောင်းနှင့်အသင်းတော်သည် ယခုကဲ့သို့အကြွေးတင်ခံနေဖို့ရန်မသင့်ပေ။ မပါးနပ်သောဘဏ္ဍာစိုးကြောင့် ဤအခြင်းအရာမျိုးကိုတွေ့မြင်နေရသည်။ ဘုရားသခင်သည် ကိုယ်ကိုပေးကမ်းအပ်နှံရန် ခေါ်တော်မူသည်။ ပေးကမ်းနိုင်သောသူတို့ထံမှအလှူငွေကို တောင်းခံတော်မူသည်။ ဆင်းရဲသောအသင်းသားများပင်လျှင် သူတို့တတ်နိုင်သမျှပေးလှူနိုင်ကြသည်။ ပေးလှူရန်စိတ်စေတနာရှိသောအခါ ဘုရားသခင်သည် လမ်းကိုဖွင့်ပေးတော်မူလိမ့်မည်။ သို့သော်လည်း ဘုရားသခင်သည်

အုပ်ချုပ်စီမံသည့်လူတစ်စုကိုသဘောမကျပေ။ ကိုယ်တော်၏ အမှုတော်သည် အကြွေးဖြင့်နှောင်ဖွဲ့ထားဖို့ရန် ကြံရွယ်မထားပေ။

လွန်ခဲ့သည့်အချိန်၌ မည်သည့်အရာတစ်စုံတစ်ခုမျှ မလုပ်ကိုင်ခဲ့သောသူတို့သည် တစ်စုံတစ်ခုကို ထိထိရောက်ရောက် လုပ်ကိုင်နိုင်ဖို့ရန် မိမိကိုယ်ကိုငြင်းပယ်ခြင်းက ပြုလုပ်ပေးလိမ့်မည်။ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်၏သွန်သင်ချက်များကိုယုံကြည်၍ ဤခေတ်နှင့်ဆိုင်သောသမ္မာတရား၌လည်း ယုံကြည်ကြောင်းပြသကြမည်။ လူကြီးလူငယ်၊ မိဘနှင့်သားသမီးများအားလုံးတို့သည် သူတို့၏ယုံကြည်ချက်ကို အလုပ်အားဖြင့် ပြသရကြမည်။ ယုံကြည်ခြင်းကိုလက်တွေ့အားဖြင့် စုံလင်ခြင်းသို့ရောက်စေသည်။ ကျွန်ုပ်တို့သည် ကမ္ဘာကြီး၏သမိုင်းကုန်ဆုံးချိန်၌ နေထိုင်ကြသည်။ သို့သော်လည်း ဤအကြောင်းကိုသတိရသောသူနည်းပါးကြသည်။ အကြောင်းမှာ ကမ္ဘာကြီးသည် လူတို့နှင့် ဘုရားသခင်စပ်ကြား၌ ကာဆီးထားသောကြောင့်ဖြစ်သည်။ Letter 81, 1897.

## အာဗွန်ဒေးလ်၌အသင်းတော်နှင့်ကျောင်းကိုတည်ဆောက်ခြင်း

ပူးပေါင်းခြင်း၊ လုံ့လထကြွခြင်းနှင့်မပြတ်မလပ်ကြိုးစားခြင်းဖြင့် မြောက်မြားစွာသောအကျိုးကိုရရှိမည့်အချိန်ရှိသည်။



ငင်းကျောင်းကိုဖွင့်ဖို့ရန် အချိန်ကိုသတ်မှတ်လိုက်ပါသည်။ သို့သော်လည်း တစ်ပြည်လုံး၌နေထိုင်ကြသောညီအစ်ကိုများသည် ရက်ပြောင်းရွှေ့ရန်လိုလားကြပါသည်။ သူတို့သည် ကျောင်းဖွင့်ရန် အချိန်၌ ကြာမြင့်စွာစောင့်ဆိုင်းနေရသောကြောင့် စိတ်ပျက်ကြသည်။ အဆောက်အအုံများ၌ လုပ်ကိုင်စရာများစွာရှိသည်။ ကြေးငွေလည်းကုန်ခန်းသွားခဲ့ပြီ။ သို့ဖြစ်၍ အလုပ်ကိုချိန်းဆိုထားသောအချိန်၌ မပြီးစီးနိုင်ဟု ဆောက်လုပ်သောသူများက ပြောဆိုကြသည်။ သို့သော်လည်း နှောင့်နှေးခြင်းမရှိစေရန် ကျွန်ုပ်တို့ကပြန်ပြောပါသည်။ ရက်ချိန်းပေးထားသောနေ့ရက်၌ ကျောင်းကိုဖွင့်ရမည်။ သို့ဖြစ်၍ ဤကိစ္စကိုအသင်းတော်သို့ တင်ပြလျက် စေတနာ့ဝန်ထမ်းများကိုခေါ်ပါသည်။ လူပေါင်းသုံးဆယ်တို့သည် လုပ်အားပေးဆောင်ရွက်ရန် သဘောတူကြပါသည်။ သူတို့သည် အချိန်ပိုပေးဖို့ရန်ခဲယဉ်းခြင်းနှင့် တွေ့ဆုံရသော်လည်း အဆောက်အအုံများဆောက်လုပ်ပြီးစီး၍ ကျောင်းဖွင့်သည့်နေ့ရက်ရောက်သည်တိုင်အောင် လူတစ်စုသည် လိုအပ်သောအရာများကိုလုပ်ကိုင်ခြင်း၊ ဆေးကြောခြင်း၊ နေရာတကျ အစီအစဉ်ချထားခြင်းများကိုလုပ်ခဲ့ကြပါသည်။

စည်းဝေးရာဇရပ်ကိုဆောက်လုပ်ဖို့ရန် အချိန်ရောက်လာသောအခါ၌လည်း ယုံကြည်ခြင်းနှင့် သစ္စာရှိခြင်းကိုစုံစမ်းဖို့ရန်

ဖြစ်ပြန်သည်။ မည်ကဲ့သို့ဆောင်ရွက်လုပ်ကိုင်ရမည်ကိုတိုင်ပင်ကြပါသည်။ အဖက်ဖက်၌ ခက်ခဲခြင်းများကိုတွေ့ရသည်။ အချို့သောသူတို့ကပြောဆိုသည်မှာ "ယခုအချိန်အဆောက်အအုံငယ်ငယ်သာဆောက်ကြပါ။ ငွေဝင်များလာသည့်အချိန်တွင် တိုးချဲ့လိုက်နိုင်တာပဲ၊ ယခုအချိန်မှာတော့ ကျွန်တော်တို့ရဲ့စိတ်ကြိုက်အဆောက်အအုံရမှာမဟုတ်ဘူး။ အချို့သောသူတို့က ပိုက်ဆံလုံလောက်တဲ့အချိန်ကျမှ ကျယ်ကျယ်ဝန်းဝန်းဆောက်ပါ။ ခဏစောင့်ကြသေးတာပေါ့။" ဤနည်းအတိုင်းလုပ်ကိုင်ရမည်ဟု ကျွန်ုပ်တို့ထင်မြင်ကြပါသည်။ သို့သော်လည်း ဘုရားသခင်၏ အမိန့်တော်သည် ညဥ့်အချိန်၌ ကျွန်ုပ်ထံသို့ "ထလော့၊ စောင့်ဆိုင်းခြင်းမပြုဘဲဆောက်လော့" ဟုရောက်လာပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် အလုပ်ကိုစတင်လုပ်ကိုင်ရန် ဆုံးဖြတ်လိုက်ကြ၍ ယုံကြည်ခြင်းဖြင့်လိုက်နာကြပါသည်။ နောက်တစ်နေ့ညဥ့်အချိန်၌ တောင်အာဖရိကမှ ပေါင်နှစ်ရာအတွက် ငွေလွှဲစာရရှိခဲ့ပါသည်။ ဤငွေသည် ကိတ်တောင်း၊ ဆရာကြီးလင်းဆေးတို့ဇနီးမောင်နှံထံမှ ဝတ်ပြုကျောင်းဆောက်လုပ်ဖို့ရန် ပေးလှူလိုက်သောငွေဖြစ်ပါသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုစုံစမ်းခံရပြီ။ အလုပ်ကိုစတင်လုပ်ကိုင်ရန် ဆုံးဖြတ်လိုက်ပါသည်။ စတင်လုပ်ကိုင်ရန်အတွက် ဘုရားသခင်သည် ကျွန်ုပ်တို့၏လက်တွင်းသို့ ကြီးသောဆုလာဘ်ကိုပေးခဲ့ပြီ။



ဤသို့အားပေးခြင်းဖြင့် အလုပ်ကို စိတ်အားထက်သန်စွာ စတင်ဆောင်ရွက်ကြပါသည်။ ကျောင်းဘုတ်အဖွဲ့သည် မြေကွက်နှင့်ပေါင်တစ်ရာကို ပေးလှူပါသည်။ ယူနီယံကွန်ဖရင့်ထံမှ ပေါင်နှစ်ရာရရှိ၍ အသင်းသားများသည် တတ်နိုင်သမျှပေးလှူကြပါသည်။ အသင်းဝင်မဟုတ်သောမိတ်ဆွေများတို့ကလည်း မစပါသည်။ အဆောက်အအုံကိုဆောက်လုပ်သောသူတို့ကလည်း လုပ်အားပေးကြရာ ငွေရရှိသကဲ့သို့အဖိုးတန်ပါသည်။

ဤနည်းဖြင့် အလုပ်သည်ပြီးစီးခဲ့၍ ဤလှပသောဝတ်ပြုကျောင်းကိုရရှိခဲ့ပါသည်။ လူလေးရာထိုင်ဖို့ရန်နေရာရှိပါသည်။ ကိုယ်တော်ကို ဤအိမ်တော်၌ဝတ်ပြုကိုးကွယ်ဖို့ရန် အခွင့်ရ၍ ဘုရားသခင်ကိုကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့တွေ့ဆုံအောင်မြင်ခဲ့သော ခဲရာခဲဆစ်များကို ကိုယ်တော်သိပါသည်။ ခဲရာခဲဆစ်ဖြစ်လာသောအခါ အလုပ်ကိုကြည့်ရှုစီမံနေသောဆရာကြီး ဟဲစကိလ်သည် လုပ်သားအားလုံးတို့ကိုခေါ်၍ သူတို့အပေါ်နှင့်ဆောက်လုပ်သောသူများအပေါ်သို့ ကောင်းချီးမင်္ဂလာချပေးဖို့ရန် စိတ်ထက်သန်စွာဆုတောင်းကြပါသည်။ ဘုရားသခင်သည် ဆုတောင်းခြင်းကိုနားညောင်းသောကြောင့် အိမ်တော်ကို ရက်သတ္တပတ်ခုနစ်ပတ်အတွင်း ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ R & H, Nov. 1, 1898.

–၀–

# (၅၂) အဖွဲ့အစည်းများ၏ကြွေးမြီများကို ရှောင်ရှားခြင်း

မိမိ၏အမှုတော်သည် အစဉ်သဖြင့် အကြွေးနှင့်ရှုပ်ထွေးလျက်နေသည်ကို ဘုရားသခင်သည် အလိုတော်မရှိ။ အဆောက်အအုံများ (သို့မဟုတ်) အဖွဲ့အစည်း၏အခြားသောနေရာများ၌လည်းကောင်း၊ ချဲ့ထွင်လိုသောအခါ၌လည်းကောင်း လက်ရှိကြေးငွေထက်ပို၍မသုံးမိရန် သတိထားရကြမည်။ သို့ဖြစ်၍ သာ၍အဆင်ပြေကောင်းမွန်သောနေ့ရက်ရောက်သည်တိုင်အောင် အသစ်တိုးချဲ့ခြင်းများကို ရွှေ့ဆိုင်းထားရပေမည်။ သို့မှသာလျှင် အကြွေးကင်း၍ အတိုးလည်းပေးဖို့ရန်လိုမည်မဟုတ်။

ကျွန်ုပ်တို့၏စာပုံနှိပ်တိုက်များလည်း ကျွန်ုပ်တို့လူများတို့၏ကြေးငွေအပ်နှံထားရာနေရာများဖြစ်နေပါသည်။ ဤနည်းဖြင့် အခြားအလုပ်ဌာနခွဲများနှင့် အမှုတော်လုပ်ကိုင်ဖို့ရန် ကြေးငွေများထောက်ပံ့ခြင်းကိုရရှိနေပါသည်။ ၎င်းအပြင် အခြားသောလုပ်ငန်းများကိုလုပ်ကိုင်ဖို့ရန် အထောက်အကူရရှိပါသည်။ ကျွန်ုပ်အားဘုရားသခင်ပေးသောအလင်းမှရရှိသည့်အတိုင်း ကျွန်ုပ်တို့သည် အကြွေးကင်းဖို့ရန် ကြိုးစားဆောင်ရွက်ကြရမည်။





## စာပုံနှိပ်တိုက်ကိစ္စ၌

စာပေပုံနှိပ်ခြင်းအလုပ်ကို မိမိကိုယ်ကိုချွေတာခြင်းနည်းဖြင့် တည်ဆောက်ခဲ့ပါသည်။ စီးပွားရေးစည်းမျဉ်းအတိုင်းလုပ်ကိုင်ရပေမည်။ ကြေးငွေလိုအပ်ခြင်း၌ အရေးကြီးလာလျှင် ကြေးငွေအားဖြင့် ထောက်ပံ့ခြင်းကို စီစဉ်ပေမည်။ လုပ်သားများသည် မိမိတို့ရရှိသောလစာမှ လျှော့ပေါ့ခြင်းကိုသဘောတူကြသည်။ ကျွန်ုပ်တို့၏အဖွဲ့အစည်းများ၌ ဤနည်းအတိုင်းဆောင်ရွက်ဖို့ရန် ဘုရားသခင်သည် ကျွန်ုပ်တို့အားဖော်ပြပါသည်။ ငွေသည် ရှားပါးလာသောအခါ ကျွန်ုပ်တို့၌လိုအပ်သောအရာများကို ခြိုးခြံဖို့ရန်ဆန္ဒရှိရမည်။

ပုံနှိပ်ထုတ်ဝေသည့်စာ စသည့်အရာတို့၌ မှန်ကန်သောခန့်မှန်းချက်ကိုတွက်၍ ကျွန်ုပ်တို့၏စာပုံနှိပ်တိုက်များသည် တတ်နိုင်သမျှချွေတာရမည်။ ဤကဲ့သို့ချွေတာရာ၌ အကြောင်းမညီညွတ်ခြင်းများနှင့်တွေ့ဆုံပေမည်။ ထွက်သွားသောအသေးအဖွဲကလေးများကိုသတိထား၍ကြည့်ပါ။ ငွေထွက်ပေါက်တိုင်းကိုပိတ်ဆို့ပါ။ အရှုံးကလေးများသည် နောက်ဆုံးအရှုံးကြီးသို့ရောက်သွားနိုင်သည်။ အကျိုးအပဲ့များကိုသိမ်းယူလော့၊ ဘာမျှမပျောက်စေနှင့်။ စကားပြောခြင်းဖြင့် အချိန်ကိုမဖြုန်းပါနှင့်။

သုံးဖြုန်းလိုက်သောမိနစ်များသည် နာရီများကြာညောင်းခဲ့သည်။ မနေမနားကြိုးစားခြင်း၊ အားထုတ်ခြင်း၊ ယုံကြည်ခြင်းဖြင့် လုပ်ဆောင်ခြင်းသည် အောင်မြင်ခြင်းနှင့်တွေ့ဆုံရမည်။

သေးငယ်သောအရာများကိုကြည့်ရှုရခြင်းသည် မိမိတို့၏ ကျက်သရေကိုသိမ်ငယ်စေသည်ဟု အချို့ထင်မြင်ကြသည်။ သိမ်ငယ်သောစိတ်နှလုံးနှင့် စေးနှဲတတ်သောသဘော၏ သာဓကပေါင်ဖြစ်သည်ဟု ထင်မြင်ကြသည်။ သို့သော် သေးငယ်သောယိုစီးသည့်အပေါက်သည် သင်္ဘောကြီးမြောက်မြားစွာတို့ကို နစ်မြုပ်စေခဲ့ပြီ။ အကျိုးမဖြစ်ထွန်းစေနိုင်သောအရာများအတွက် အချိန်ကုန်မခံပါနှင့်။ မချွေတာခြင်းသည် ကျွန်ုပ်တို့၏အဖွဲ့အစည်းအပေါ်သို့ မုချအကြွေးကိုတင်စေလိမ့်မည်။ ဝင်ငွေ မြောက်မြားစွာပင်ရရှိသော်လည်း အလုပ်ဌာနခွဲတိုင်းတို့၌ရှိသော အသေးအဖွဲဖြုန်းတီးခြင်းကြောင့် ဆုံးရှုံးသွားနိုင်သည်။ ချွေတာခြင်းသည် စေးနှဲခြင်းမဟုတ်။

စာပုံနှိပ်တိုက်၌ အလုပ်လုပ်ကိုင်သောလူတိုင်းတို့သည် သစ္စာရှိသောကင်းစောင့်များဖြစ်ကြ၍ မည်သည့်အရာမျှ ပျက်စီးလေလွင့်ခြင်းမရှိအောင် ကြည့်ရှုရမည်။ အထင်အမြင်အားဖြင့် လိုအပ်ခြင်းရှိသည်ဟူသောပစ္စည်းအတွက် အသုံးလိုအပ်ခြင်းကို စောင့်ရှောက်ကြည့်ရှုရမည်။ အချို့တို့သည် တစ်နှစ်လျှင် ကြေးငွေ



ကျပ်လေးရာဝင်ငွေဖြင့် ကြေးငွေကျပ်ရှစ်ရာဝင်ငွေရှိသောသူထက် ပို၍ ကောင်းမွန်စွာနေနိုင်သည်။ ကျွန်ုပ်တို့၏အဖွဲ့အစည်းများသည် ဤနည်းအတိုင်းဖြစ်သည်။ အချို့တို့သည် အရင်းငွေ အနည်းငယ်ဖြင့် လုပ်ကိုင်နိုင်ကြသည်။ အားလုံးသောအမှုတော်ဆောင်များသည် ချွေတာခြင်းကိုကျင့်သုံးရန် ဘုရားသခင်အလိုတော်ရှိသည်။ အထူးသဖြင့် သစ္စာရှိသောစာရင်းကိုင်ဖြစ်ရမည်။ 7T 206, 207.

## သတိနှင့်ကျန်းမာစွာနေထိုင်ရန်စီမံခြင်းဖြင့် စရိတ်သက်သာခြင်း

ကျွန်ုပ်တို့၏အဖွဲ့အစည်းများ၌ လုပ်ကိုင်နေသောသူများသည် ကုန်ကျစရိတ်သက်သာစေဖို့ရန် လေ့လာရမည်။ သို့မှသာလျှင် အဖွဲ့အစည်းသည် အကြွေးမှကင်းရှင်းလိမ့်မည်။ ဝယ်ခြမ်းသောနေရာ၌ လိမ္မာရေးခြားရှိရမည်။ ငွေကိုတတ်နိုင်သမျှ ချွေတာသုံးစွဲရမည်။ သတိထား၍စီမံခြင်းဖြင့် ကြေးငွေများစွာ သက်သာရာရလိမ့်မည်။

ကိုယ့်လက်၌ရှိသောကြေးငွေ၏အင်အားကိုကြည့်၍ အသုံးစရိတ်ထုတ်ရမည်။ ကျွန်ုပ်တို့၏အဖွဲ့အစည်းများ၌ လုပ်ကိုင်

နေကြသောအချို့သူများသည် ရှောင်ရှားနိုင်လျက်နှင့်အကြွေးတင်ကြသည်။ အဆောက်အအုံကိုလှပစေရန် မလိုအပ်သောသုံးဖြုန်းခြင်းကိုပြုကြသည်။ ငွေကိုအစာရမွှက်ခံခြင်းနှင့် စိတ်ဆွဲဆောင်ခြင်းအလိုသို့လိုက်၍ အသုံးပြုကြသည်။

## အမှုတော်ဆောင်တိုင်းသည်အကျိုးဖြစ်ထွန်းသောသူဖြစ်ရမည်

လူတိုင်းတို့သည် သုံးဖြုန်းသောသူများမဖြစ်ကြဘဲ ချွေတာသောသူများဖြစ်နိုင်ဖို့ရန် ကြိုးစား၍လုပ်ကိုင်ကြကုန်အံ့။ အကျိုးဖြစ်ထွန်းအောင်မပြုလုပ်ဘဲ စားသုံးသောသူတို့အား ကျွန်ုပ်တို့၏တာဝန်သည် အရာခပ်သိမ်း၌ ချွေတာသုံးစွဲခြင်းပင်ဖြစ်သည်ဟု ပြောဆိုလိုပါသည်။ ကျွန်ုပ်တို့၏အသုံးအစွဲဖွာခြင်းကို အားမပေးနိုင်ပါ။ မလိုအပ်သောအရာများကိုဝယ်ယူဖို့ရန် ကျွန်ုပ်တို့၏လက်ထဲမှငွေကို အထွက်မခံနိုင်ပါ။

ရာထူးအမြင့်ဆုံးမှအနိမ့်ဆုံးသော ဘုရားသခင်၏ အမှုတော်ဆောင်များသည် ချွေတာခြင်းကိုလေ့လာရမည်။ လူတိုင်းမိမိကိုယ်ကို "ငါသည် ကြေးငွေကို ငါ့စိတ်သဘောအတိုင်းမလိုဘဲ သုံးဖြုန်းခြင်းမပြု" ဟုပြောဆိုရမည်။ ဘုရားသခင်၏အမှုတော်ကို



ဆောင်ရွက်သောသူများသည် အကျိုးဖြစ်ထွန်းစေသောသူများဖြစ်၍ စားသုံးသောသူများလည်းဖြစ်ရမည်။ လုပ်ဆောင်ရမည့်အလုပ်၏ကြီးကျယ်ခြင်းကိုကြည့်ရှုပါ။ ခရစ်ယာန်မဆန်သောစိတ်၏တောင့်တခြင်းများပြည့်ဝစေဖို့ရန်အတွက် ငွေကိုမသုံးဖြုန်းပါနှင့်။ သင်ဝယ်ယူလိုသောပစ္စည်း၏တန်ဖိုးကို တွက်ချက်ပါ။

လူတိုင်းမိမိ၏ဝေစုနှင့် မိမိ၏နေရာ၌ရပ်တည်နေဖို့ရန် အကောင်းဆုံးအခွင့်အရေးဖြစ်သည်။ လူတိုင်းအကျိုးဖြစ်ထွန်းသောအရာကိုထုတ်လုပ်ကြစို့။ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်နေသောသူများသည် မစခြင်းအလိုရှိသောနေရာတိုင်းသို့သွားရောက်၍ မစခြင်းကိုပေးရမည်။ သူတို့၏ကုန်ကျစရိတ်ကိုလည်း နည်းနိုင်သမျှနည်းအောင်ကြိုးစားရမည်။ အကြောင်းမှာ ဘုရားသခင်၏အမှုတော်တိုးတက်ရေးအတွက် လိုအပ်လာသောအခါ ကြေးငွေတိုင်းကိုလိုအပ်လာလိမ့်မည်။

အတွင်း၊ အပြင်အလုပ်များ၌ ကူညီသောသူများကို ခန့်အပ်ခြင်းတွင် သေချာစွာစဉ်းစားဆင်ခြင်၍လုပ်ကိုင်ရမည်။ ကျွန်ုပ်တို့အဖွဲ့အစည်းမှမန်နေဂျာများသည် စေ့စပ်သေချာခြင်း၊ တတ်သိလိမ္မာခြင်းရှိရမည်။ လုံးဝမရှိလျှင် မဖြစ်သောအခြေအနေမှလွဲ၍ အလုပ်သမားအမြောက်အမြားကို ငှားရမ်းခြင်းမပြုရပေ။ ဤကိစ္စ၌ မှားယွင်းခြင်းခဏခဏဖြစ်တတ်သည်။

## လုပ်သားများသည်အသင်းတော်လုပ်ငန်းများ၏ အပိုင်းတစ်ပိုင်းဖြစ်ခြင်း

ကျွန်ုပ်တို့၏အဖွဲ့အစည်းများ၌ လုပ်ကိုင်နေကြသော သူများသည် လုပ်ငန်း၏အစုတစ်စုအနေဖြင့် လုပ်ကိုင်ကြရမည်။ "နေ့တိုင်းအချိန်ကန့်သတ်၍အလုပ်လုပ်ကိုင်ရမည်" ဟူသော အထင်အမြင်မျိုးမရှိအပ်ပေ။ ရုတ်တရက်ရှောင်တခင်ဖြစ်ပေါ်လာ၍ အထူးကူညီမစခြင်းလိုအပ်လာလျှင် သူတို့သည် စိတ်စေတနာအလျောက် ပျော်ရွှင်စွာလက်ခံလုပ်ကိုင်ရမည်။ သူတို့ဆောင်ရွက်လုပ်ကိုင်ပေးနေသော မိခင်အဖွဲ့အစည်းအတွက် အောင်မြင်ခြင်းဖြစ်ဖို့ရန် စိတ်ဝင်စားခြင်းရှိရမည်။ ဤနည်းဖြင့် အခြားသောသူတို့လည်း စိတ်ဝင်စား၍ စေတနာထက်သန်စွာ လုပ်ကိုင်ကြလိမ့်မည်။ "အကျိုးအပဲ့များကိုသိမ်းယူလော့၊ ဘာမျှ မပျောက်လွင့်စေနှင့်" ဟု သခင်ယေရှုမိန့်တော်မူသည်။ ကျွန်ုပ်တို့၏အဖွဲ့အစည်းများ၌ တစ်နည်းနည်းဖြင့် လုပ်ကိုင်နေသောသူများသည် ဤသွန်သင်ချက်ကိုသတိပြုကြစို့။ ဘုရားသခင်ချပေးတော်မူသောဝိညာဉ်နှင့်လောကပစ္စည်းများ၌ အလေအလွင့်မရှိစေရန် သတိပြုရမည်။ အတတ်ပညာရှင်တို့သည် ချွေတာခြင်းကိုသင်ကြားလေ့လာ၍ ကူညီမစသောသူတို့ကို



သင်ကြားပေးရမည်။ မိဘဖြစ်သူတို့သည် မိမိတို့၏သားသမီးတို့အား ငွေအနည်းငယ်ဖြင့် ကြာရှည်စွာသုံးစွဲနိုင်ခြင်းအတတ်ကို သင်ကြားပေးရမည်။ အများသောဆင်းရဲသားအိမ်ထောင်များသည် ဆင်းရဲကြသည်။ အကြောင်းမှာ သူတို့သည် ရရှိသောငွေကို ချက်ချင်းသုံးစွဲပစ်သောကြောင့်ဖြစ်သည်။

ကျန်းမာရေးဆေးရုံ၌ အစားအစာချက်ပြုတ်သောသူသည် ချွေတာခြင်းအလေ့အကျင့်ရှိဖို့ရန် သွန်သင်ပေးရမည်။ မည်သည့် အစာမျှအကျိုးမဲ့ကုန်ခန်းခြင်းမရှိရန် သတိထားရမည်။

## "အားထုတ်ခြင်းအရာမှာပျင်းရိခြင်းမရှိ"

"အားထုတ်ခြင်းအရာမှာ ပျင်းရိခြင်းမရှိဘဲလျက် စိတ်တန်းသဖြင့် ဘုရားသခင်၏အလိုတော်သို့လိုက်၍ အားထုတ်ကြလော့" ဟု ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ကိုပြောဆို၏။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ကျန်းမာရေးဆေးရုံများနှင့်ဆက်သွယ်နေသောသူများသည် သူတို့၏လုပ်ကိုင်နေသည့်အလုပ်ကို စိတ်ဝင်စား၍ စေတနာထက်သန်စွာဖြင့် လုပ်ကိုင်ရမည်။ ကူညီနေသောသူများသည် လျင်မြန်စွာလုပ်ကိုင်ဆောင်ရွက်ဖို့ရန် မသင်ကြားရသေးလျှင် ဤအလုပ်အကိုင်၌ အထူးသင်ကြားလေ့လာကြစို့။ (သို့မဟုတ်) သူတို့၏လခသည် သူတို့ဆောင်ရွက်

ပြီးစီးနိုင်သောအလုပ်၏အချိုးကျသာဖြစ်လိမ့်မည်။ နေ့စဉ်နေ့တိုင်း သူနာပြုများနှင့်ကူညီသောသူများသည် ပို၍အရည်အချင်းပြည့်စုံခြင်း၊ နေရာမရွေးလုပ်ကိုင်နိုင်ခြင်းနှင့် မစခြင်းပေးနိုင်သောသူများဖြစ်ရမည်။ ဘုရားသခင်၏လုပ်သားတစ်ယောက်အနေဖြင့် မြင့်မားသောအဆင့်အတန်းသို့ရောက်ရန် ကြိုးစားရပေမည်။ နဂိုအားဖြင့် နှေးကွေးသောသူသည် လျင်မြန်ခြင်းရှိဖို့ရန် အလေ့အကျင့်ပြုရမည်။ တစ်ချိန်တည်း၌ပင် သေချာခြင်းရှိရမည်။ သူတို့လုပ်ဆောင်ပေးသောကြောင့် အခကြေးငွေရရှိသောသူသည် အချိန်ပြည့်လုပ်ကိုင်ပေးရမည်။ သူတို့သည် အကျိုးဖြစ်ထွန်းအောင် လုပ်ကိုင်ပေးသောသူများဖြစ်၍ စားသုံးသောသူလည်းဖြစ်ရမည်။ ဤအချက်များ၌ သူတို့သည် ပညာရလာသောအခါ သူတို့ကိုပေးအပ်ထားသောအလုပ်တာဝန်၌ တိုးတက်ကောင်းမွန်အောင်ပြုလုပ်နိုင်သောသူများဖြစ်လာကြလိမ့်မည်။ သူတို့သည် နေရာမရွေးအလုပ်လုပ်ကိုင်ရန် အဆင်သင့်ဖြစ်ကြလိမ့်မည်။ Letter 87, 1901.

## ကျောင်းကိုအုပ်ချုပ်စီမံရာ၌ချွေတာခြင်း

အကြွေး၌နစ်မြုပ်မနေဘဲ အကြွေးကင်းရန် အရာရာတိုင်း၌ ချွေတာရေးကိုကျင့်သုံးကြရမည်။ သို့သော်လည်း ကျောင်းလခ၌



တိုးမြှင့်ပေးခြင်းရှိရမည်။ ကျွန်ုပ်သည် ဥရောပတိုက်၌ရှိနေစဉ် ဤအကြောင်းကိုသိရှိခဲ့ပါသည်။ ယင်းနောက် သင်တို့နှင့် ကျောင်းများသို့ဖော်ပြခဲ့ပါသည်။ အခက်အခဲမှာ "ကျွန်ုပ်တို့၏ ကျောင်းများသည် မည်ကဲ့သို့အကြွေးမှကင်းရှင်းနေရမည်နည်း" ဟူသောအခက်အခဲသည် သာ၍လိမ္မာရေးခြားသောတွက်ချက်ခြင်းများမပေါ်လာသမျှကာလပတ်လုံး ဆက်လက်ရှိနေလိမ့်မည်။ ကျောင်းသားများထံမှ သူတို့၏ပညာရေးအတွက် ကျောင်းလခပို၍တောင်းခံရန်နှင့် အချက်အပြုတ်ဆိုင်ရာဘက်၌ရှိသောသူတို့ကို ချွေတာဖို့ရန် ကြည့်ရှုစီမံခြင်းပင်ဖြစ်သည်။ လခပိုပေးလျှင် ပေးရပါစေ၊ အကောင်းဆုံးအနားလည်ဆုံးလူများကို ရအောင်ငှားပါ။ စည်းကမ်းကလနားသေသပ်ဖို့ရန် အရေးကြီးသည်။ ဤတင်ကူးစီမံခြင်းများကို ပြုလုပ်လိုက်လျှင် သင်၏ကျောင်း၌ အကြွေးပို၍မတင်လာနိုင်တော့ပေ။

## ကျောင်းသားများဝိုင်းဝန်းကူညီခြင်း

"ကျွန်ုပ်တို့ကျောင်း၌ ကျောင်းသားအရေအတွက်နည်းသွားမည်" ဟု အချို့ပြောဆိုကြလိမ့်မည်။ မှန်ကောင်းမှန်ပေမည်။ သို့သော်လည်း သင်တို့နှင့်အတူရှိသောသူတို့သည် သူတို့၏

အခြေအနေကိုနှစ်သက်ကြလိမ့်မည်။ သူတို့လုပ်ကိုင်နေသောရာထူးသို့ ကြိုးစားလုပ်ကိုင်ခြင်းအားဖြင့်သာရောက်ရှိကြသည်။ ဘုရားသခင်သည် ကျောင်းသားထုရှေ့၌ ဒံယေလကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးကို သူတို့၏အကြံဉာဏ်ပေးအနေဖြင့် ထားခဲ့ပါက ကိုယ်တော်ထံမှ ပညာနှင့်လိမ္မာရေးခြားခြင်းကိုရရှိကြမည်။ အားလုံးတို့သည် အလင်း၏သွားရာလမ်းကြောင်းဖြစ်လာကြမည်။ ဤကိစ္စကို ကျောင်းသားတို့၏ရှေ့၌တင်ပြပါ။ သူတို့အထဲမှ မိမိကိုယ်ကိုငြင်းပယ်၍ တင်နေသောအကြွေးကိုဆပ်ဖို့ရန် မည်သူသည် အနစ်နာခံမည်နည်းဟုမေးကြည့်ပါ။ ကျောင်းသားအချို့တို့၌သာလျှင် ဆန္ဒတောင်းခံဖို့ရန် လိုအပ်ပေလိမ့်မည်။

ကျောင်းကိုပိတ်လိုက်ရမည်ဆိုပါက ပိတ်လိုက်ပါ။ သုံးငွေသည် ဝင်ငွေထက် မည်သည့်အခါမျှ ပိုမသုံးစေဖို့ရန် ဘုရားသခင်သည် ကျွန်ုပ်တို့ကျောင်းများ၏မန်နေဂျာများကိုမစပါစေ။ ငွေရေးကြေးရေးနှင့်စပ်ဆိုင်၍ ကွပ်ကဲစီမံတတ်သောပညာရှင်များ ကျွန်ုပ်တို့၏ကျောင်းများ၌မရှိသေးပေ။ မလိုအပ်၍ အဖိုးတန်သောအကျင့်ဓလေ့များကိုပယ်ဖျက်၍ မလိုအပ်သောခံစားမှုများကို ဖြတ်တောက်ပစ်ရမည်။ ကျောင်းအားလုံးတို့အတွက် ဘုရားသခင်ချမှတ်ထားတော်မူသောကျင့်ဝတ္တရားများကို သမ္မာကျမ်းစာ၌



ဖော်ပြထားသည့်အတိုင်း စိတ်ခွန်အားကြိုးစွာဖြင့် ကျင့်သုံးခဲ့လျှင် အကြွေးသည် စုပုံ၍နေမည်မဟုတ်။ Letter 137, 1898.

## ကျောင်း၏ကြေးငွေကိုထိန်းသိမ်းခြင်း

ကျောင်းတစ်ကျောင်း၏ဥက္ကဋ္ဌသည် အဖွဲ့အစည်း၏ ငွေရေးကြေးရေးကို အထူးသဖြင့်သေချာစွာကြည့်ရှုရမည်။ သူသည် အခြေခံစာရင်းထားသိုနည်းကိုနားလည်ရမည်။ ကျောင်းအတွက် မိမိလက်မှပေးလိုက်သောငွေများကို သစ္စာရှိစွာစာရင်းပြုလုပ်ကိုင်ကြရမည်။ ကျောင်းနှင့်စပ်ဆိုင်သောငွေများကို ပိုလွန်အောင် ထုတ်ယူခြင်းမပြုရပေ။ ကျောင်း၏အသုံးဝင်ခြင်းကို တိုးတက်လာအောင် ကြိုးစားလုပ်ကိုင်ရမည်။ ကျွန်ုပ်တို့၏ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ကြေးငွေနှင့်စပ်ဆိုင်၍ တာဝန်ပေးခြင်းခံရသော သူတို့သည် ကြေးငွေများကိုသုံးစွဲရာ၌ ပေါ့ဆခြင်းမရှိရ။ ကျွန်ုပ်တို့ ကျောင်းများ၏ကြေးငွေနှင့်သက်ဆိုင်သောအရာတိုင်းတို့၌ လုံးဝမှန်ကန်ခြင်းရှိရမည်။ ဘုရားသခင်၏နည်းလမ်းသည် လူတို့၏ နည်းလမ်းနှင့်မတူသော်လည်း ဘုရားသခင်၏နည်းလမ်းကို လိုက်နာရမည်။

ကျောင်းသို့ဝင်လာသောငွေကို သင်သည် ကျောင်းအဖို့ အထူးအကျိုးမဖြစ်ထွန်းသောအရာအတွက် သုံးစွဲဖို့ရန် ဖြစ်ပေါ်

လာလျှင် သင်၏ကျင့်ဝတ်အဆင့်အတန်းသည် သေချာစွာ ကောင်း မကောင်းဝေဖန်ခြင်းခံဖို့ရန်လိုအပ်ပေမည်။ သင့်ကိုဝေဖန်ဖို့ရန် အချိန်ရောက်ချင်မှရောက်တော့မည်။ သင်၏စာရင်းကိုင်သည် မည်သူဖြစ်သနည်း။ သင်၏ဘဏ္ဍာစိုးသည် မည်သူနည်း။ သင်၏ မန်နေဂျာသည်မည်သူနည်း။ သူတို့သည်သေချာ၍ အရည်အချင်း နှင့်ပြည့်စုံသလား။ ဤအရာကိုကြည့်ပါ။ မည်ကဲ့သို့ဖြစ်လာသည် ကို မည်သူမျှနားမလည်ဘဲ ငွေကိုအလွဲသုံးစားပြုလုပ်ရန် လွယ်ကူ သည်။ အသုံးအစွဲမလိမ္မာသောကြောင့် ကျောင်းတစ်ကျောင်းသည် အစဉ်အရှုံးနှင့်တွေ့ဆုံနေရသည်။ အုပ်ထိန်းသောသူတို့သည် ဤအရှုံးကိုကောင်းစွာသိမြင်သော်လည်း တတ်နိုင်သမျှမပြုပြင်ကြ ပေ။ သူတို့သည် အဘယ်ကြောင့် ဤကဲ့သို့အကြွေးတင်ခံနေကြ သနည်း။ ကျောင်းကိုအုပ်ချုပ်သောသူသည် လစဉ်ကျောင်း၏ မှန်ကန်သောကြေးငွေစာရင်းအခြေအနေကိုရှာဖွေပါ။ MS 65, 1906.

## အကြွေးကိုနူနာရောဂါကဲ့သို့ရှောင်ကြဉ်ခြင်း

ကျောင်းနှင့်ပတ်သက်သောအရာတိုင်းတို့၌ ချွေတာခြင်း ကိုကျင့်သုံးရမည်။ ကျောင်းသို့လာကြသောသူတို့တွင် အများ



အားဖြင့် တန်ဆာဆင်ခြင်းမရှိသောအိမ်ထောင်စုများ၊ စားသောက် ခြင်း၌လည်း ဟင်းတစ်ခွက်ထက်ပို၍ မစားသောက်သောအိမ် များမှ လာရောက်ကြသောသူများဖြစ်ကြသည်။ သူတို့သည် ရိုးရိုးအစားအစာကို မွန်းလွဲအချိန်၌ အားရပါးရစားသောက် တတ်ကြသည်။ သို့ဖြစ်၍ လူတိုင်းညနေချိန်၌ ရိုးရိုးအစားအစာ ကိုသာ စားသောက်ရန်တော်သင့်၏။ ချွေတာခြင်းကိုဂရုစိုက်ရ ပေမည်။ (သို့မဟုတ်) အလွန်လေးလံသောအကြွေးတင်မည်ကို စိုးရိမ်ရသည့် နူနာရောဂါကိုရှောင်ရှားသကဲ့သို့ အကြွေးကို ရှောင်ရှားပါ။ Letter 60, 1896.

–၀–

## (၅၃) ကုန်ကျစရိတ်ကိုတွက်ချက်ရန် ပျက်ကွက်ခြင်း

လိမ္မာခြင်းမရှိဘဲ ပြုလုပ်တတ်သောလူများရှိကြသည်။ သူတို့သည် ကြီးကျယ်သောဟန်ဆောင်မှုကိုပြသရန် အလိုရှိကြသည်။ အပေါ်ယံပြသခြင်းသည် သူတို့၏ဩဇာတန်ခိုးကြီးထွားလာလိမ့်မည်ဟု ထင်မြင်ကြသည်။ သူတို့၏အလုပ်၌ သူတို့အစပြု၍ လုပ်ကိုင်ခဲ့သောအရာကို ပြီးစီးအောင်လုပ်ကိုင်နိုင်ခြင်းရှိမရှိကို ပထမဦးဆုံးထိုင်၍အဖိုးကိုတွက်ချက်ခြင်းမပြုခဲ့ပေ။ ဤနည်းဖြင့် သူတို့သည် သူတို့၏အားနည်းခြင်းကိုပြသည်။ လုပ်ကိုင်ခြင်း၌ သတိနှင့်ရှေ့နောက်အမြော်အမြင်ရှိဖို့ရန် လိုအပ်ကြောင်းပြသကြသည်။ သူတို့ကိုယ်ကိုစိတ်ချယုံကြည်ခြင်းဖြင့် သူတို့၌အမှားအယွင်းများစွာပြုလုပ်မိကြသည်။ သို့ဖြစ်၍ အချို့တို့သည် မည်သည့်အခါမျှ နာလန်မထူနိုင်သောဘေးဥပဒ်ကို ရရှိကြသည်။

မိမိတို့သည် ကျန်းမာရေးဆေးရုံများကိုဆောက်လုပ်၍ ပြုစုကြည့်ရှုနိုင်သည့် အရည်အချင်းနှင့်ပြည့်စုံသည်ဟု ယူဆကြသောလူများတို့၏ကိစ္စပင်ဖြစ်သည်။ သူတို့သည် ဆုံးရှုံးခြင်းနှင့်





ရင်ဆိုင်လာ၍ အကြွေးဖိစီးလာသောအခါ ဆေးဘက်ဆိုင်ရာအမှုတော်အစည်းအရုံးတွင် သူတို့၏မအောင်မြင်သောအဖွဲ့အစည်းကိုလက်ခံ၍ တာဝန်ယူရန် ပေးအပ်လေသည်။ အကြွေးတင်၍ ပစ္စည်းဖြုန်းတီးနေသောကျန်းမာရေးဆေးရုံများကိုလက်ခံယူရာ၌ ဆေးဘက်ဆိုင်ရာအမှုတော်အစည်းအရုံးကို ဒုက္ခပေးခဲ့သည်။ ဤကျန်းမာရေးဆေးရုံများကို ကြီးကြပ်အုပ်ချုပ်သောသူများသည် လမ်းမှားပေါ်၌လျှောက်နေသည်ဖြစ်၍ သတိရှိရန်စဉ်းစားပါ။ သူတို့အပေါ်၌ အရှုံးဟူသောစာတန်းကိုမရေးသားပါစေနှင့်။ ဤကဲ့သို့ရေးသားခြင်းသည် ကောင်းသောသူတို့၏ရဲရင့်ခြင်းကိုဖျက်ဆီးလိုက်ခြင်းဖြစ်သည်။

မိမိတို့ကိုယ်ကို ဘုရားသခင်အားပေးအပ်ထားပါက ကောင်းမွန်စွာပြုလုပ်နိုင်သောသူများ၊ စိတ်နှိမ့်ချလျက်လုပ်ကိုင်လိုသောလူများ၊ သူတို့၏အလုပ်အကိုင်ကို တဖြည်းဖြည်းချဲ့ထွင်၍ အကြွေးအတင်မခံလိုသောသူများသည် မှန်သောလမ်းအတိုင်းမလုပ်ကိုင်ကြသောကြောင့် ဆုံးရှုံးခြင်းနှင့်တွေ့ဆုံကြသည်။ ခက်ခဲခြင်းနှင့်တွေ့ဆုံပြီးနောက် ကြီးကြပ်အုပ်ချုပ်ဖို့ရန် အရည်အချင်းနှင့်မပြည့်စုံသောသူများဖြစ်၍ ရောင်းချလိုက်ရလေသည်။ သူတို့သည် ကြွေးငွေဖိစီးခြင်းမှသက်သာရန် ဆန္ဒရှိသော်လည်း နောက်တွေ့ရမည့်အကျိုးအပြစ်များကို မစဉ်းစားခဲ့ပေ။

ဤအခက်အခဲမျိုးနှင့်တွေ့ကြုံနေရသောသူများကို မစခြင်းပေးသောသူတို့သည် "ဘူးလေးရာဖရုံဆင့်" ဆိုသည့်အလား ကတိခံဝန်ချက်ကြိုးများဖြင့်ချည်နှောင်ထားရာ သူတို့သည် ငွေဝယ်ငွေပေါင်ကျွန်ဘဝသို့ရောက်နေကြသည်ဟု ထင်ကြသည့်လူတို့သည် အုပ်ချုပ်ခြင်းညံ့ဖျင်း၍ အထမမြောက်သောသူများဟုသာ နာမည်ပေါ်လာလျက်ရှိသည်။

ဤနည်းဖြင့် အကြွေးတင်လာသောသူတို့အား ကျွန်ုပ်တို့သည် သွန်သင်ခြင်းခံရ၍ ပြောဆိုလိုသည်မှာ သင်သည် မှန်ကန်သောလမ်းသို့လိုက်လျှောက်နေလျှင် စိတ်မပျက်ပါနှင့်၊ လက်မလျှော့ပါနှင့်၊ တွေ့ဆုံနေရသောအခက်အခဲမှသက်သာဖို့ရန် တတ်နိုင်သမျှလုပ်ကိုင်ဆောင်ရွက်ပါ။ အကျဉ်းအကျပ်တွေ့နေသောအဖွဲ့အစည်းကို အကြွေးဒဏ်ပိနေသောအသင်းအဖွဲ့ပေါ်၌ ပစ်၍တင်မထားပါနှင့်။ ကျန်းမာရေးဆေးရုံတိုင်း မိမိတာဝန်အတိုင်းရပ်တည်ရမည်။

ကျွန်ုပ်တို့၏ကျန်းမာရေးဆေးရုံများကို အုပ်ချုပ်သောသူတို့သည် ရှေ့နောက်မြော်မြင်၍ လုပ်ဆောင်ရမည်။ တိုးတက်ခြင်း၌ အနည်းငယ်လောက်သာရှိသောအချိန်ကို သူတို့တွေ့မြင်ရမည်။ သူတို့သည် ဉာဏ်ပညာ၊ နေရာတကျစီမံထားခြင်းနှင့်သင့်လျော်အောင် ပြုပြင်နိုင်ခြင်းရှိရမည်။ ရဲတိုက်ကိုတည်ဆောက်ခြင်းနှင့်



ပတ်သက်၍ သခင်ခရစ်တော်ပေးသောညွှန်ကြားချက်ကို သူတို့သည် လေ့လာ၍လေ့ကျင့်ကြပါ။ အလျင်အဦးတင်ကူးစဉ်းစားခြင်းသည် နောက်မှစဉ်းစားခြင်းထက်အဖိုးတန်သည်။ သတိပညာဖြင့်ချက်ချင်းနှင့်သေချာသောကြီးကြပ်အုပ်ချုပ်ခြင်းကို ဂရုမစိုက်ခဲ့လျှင် ရလဒ်သည် အရှုံးပင်ဖြစ်သည်။ ပေါ့ဆ၍ အုပ်ချုပ်စီမံတတ်ခြင်းမရှိသောမန်နေဂျာများကို အလုပ်မှဖယ်ရှားပစ်ရမည်။ စည်းကမ်းကလနားကောင်းသောသူတို့၏လုပ်အားကို ရယူရမည်။ ထိုသို့ပြုလုပ်မှသာ အလုပ်သည် ဖရိုဖရဲဖြစ်ခြင်းမှ ကင်းလွတ်လိမ့်မည်။

ကျွန်ုပ်တို့၏အဖွဲ့အစည်းများ၌ လုပ်ကိုင်နေကြသောသူများသည် ဘုရားသခင်ရှေ့တော်၌ နှိမ့်ချခြင်းရှိကြပါစေ။ သူတို့၏အကြံအစည်၌ လိမ္မာ၍ စေ့စပ်သေချာခြင်းရှိဖို့ရန် ဘုရားသခင်အထံတော်မှမစခြင်းကို တောင်းခံကြစေ။ ဤသို့ပြုမှသာ အဖွဲ့အစည်းများသည် ခိုင်ခံ့သောအမြစ်တွယ်ခြင်းရှိ၍ ဘုရားသခင်၏တန်ခိုးတော်၌ အသီးကိုသီးလိမ့်မည်။ လူအပေါ်၌အမှီမပြုနှင့်။ သခင်ယေရှုကိုကြည့်ပါ။ ဆုတောင်းခြင်းကိုအမြဲပြု၍ ကျေးဇူးတော်ကိုချီးမွမ်းလျက်စောင့်နေလော့။ သင်သည် ခရစ်တော်နှင့်နီးကပ်စွာဆက်သွယ်ခြင်းရှိဖို့ရန် ဆောင်ရွက်ပါ။ Letter 199, 1901.

## အဆောက်အအုံများလွန်း၍အကြွေးတင်ခြင်း

ညီအစ်ကို၊ လိမ္မာရေးခြားရှိသောသူသည် အကြွေးနှင့်ကင်းရှင်းသည်။ သင်သည် ပညာရှိတစ်ယောက်ဖြစ်၍ ဤကဲ့သို့သတိပေးခြင်းမျိုးကိုမလိုပေ။ အကြွေးသည် ထမ်းပိုးဖြစ်သည်။ ချည်နှောင်ထား၍ နာကျင်သောထမ်းပိုးဖြစ်သည်။ အနီးအနားၵ္ဓ ရှိသောနေရာကိုဝယ်ယူရန်မသင့်ပေ။ ကျန်းမာခြင်းဆေးရုံကိုဆောက်လုပ်၍ ပစ္စည်းကိရိယာတပ်ဆင်ဖို့ရန် သင့်ကိုအတင်းအကျပ်ပြုလုပ်လျက်ရှိသည်။ အဆောက်အအုံကို ငယ်ငယ်ဆောက်လုပ်လျှင် သာ၍သင့်လျော်ပေသည်။ အဆောက်အအုံများနောက်ထပ်မဆောက်လျှင် ပို၍ကောင်းမည်ဟု ကျွန်ုပ်ထင်မြင်သည်။ နောင်အချိန်၌ အခန်းများလို၍ ငွေပိုရှိလာခဲ့လျှင် ရှိရင်းအဆောက်အအုံ၌ တိုးချဲ့ဆောက်လုပ်နိုင်သည်။ သေးငယ်သောအဆောက်အအုံကို ကိရိယာတန်ဆာများတပ်ဆင်ရန် ကုန်ကျစရိတ်အနည်းအကျဉ်းသာရှိလိမ့်မည်။ Lette 158, 1902.

## တွက်ချက်ခြင်းမှားယွင်းသောကြောင့်ပိတ်မိနေခြင်း

ကျွန်ုပ်တို့သည် ဘုရားသခင်၏အကြံပေးခြင်း၌လိုက်လျှောက်ခဲ့လျှင် ကျန်းမာရေးဆေးရုံအတွက် သင့်လျော်



သောအဖိုးနှုန်းထားဖြင့်ဝယ်ယူရရှိရန် အခွင့်အရေးများရှိသည်။ ထိုနေရာပေါ်၌ အသုံးပြုနိုင်သောအဆောက်အအုံများရှိ၍ လှပသောသစ်ပင်များဖြင့် တန်ဆာဆင်ထားလျက်ရှိပါသည်။ ဤကဲ့သို့နေရာမျိုးမြောက်မြားစွာ ကျွန်ုပ်အားပြသခဲ့ပြီ။ ဤနေရာများ၏တန်ဖိုး၌ သက်သာခြင်းရှိသည်ဖြစ်၍ သေချာစွာစဉ်းစားဆင်ခြင်ရန်ကျွန်ုပ်အားသွန်သင်ခဲ့ပြီ။

တစ်ခါတစ်ရံပြုပြင်ထားခြင်းမရှိ၊ မြေကွက်လပ်ပေါ်၌ အဆောက်အအုံလည်းမရှိသောနေရာကို ရွေးချယ်ဖို့ရန်လိုအပ်ပေသည်။ ဤကဲ့သို့သောနေရာမျိုးကိုရွေးချယ်သောအခါ ပြုပြင်ရာ၌ အကုန်အကျများမည့်နေရာကို မရွေးချယ်မိရန်သတိထားရမည်။ ဗဟုသုတလည်းမရှိ၊ တွက်ချက်ရာ၌လည်းမှားယွင်းသောကြောင့် အကြွေးများပတ်ချာလည်ဝိုင်းနေလိမ့်မည်။ အကြောင်းမှာ အဆောက်အအုံများနှင့်တိုးတက်ကောင်းမွန်အောင်ပြုပြင်ရခြင်းစရိတ်သည် ခန့်မှန်းထားသည်ထက် နှစ်ဆ၊ သုံးဆကုန်ကျသောကြောင့်ဖြစ်သည်။ MS 114, 1902.

## ရမည့်ငွေကိုမျှော်မှန်း၍ရေတွက်ခြင်း

ဥက္ကဌနှင့်မန်နေဂျာတို့သည် အတူတကွလက်တွဲ၍လုပ်ကိုင်ကြရမည်။ အလုပ်မန်နေဂျာသည် ဝင်ငွေထက်ထွက်ငွေမများ

စေရန် ကြည့်ရှုရမည်။ ဘဲတဲလ်ခရိ၌ အကြွေးတင်၍ အကျဉ်းအကျပ်တွေ့ကြုံနေသကဲ့သို့ ဤနေရာ၌လည်းမတွေ့ကြုံဖို့ရန်နှင့်မည်သည့်အရာကိုအားကိုးအားထားပြုလုပ်နိုင်ကြောင်းကို အလုပ်မန်နေဂျာသည်သိရမည်။ ထိုနေရာ၌ ဖြစ်ပျက်ခဲ့သောအခြေအနေမျိုးမရှိသင့်ပေ။ ဘုရားသခင်၏ကြည့်ရှုခြင်းအောက်၌မရှိသောလူများကြောင့်ဖြစ်ရသည်။ လူများသည် ဘုရားသခင်၏ကြည့်ရှုခြင်းအောက်၌ရှိသောအခါ အမှုတော်သည် ညီညွတ်ခြင်းရှိခဲ့လေသည်။ သို့သော်လည်း ဘုရားသခင်အုပ်ထိန်းခြင်းမရှိ၊ စိတ်သဘောပြင်းထန်သောသူတို့ကို အမှုတော်၌တာဝန်ကြီးသောနေရာ၌ ခန့်ထားကြသောအခါ အမှုတော်၌ဘေးသင့်ခဲ့လေသည်။ သူတို့၏ပြင်းထန်သောသဘောသည် ရလိမ့်မည်ဟု မျှော်လင့်ဆဲရှိသောငွေကို သုံးစွဲလိုက်လေသည်။ MS 106, 1899.

## ကျယ်ပြန့်သောအကြံပေးခြင်းမရှိဘဲအချိန်မရောက်မီ လုပ်ကိုင်သောလုပ်ငန်းများ

ကျန်းမာရေးဆေးရုံကိုအစပြု၍ အစစအရာရာအဆင်ပြေအောင်လုပ်ကိုင်ဖို့ရန် အထူးအရည်အချင်းလိုသည်။ ထိုသို့သောကျန်းမာရေးဆေးရုံသည် တစ်သီးပုဂ္ဂလပိုင်ဖြစ်ကောင်းဖြစ်ပေမည်။ ထိုစွန့်စားခြင်းမျိုးကိုအစပြု၍မလုပ်ကိုင်မီ ကျွန်ုပ်တို့၏နောင်တော်



များသည် ပညာရှိသောအကြံဉာဏ်ကိုတောင်းခံရမည်။ လုပ်ကိုင်ရမည်။ သို့သော် မှန်ကန်သောလမ်းအတိုင်းလုပ်ကိုင်ရမည်။ စိတ်ပျက်ခြင်းနှင့်တွေ့ကြုံရသောစွန့်စားခြင်းများကို လုပ်ကိုင်ခဲ့ကြသလား။ ထိုသို့စွန့်စားခြင်းအလုပ်ကို ဦးစီး၍ လုပ်ကိုင်ခဲ့သောသူသည် ကိုယ်တိုင်အရှုံးနှင့်တွေ့သောအခါ သမ္မာတရားပေါ်၌အထင်သေးခဲ့ခြင်းကို အဖတ်ဆယ်ဖို့ရန် အလွန်ခဲယဉ်းစေမည်။

ကျန်းမာရေးဆေးရုံကိုအစပြုဖို့ရန် မျှော်မှန်းထားသောသူတို့သည် အနီးအဝေးနယ်များ၌ အမှုတော်ထမ်းဆောင်နေကြသောညီအစ်ကိုတို့ထံမှ အကြံဉာဏ်တောင်းခံသင့်ပေသည်။ မြို့ကြီးများ၌ ကျွန်ုပ်တို့၏ဆေးဘက်ဆိုင်ရာလုပ်ငန်းတွင် ဘုရားသခင်မှလွဲ၍ ကျွန်ုပ်တို့ကိုဦးစီးနေသောအခြားပုဂ္ဂိုလ်မရှိကြောင်းထင်မြင်စေရမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ရှေ့ဆောင်နှင့်အကာအကွယ်ဖြစ်တော်မူသည်။

ကျွန်ုပ်သည် သွန်သင်ခြင်းခံရသည်အတိုင်း နေရာတိုင်း၌ရှိကြသောညီအစ်ကိုတို့အား ပြောဆိုလိုသည်မှာ လိုအပ်သောအမှုတော်နယ်များ၌ အစပြုခဲ့သောလုပ်ငန်းများကို လုပ်ငန်းသစ်များမစမီ စဉ်းစားရမည်။ ထိုသို့မဟုတ်ပါက လေးလံသောအကြွေးသည် ကျွန်ုပ်တို့၏လူများအပေါ်သို့ကျရောက်လာလိမ့်မည်။ Letter 5, 1905.

–o–

## (၁၄) ယုံကြည်ခြင်းဖြင့်ရှေ့သို့ချီတက်ခြင်း

ရည်မှန်းထားသောအလုပ်ကို ပြီးစီးအောင်လုပ်ကိုင်ဖို့ရန် လက်ထဲ၌ ရင်းနှီးစရာကြေးငွေမရှိသောကြောင့် ရှေ့သို့ဆောင်ရွက်ဖို့ရန် မလိုသေးဟုယူဆခြင်းသည် အမြော်အမြင်ရှိသောအကြံအစည်မဟုတ်ပေ။ ကိုယ်တော်၏အမှုတော်ကိုဆောက်တည်ရာ၌ ဘုရားသခင်သည် မိမိ၏ကျွန်များရှေ့၌ အရာခပ်သိမ်းကို ရှင်းရှင်းလင်းလင်းဖော်ပြခြင်းပြုတော်မမူပေ။ တစ်ခါတစ်ရံ ကိုယ်တော်သည် သူတို့၏အားကိုးသောစိတ်ကို စုံစမ်းခြင်း၌ ယုံကြည်ခြင်းဖြင့် ရှေ့သို့ချီတက်စေသည်။ ကိုယ်တော်သည် သူတို့ကို ခဲယဉ်းခက်ခဲကျဉ်းကျပ်သောနေရာသို့ခေါ်ဆောင်လာ၍ သူတို့၏ခြေသည် ပင်လယ်နီရေများနှင့်ထိနေစဉ် ရှေ့သို့ချီတက်ရန်ခိုင်းတော်မူသည်။ ဤအချိန်အခါမျိုး၌ ကိုယ်တော်ကျွန်များတို့၏ဆုတောင်းခြင်းများသည် ကိုယ်တော်ထံသို့ စိတ်အားထက်သန်သောယုံကြည်ခြင်းဖြင့်တက်ရောက်သွားသောအခါ သူတို့ရှေ့၌ ကိုယ်တော်သည် လမ်းကိုဖွင့်ပေး၍ ကျယ်ပြန့်သောနေရာသို့ ခေါ်ဆောင်လာတော်မူသည်။

ယခင်အချိန်က ဣသရေလလူမျိုးတို့သည် အဲဂုတ္တုပြည်မှ ခါနာန်ပြည်သို့ခရီးသွားကြစဉ် ကြီးကျယ်သောအရာများကို





ပြုလုပ်ပေးတော်မူသကဲ့သို့ ယခုအချိန်၌ရှိကြသော ကိုယ်တော်၏သားသမီးတို့အားလည်း ဤကဲ့သို့ပြုလုပ်ပေးတော်မူမည်ကို ယုံကြည်စေလိုကြသည်။ ကျွန်ုပ်တို့၌ လက်တွေ့ပြသပြီးသော ယုံကြည်ခြင်းမျိုးရှိ၍ အလွန်ခက်ခဲသော ဗဟုသုတနှင့်တွေ့ဆုံသောအခါ ကိုယ်တော်၏သွန်သင်ညွှန်ပြသည်အတိုင်း လိုက်နာဖို့ရန် နှောင့်နှေးခြင်းမရှိရပေ။ “ရှေ့သို့ချီတက်လော့” ဟူသောအမိန့်သည် ဘုရားသခင်က မိမိလူတို့အားပေးသောအမိန့်ဖြစ်သည်။

ဘုရားသခင်၏အကြံအစည်များပြည့်စုံဖို့ရန် ယုံကြည်ခြင်းနှင့်စိတ်ပါသောနားထောင်ခြင်းလိုသည်။ ဩဇာသက်ရောက်ခြင်းရှိမည့်နေရာများ၌ အမှုတော်တည်ဆောက်ဖို့ရန် ကိုယ်တော်သည် ညွှန်ပြသောအခါ လူတို့သည် ယုံကြည်ခြင်းဖြင့်လျှောက်၍ လုပ်ကိုင်ကြရမည်။ သူတို့၏မွန်မြတ်သောစကားပြောခြင်း၊ နှိမ့်ချခြင်း၊ သူတို့၏ဆုတောင်းခြင်းများနှင့်စိတ်ထက်သန်သောကြိုးစားခြင်းများဖြင့် ဘုရားသခင်သည် သူတို့အထဲတွင် တည်ထောင်ထားသည့် ကောင်းသောဘုရားသခင်၏အလုပ်ကို သူတို့သည် အလေးအမြတ်ပြုရန် ကြိုးစား၍ပြသရမည်။ လိုမာလင်းဒါးကျန်းမာရေးဆေးရုံသည် ကျွန်ုပ်တို့အသင်းတော်ကိုယ်ပိုင်ပစ္စည်းဖြစ်ဖို့ရန် ဘုရားသခင်၏အကြံအစည်ပင်ဖြစ်သည်။

အခက်အခဲတွေ့ခြင်းများနှင့်ရင်ဆိုင်နေသောအချိန်၌ ဘုရားသခင်သည် ဤကျန်းမာရေးဆေးရုံကို မိမိအသင်းတော်လက်သို့ လုပ်တော်မူသည်။

ကိုယ်ပိုင်အကျိုးခံစားခွင့်ရရှိရန် အမြတ်အစွန်းရှာဖွေခြင်းသည် သီးခြားအလုပ်ဖြစ်၏။ ဤကိစ္စမျိုး၌ လူတို့သည် မိမိတို့၏ဆုံးဖြတ်ချက်အတိုင်း လုပ်ကိုင်ကြသည်။ သို့သော်လည်း မြေကြီးပေါ်၌ ဘုရားသခင်၏အမှုဆောင်ရွက်ခြင်းသည် သီးခြားအလုပ်တစ်ခုဖြစ်သည်။ ကိုယ်တော်၏အမှုတော်တိုးတက်ဆောက်တည်ဖို့ရန် အလုပ်၌တစ်စုံတစ်ခုသောပစ္စည်းကိုဝယ်ယူရန် ကိုယ်တော်သည် သတ်မှတ်လိုက်သောအခါ ထိုသို့သတ်မှတ်လိုက်သောပစ္စည်းသည် ကျန်းမာရေးဆေးရုံအဖို့ဖြစ်စေ၊ (သို့မဟုတ်) ကျောင်းဖွင့်ဖို့ရန်ဖြစ်စေ၊ (သို့မဟုတ်) အခြားအလုပ်များအတွက်ဖြစ်စေ ဗဟုသုတရှိသောသူတို့သည် သူတို့၏ယုံကြည်ခြင်းကိုပြ၍ ကိုယ်တော်၏အကြံအစည်များကိုစားပြီးလျှင် ကိုယ်တော်ညွှန်ပြသောအကျိုးကျေးဇူးများကို လျင်မြန်စွာရယူရန် စီစဉ်ပါက ကိုယ်တော်သည် ထိုအလုပ်အကိုင်၌ လွယ်ကူအောင်ဆောင်ရွက်ပေးတော်မူမည်။ ကျွန်ုပ်တို့သည် မည်သူတစ်ဦးတစ်ယောက်ထံမှ ပစ္စည်းများကို အတင်းအကျပ်မယူလိုသော်လည်း အကျိုးကျေးဇူးများရှိခဲ့လျှင် ထိုသို့သောအကျိုးကျေးဇူးကိုကြည့်ရှု၍



နိုးကြားခြင်းဖြင့် အမှုတော်ဆောက်တည်ဖို့ရန် အစီအစဉ်များကိုလုပ်ရမည်။ ဤကိစ္စကိုလုပ်ကိုင်၍ပြီးစီးသောအခါ ဤအဆောက်အအုံသစ်များကိုထောက်ပံ့ခြင်းပေးဖို့ရန် ဘုရားသခင်၏လူများထံမှ စေတနာအလျောက်ပေးကမ်းသောအလှူငွေကို ကြိုးစားကောက်ခံရမည်။ 9T 271, 272.

## တစ်ဖက်စွန်းထွက်လွန်းခြင်း၏အန္တရာယ်

ကျွန်ုပ်တို့သိမြင်သည်အတိုင်း ဘုရားသခင်၏ဆန္ဒအရ လုပ်ကိုင်ဆောင်ရွက်ပြီးစီးရမည့်အလုပ်အတွက် ကြေးငွေချေးယူခြင်းသည် မှန်ကန်၏။ ကျွန်ုပ်တို့သည် မသက်သာသောအခြေအနေတွင် စောင့်နေရခြင်းဖြင့် အမှုတော်ပို၍ခက်ခဲခြင်းမဖြစ်ပါစေနှင့်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ငွေမချေးယူလိုသောကြောင့်ဖြစ်သည်။ နောင်တစ်ချိန်ရောက်လာသည်တိုင်အောင်စောင့်နေမည့်အစား ထိုအရာကိုလုပ်ကိုင်ဖို့ရန် အကြွေးတင်ခံမိသောကြောင့် မှားယွင်းခြင်းများရှိခဲ့ပါသည်။ သို့သော်လည်း အခြားတစ်ဖက်စွန်းသို့လွန်သွားခြင်း၌လည်း ဘေးအန္တရာယ်ရှိသည်။ ကျွန်ုပ်တို့၏ကျန်းမာရေးကို အန္တရာယ်ဖြစ်စေ၍ အလုပ်ပင်ပန်းခြင်းဖြစ်စေမည့်နေရာ၌ မနေထိုင်ဖို့ရန် ရှောင်ကြဉ်ရမည်။

ကျွန်ုပ်တို့သည် လိမ္မာစွာပြုလုပ်ရမည်။ ကျွန်ုပ်တို့သည် ငွေကို ချေးယူ၍ အဖိုးပေးရသော်လည်း လုပ်ကိုင်ပြီးစီးဖို့ရန် လိုအပ်သောအလုပ်ကို ကျွန်ုပ်တို့လုပ်ကိုင်ရမည်။ Letter 111, 1903.

## နှစ်ပက်စွန်းအမှားမရှိရန်စောင့်ရှောက်ခြင်း

ကျွန်ုပ်တို့ရင်ဆိုင်ရသည့်အခက်အခဲမှာ ကျွန်ုပ်တို့၏ဝင်ငွေသည် မည်သည့်နေရာမှရမည်ကိုမသိဘဲ နှစ်သက်ဖွယ်ရာဖြစ်သောတန်ဖိုးနှင့်နေရာထိုင်ခင်းများကိုရယူရမလား။ ညီအစ်ကိုများဖြစ်ကြသော–––အပြင်၊ အခြားသောသူများသည် အကြွေးတိုးတက်လာသည်ကိုကန့်ကွက်ကြသည်။ ကန့်ကွက်ခြင်းလည်းမရှိ၊ မြေကိုဝယ်ယူရန် ဘုရားသခင်ကိုယ်တိုင် ကျွန်ုပ်တို့၏စိတ်နှလုံးကိုညွှန်ကြားခဲ့သည်ဖြစ်၍ မည်သည့်နည်းနှင့်မဆိုမဝယ်ယူပါနှင့်ဟု ကျွန်ုပ်မပြောလိုပါ။ သို့သော်လည်း လက်ငင်းသုံးငွေနှင့် "မည်သည့်ပစ္စည်းဖြစ်သနည်း" ဟူသောမေးခွန်းသည် ဘုရားသခင်၏စီမံခြင်း၌ရှိသည်ဖြစ်၍ မကြာမီအချိန်အတွင်း ကျွန်ုပ်တို့ပေးနိုင်မည့်နှစ်ဖက်စွန်းအမှားများမရှိရန် သတိရှိရမည်။ Letter 167, 1902.



## တိုးတက်နေသည့်အရှိန်အဟုန်ကိုတားဆီးခြင်း

အကြွေးကျေခြင်းမရှိလျှင် "ကျန်းမာရေးဆေးရုံတစ်ရုံကိုမဆောက်တည်သင့်" ဟူသောယူဆချက်သည် တိုးတက်နေသည့်အရှိန်အဟုန်ကို တားဆီးလိုက်သည်နှင့်တူ၏။ ဝတ်ပြုကိုးကွယ်ကျောင်းများကိုဆောက်လုပ်ရာ၌ ကျွန်ုပ်တို့သည် ငွေကိုချေးယူရသည်။ သို့ပြုလုပ်ရခြင်းမှာ အဆောက်အအုံကိုချက်ချင်းပြီးစီးစေလိုသောကြောင့်ဖြစ်သည်။ ဘုရားသခင်၏ညွှန်ကြားခြင်းကိုပြည့်စုံစေဖို့ရန် ကျွန်ုပ်တို့သည် ဤကဲ့သို့လုပ်ကိုင်ရပါသည်။ ဘုရားသခင်၏အမှုတော်၌ တိုးတက်ခြင်းရှိဖို့ရန် စိတ်ဝင်စားသောသူတို့သည် ကျောင်းများနှင့် ကျန်းမာရေးဆေးရုံများတည်ထောင်၍ တရားဇရပ်များဆောက်ဖို့ရန် ငွေကိုချေးယူ၍ ငင်းငွေအပေါ်၌ အတိုးကိုဆပ်ပေးကြသည်။ ဤနည်းဖြင့်တည်ထောင်လိုက်သောအဖွဲ့အစည်းများ၊ ဆောက်လုပ်လိုက်သောအသင်းတော်များသည် အများသောသူတို့ကို သမ္မာတရားသို့ဆွဲဆောင်နိုင်ဖို့ရန် အကြောင်းဖြစ်ခဲ့သည်။ ဤနည်းဖြင့် ဆယ်ဖို့တစ်ဖို့၌တိုးတက်လာ၍ အမှုတော်ဆောင်များကိုလည်း ဘုရားသခင်၏အမှုတော်ထဲသို့ရောက်စေနိုင်ခဲ့ပါသည်။ Letter 211, 1904.

## ယုံကြည်ခြင်းနည်း၍ဆုံးရှုံးခြင်း

ဘုရားသခင်သည် အဆင့်အတန်းကိုမြင့်မားသည်ထက်မြင့်မားအောင် ချီပင့်တော်မူမည်။ ကယ်တင်ရှင်ကိုငြင်းပယ်ခြင်းမပြုဘဲ အသင်းတော်သည် မိမိ၏အလုပ်ကိုအကျဉ်းမချုပ်နိုင်ပေ။ ဝတ်ပြုကိုးကွယ်ကျောင်းများကို နေရာမြောက်များစွာတို့၌ဆောက်လုပ်ရမည်။ ကယ်တင်ရှင်သည် မိမိ၏လူများနှင့်တွေ့ဆုံဖို့ရန် ကျွန်ုပ်တို့၏မြို့ကြီးများတို့၌ ဝတ်ပြုကိုးကွယ်ရာနေရာများကိုမဆောက်လုပ်ဘဲနေခြင်းသည် ချွေတာခြင်းဖြစ်သလား။ ကယ်တင်ရှင်ကိုလက်ခံဖို့ရန် သင့်လျော်သောဝတ်ပြုကိုးကွယ်ကျောင်းများဆောက်လုပ်ပေးခြင်းသည် "စရိတ်အကုန်အကျများလွန်းသည်" ဟူသော အထင်အမြင်မျိုးကို ကျွန်ုပ်တို့မပေးနိုင်ကြပေ။

အဆောက်အအုံများကိုဆောက်လုပ်ဖို့ရန် အကြံအစည်ပြုလုပ်ရာ၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဉာဏ်ပညာကိုလိုအပ်သည်။ ကျွန်ုပ်တို့၌အကျိုးအကြောင်းမရှိဘဲ အကြွေးတင်ဖို့ရန်အကြောင်းမရှိ။ သို့သော်လည်း အဆောက်အအုံတစ်ခုကိုဆောက်လုပ်ရာ၌ မဆောက်လုပ်မီ ယင်းအဆောက်အအုံအတွက်ကုန်ကျမည့်ငွေကို လက်ဝယ်တွင်ရှိဖို့ရန်မလိုပေ။ ကျွန်ုပ်တို့သည်



ရှေ့သို့ယုံကြည်ခြင်းဖြင့် ရံဖန်ရံခါချီတက်ကြရမည်။ သို့ချီတက်ရာတွင် လျင်မြန်နိုင်သလောက်လျင်မြန်ခြင်းရှိရမည်။ ယုံကြည်ခြင်းနည်းပါးသောကြောင့် ဘုရားသခင်၏ကတိတော်များပြည့်စုံခြင်းသို့မရောက်ရှိခဲ့ပေ။ ကျွန်ုပ်တို့သည် လုပ်ဆောင်၍ ဆုတောင်းရမည်။ ယုံကြည်ရမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၌ကိုးစား၍ရှေ့သို့စိတ်ထက်သန်စွာ မှန်မှန်ချီတက်လျက် "ကျွန်ုပ်တို့သည်ဆုံးရှုံးခြင်းမခံ စိတ်ပျက်ခြင်းမရှိ" ဟုပြောဆိုကြရမည်။ R & H, Sept. 7, 1905.

–o–

# (၁၅) ဘုရားသခင်အထံတော်မှ အကြံပေးစကားများ

များမကြာမီ ညဥ့်အချိန်မြင်ခြင်းတွင် ကျွန်ုပ်သည် အတိုင်ပင်စည်းဝေး၌ရှိနေပါသည်။ ဤစည်းဝေးများ၌ ပြောဆိုသောစကားများသည် လူသဘောထားများဖြစ်၍ မြင့်မြတ်တော်မူသောဘုရားသခင်၏သဘောတော်မရှိပေ။---၌ လုပ်ကိုင်နေသောဆေးဘက်ဆိုင်ရာအလုပ်ကို စဉ်းစားကြသည်။ အကြံအစည်များကိုပေးကြရာ၌ ပြုပြင်ခြင်းမရှိပါက ကျရောက်တွေ့ဆုံနေရသောအခြေအနေကို ပြောင်းလဲပေးနိုင်မည်မဟုတ်။ ကမ္ဘာ့ဌာနချုပ်ကြီးအား ဒေါ်လာပေါင်းနှစ်သောင်းကောက်ခံပေးဖို့ရန် ကတိတောင်းဆိုကြသည်။ (သို့မဟုတ်)---နေရာ၌ ကျန်းမာရေးဆေးရုံကိုဆောက်ဖို့ရန် တာဝန်ယူခိုင်းပါသည်။ ဤသို့ ကမ္ဘာ့ဌာနချုပ်အသင်းကြီးအား ငွေရေးကိစ္စတွင် တာဝန်ယူခိုင်းခြင်းကို ဆရာကြီး---ကသဘောမတူသဖြင့် အချို့လူများက ၎င်းအားပြစ်တင်ရှုတ်ချကြသည်။ သို့သော်လည်း ယခုအခြေအနေအရ ဤတာဝန်ကို ကမ္ဘာ့ဌာနချုပ်အပေါ်၌မထားရန် ဘုရားသခင်သည် သူ့အားဖြင့် တားမြစ်နေသည်ကို သူယုံကြည်သည်။ ကျွန်ုပ်သည်





ဆရာကြီး---အား ဤကိစ္စနှင့်ပတ်သက်၍ သူ၏ပိုင်းခြားသိမြင်ချက်ကို ချီးမွမ်းပါသည်။

တိုင်ပင်စည်းဝေးပွဲသို့ပြန်ဝင်ပါသည်။ တစ်ဖန် ကျွန်ုပ်တို့၏အချိန်ကြာမြင့်စွာတိုင်ပင်ဖက်ဖြစ်ခဲ့သောသူသည် စည်းဝေး၌ရှိပါသည်။ သူသည် ဘုရားသခင်အထံတော်မှ အမှာစကားကို ပြောကြားရာ၌ သင်တို့သည် ကမ္ဘာ့ဌာနချုပ်အပေါ်သို့ အကြွေးမြီကိုတင်သောကြောင့် ဘုရားသခင်သည် တန်ခိုးတော်ထင်ရှားခြင်းမရှိပေ။ အထူးအဖြစ်အပျက်အားဖြင့် ကိုယ်တော်၏လူမျိုးများကြာမြင့်စွာ ပခုံး၌တပ်ဆင်ထားသောအကြွေးထမ်းပိုးကို ကိုယ်တော်သည် ဖြုတ်ချလိုက်ပြီ။ ကွန်ဖရင့်အသင်းတော်သည် ယခင်နေသောလမ်းကို တစ်ဖန်ပြန်၍မလျှောက်လိုက်ရ။

တိုက်တစ်တိုက်ဆောက်လုပ်ခြင်းနှင့်စပ်ဆိုင်၍ ခရစ်တော်သွန်သင်သောသင်ခန်းစာကို အချို့တို့သည် ခံယူခြင်းမရှိကြသေးပေ။ သင်တို့တွင် တစ်ယောက်သောသူသည် တိုက်ကိုတည်မည်ဟုအကြံရှိလျှင် ထိုတိုက်ပြီးအောင် ငွေလောက်မည်မလောက်မည်ကိုသိခြင်းငှာ ရှေးဦးစွာထိုင်၍ ကုန်ကျစရိတ်ကို မချိန်တွက်ဘဲနေမည်လော၊ (သို့မဟုတ်) တိုက်မြစ်ကိုတည်၍

တိုက်ကိုမပြီးနိုင်လျှင် တွေ့မြင်သောသူအပေါင်းတို့က ဤသူသည် တည်စပြု၍ အဆုံးမသတ်နိုင်ဟု ကဲ့ရဲ့ကြလိမ့်မည်။ ဤသတိပေးခြင်းကို ဂရုမစိုက်ဘဲနေကြသည်။

တာဝန်ရှိသောသူတို့သည် အချိန်မကျသေးမီ အသစ်သောအဖွဲ့အစည်းတစ်ခုကို ဤမျှလောက်လျင်မြန်စွာတည်ထောင်လိုသောအခါ သူတို့၏လုပ်ကိုင်ခြင်းသည် ဘုရားသခင်၏အမှုတော်တိုးတက်ခြင်းအတွက် ဆန့်ကျင်ဘက်ဖြစ်ရုံမျှမက လူတို့၏ဉာဏ်ပညာအားဖြင့် လျင်မြန်စွာတိုးတက်အောင် ကြိုးစားနေသောသူတို့၏လုပ်ရပ်နှင့်လည်း ဆန့်ကျင်ဘက်ဖြစ်သည်။ ကိုယ်တော်ရှေ့ဆောင်နေသည်ထက်သာ၍ လျင်မြန်စွာပြီးစီးဖို့ရန် ကြံစည်အားထုတ်နေသောသူတို့သည် ဘုရားသခင်၏တန်ခိုးတော်ထင်ရှားဖို့ရန် မပြုလုပ်ကြပေ။ ရှုပ်ထွေးခြင်း၊ စိတ်ကျဉ်းကျပ်ခြင်းနှင့် စိတ်ပူဆွေးခြင်းများသည် ရလဒ်ဖြစ်သည်။ လွန်လေပြီးသောအချိန်က ထိုကဲ့သို့သောလုပ်ရပ်များသည် ကိုယ်တော်၏တန်ခိုးတော်ကို ထင်ရှားခြင်းမဖြစ်စေသောကြောင့် ဘုရားသခင်သည် မိမိ၏ကိုယ်စားလှယ်များ ဤအမှားများကို ထပ်လောင်းပြုလုပ်ဖို့ရန် အလိုမရှိ။ MS 144, 1902.



## အတိတ်ကာလကအမှားများကိုပြန်၍မလုပ်ကြပါနှင့်

အချို့သောသူ၏စိတ်နှလုံး၌ စိတ်နောက်သကဲ့သို့သဘောမျိုးဝင်ရောက်လာခဲ့ရာ နောင်အချိန်၌ ကြေးငွေတစ်ပြားတစ်ချပ်မျှမရသည့်အလုပ်မျိုးကို ကြေးငွေအကုန်အကျခံ၍ လုပ်ကိုင်တတ်ကြသည်။ ဤငွေကို ဘုရားသခင်ပုံစံထားသည့်အတိုင်းအသုံးပြုခဲ့လျှင် အမှုတော်ဆောင်များတိုးတက်လာ၍ ဘုရားသခင်မကြွလာမီအချိန်တွင် အမှုတော်သည် ပြီးစီးခြင်းသို့ရောက်နိုင်မည်။ ကိုယ်တော်၏အမှုတော်ကို လူတိုင်း၏စီမံကိန်းများဖြင့်ချည်နှောင်ထားခြင်းမရှိရဟု ဘုရားသခင်သတိပေးခြင်းသည် ကြေးငွေများကို အလွဲသုံးစားခြင်းကပြသည်။ လုပ်ကိုင်ရာ၌လည်း ကိုယ်တော်၏အမှုတော်ကိုခိုင်ခံ့စေသောနည်းလမ်းဖြင့် ပြီးစီးနိုင်အောင်လုပ်ကိုင်ရမည်။

မှားယွင်းသောအကြံအစည်များအတိုင်း လုပ်ကိုင်ခြင်းဖြင့် အမှုတော်၌ အကြွေးများတင်ခဲ့သည်။ ဤကဲ့သို့ထပ်လောင်းမဖြစ်ပါစေနှင့်။ အမှုတော်ကိုဦးဆောင်နေသောသူများသည် သတိပညာဖြင့်လုပ်ဆောင်၍ ဘုရားသခင်၏အမှုတော်ကို အကြွေး၌မနစ်မွန်းပါစေနှင့်။ အသေအချာမသိဘဲ အားလုံးအဆင်ပြေသွားလိမ့်မည်ဟူသောအထင်ဖြင့် သတိမထားဂရုမစိုက်၊

တွေးတောခြင်းမရှိဘဲ မည်သူမျှလုပ်ဆောင်ခြင်းမပြုပါစေနှင့်။ 7T 283, 284.

## အကြွေးများကိုဆပ်ပါ

ကျွန်ုပ်တို့သည် အတိတ်ကာလကဆုံးရှုံးခြင်းများမှ သင်ခန်းစာယူရန် ဘုရားသခင်စီမံထားတော်မူသည်။ ကိုယ်တော်၏အဖွဲ့အစည်းများ၌ အကြွေးများတင်နေခြင်းသည် ကိုယ်တော်အဖို့ နှစ်သက်စရာဖြစ်တော်မမူပေ။ ကျွန်ုပ်တို့သည် အလွန်ကြီး၍ အဖိုးထိုက်တန်သောအဆောက်အအုံများကိုတည်ဆောက်မည့်အစား အလုပ်အကိုင်၌ အဖိုးတန်သောအကျင့်ကိုပြသဖို့ရန် အချိန်ရောက်ရှိလာခဲ့ပြီ။

ကျွန်ုပ်တို့သည် အတိတ်ကာလကဆုံးရှုံးခြင်းများကို ထပ်မံမပြုရ။ အကြွေးထဲ၌ နစ်မွန်းနေခြင်းကို ရှောင်ကြဉ်ရမည်။ ကျွန်ုပ်တို့၏အဖွဲ့အစည်းများ၌ရှိနေသောအကြွေးများကို ရှင်းလင်းပစ်ရမည်။ ဤကိစ္စ၌ ကျွန်ုပ်တို့၏အသင်းတော်များသည် ကူညီခြင်းပေးလိုပါက ဝိုင်းဝန်းကူညီနိုင်သည်။ အသင်းသားအချို့တို့တွင် ဘုရားသခင်သည် ကြေးငွေဖြင့်ကြွယ်ဝစေသောကြောင့် သူတို့သည် ဘုရားသခင်၏အမှုတော်၌ ရင်းနှီးနိုင်သည်။ ထိုသို့



ရင်းနှီးရာ၌ အတိုးမယူဘဲ အနည်းအကျဉ်းသာအတိုးယူနိုင်သည့်အပြင် သူတို့၏စေတနာအလျောက် ပေးကမ်းသောအလှူငွေဖြင့် ဘုရားသခင်၏အမှုတော်ကိုထောက်ပံ့နိုင်သည်။ သင့်အား ဘုရားသခင်ချေးငှားထားသောကုန်ပစ္စည်းများမှတစ်စိတ်တစ်ဒေသကို ကိုယ်တော်အား ဝမ်းမြောက်စွာပြန်၍ပေးလှူရန် ကိုယ်တော်တောင်းဆိုတော်မူသည်။ သင်တို့သည် ဤနည်းဖြင့် ကိုယ်တော်၏ပစ္စည်းထိန်းများဖြစ်ကြသည်။ R & H, Aug. 13, 1908.

## စိတ်နှလုံးပြောင်းလဲပြုပြင်ချိန်တွင်ကြေးငွေများဝင်လာလိမ့်မည်

ဘုရားသခင်ကိုရှာဖွေ၍ အပြစ်ကိုဖော်ပြသောအခါ လိုအပ်နေသောပြောင်းလဲပြင်ဆင်ခြင်းအခြေအနေသို့ရောက်ရှိ၍ ယခင်ကမပေးဘဲထားသောအလှူငွေကို ပြန်၍ပေးကမ်းရာ၌ တစ်လုံးတစ်ဝတည်းသောစိတ်ထက်သန်ခြင်းနှင့် စိတ်ပါခြင်းသဘောကို ပြသကြလိမ့်မည်။ ဘုရားသခင်သည် အပြစ်ချမ်းသာပေးတတ်သော မိမိ၏ချစ်ခြင်းမေတ္တာသဘောကို ဖော်ပြလိမ့်မည်။ ကြေးငွေများလည်းဝင်လာ၍ ကျွန်ုပ်တို့၏အဖွဲ့အစည်းများ၏အကြွေးများကိုပေးဆပ်နိုင်လိမ့်မည်။ 8T 89.

–၀–